မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက် တင်မြှောက်ခြင်းခံရသည့် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ တယ်လီဖုန်းသုံးစွဲမှု သိပ်သည်းဆမြင့်မားပြီး စီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရေးဆွေးနွေး

နေပြည်တော်   စက်တင်ဘာ   ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် Telenor Group ၏ Chairman of Board of Director ဖြစ်သူ Mr. Svein Aaser ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ တယ်လီဖုန်းသုံးစွဲမှု သိပ်သည်းဆမြင့်မားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးကိစ္စရပ်များ၊ ပြည်တွင်းဆက်သွယ်ရေးဆိုင်ရာ ပညာရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် Telenor Group မှ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း Telenor Group ၏ Chairman of Board of Director ဖြစ်သူ Mr. Svein Aaser အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နေပြီ

ရန်ကုန်   စက်တင်ဘာ   ၂၆

နိုဗယ်ငြိမ်းချမ်းရေးဆုရှင် အမေရိကန်သမ္မတဟောင်း မစ္စတာ ဂျင်မီကာတာ၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဖင်လန်နိုင်ငံသမ္မတဟောင်း Mr.Martti Ahtisaari နှင့် နော်ဝေဝန်ကြီးချုပ်ဟောင်း Dr.Gro Harlem Brundtland တို့ပါဝင်သော The Elders အဖွဲ့သည် စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာ နိုင်ငံသို့ လာရောက် လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရအဖွဲ့ အကြီးအကဲနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံအတွင်း ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေး သဘောတူညီချက်များကို ထောက်ခံကြောင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတိုးမြှင့်လုပ်ဆောင်ရန် မြန်မာအဖွဲ့အစည်းအသီးသီးကို တိုက်တွန်းခဲ့ကြောင်းဖြင့် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand ဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်လိုက်သည်။

The Elders မှ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ခဲ့သော The Elders အဖွဲ့သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး ဆောင်ရွက်နေမှုများအပေါ် လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို အကောင်အထည်ဖော်နေသော ခေါင်းဆောင်များကို ပိုမိုကောင်းမွန်သော တိုးတက်မှုများဖြစ်ပေါ်လာစေရန် တိုက်တွန်းပါကြောင်း၊ ပြည်တွင်း ပြည်ပမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရန် ကြိုးပမ်းလုပ်ဆောင်ချက်များကို ကြိုဆိုပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်သမ္မတကြီး အပါအဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ယနေ့ မာတိကာ

ဖုန်းမှတ်တမ်းများ ထောက်လှမ်းခြင်း အသုံးသတ်ရန် ဥပဒေတင်   စာ - ၄

ကျိုင်းတုံ-ချင်းမိုင် ချစ်ကြည်ရင်းနှီးမှု ဆွေးနွေးပွဲ ကျင်းပ   စာ - ၁၂

မက်ဒရစ်ဒါဘီမှ ရီးရဲမက်ဒရစ်တို့ ရလဒ်ကောင်းနိုင်ပါ့မလား   စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လျှပ်စစ်ပစ္စည်းများနှင့် မီးဘေးအန္တရာယ်

မြို့ပြများ၏ မီးလောင်ရခြင်း အကြောင်းအရင်းများကို ဆန်းစစ်ကြည့်လျှင် အများစုမှာကား လျှပ်စစ်ပစ္စည်းများကြောင့် ဖြစ်ရသည်ကို တွေ့ရပေသည်။ လျှပ်စစ်ဝိုင်ယာရှော့ကြောင့် မီးလောင်ရသည်ဆိုခြင်းထက် လျှပ်စစ်ပစ္စည်းများ အသုံးပြုမှု ပေါ့ဆခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားလာသည်ကို ကြားသိနေရသည်။

ယခုအခါ မြို့ပြများတွင် လျှပ်စစ်ကို မီးထွန်းရန်အပြင် အိမ်တွင်းလျှပ်စစ်ပစ္စည်းများကိုပါ ယခင်ကထက် ပိုမိုသုံးစွဲလျက်ရှိကြသည်။ ယခင်က အိမ်တစ်အိမ်တွင် တီဗွီတစ်လုံးသာ အနည်းဆုံးအသုံးပြုနေကြရာမှ ယခုအခါ ဗီဒီယိုပြစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ မီးပူနှင့် ပန်ကာ အစရှိသဖြင့် မိသားစုစီးပွားရေး အဆင်ပြေမှုပေါ်မှာမူတည်၍ အသုံးပြုမှုများလည်း များပြားလာသည်။ထိုအတောအတွင်း MP3,MP4 ၊လက်(ပ်)တော့နှင့် အိုင်ဖုန်း၊ အိုင်ပက်၊ ဟန်းဆက်အမျိုးမျိုးတို့အတွက်လည်း လျှပ်စစ်ပလပ်ပေါက်များကို အသုံးပြုနေကြရသည်။ ဤသို့ လူထုအတွင်း အသုံးပြုမှု များလာခြင်းမှာ ဖွံ့ဖြိုးတိုးတက်လာမှု၏ ပြယုဂ်ဟု ဆိုနိုင်သော်လည်း သတိပြု၍ အသုံးပြုနိုင်ခြင်းမရှိချေက လွန်စွာ အန္တရာယ်များလှသည်။

မကြာသေးမီက လက်(ပ်)တော့အသုံးပြုသူတစ်ဦး ညလုံးပေါက်အသုံးပြုပြီး အိမ်ပျော်သွားစဉ် လက်(ပ်)တော့မှာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားကာ လူပါအသက်ဆုံးရှုံးရသည်ကို ကြားသိလိုက်ရသည်။ ဤအချက်သည် လျှပ်စစ်ပစ္စည်း အသုံးပြုသူများအတွက် သတိပြု သင်ခန်းစာရယူစရာပင်ဖြစ်သည်။

လူငယ်လူရွယ်ထုအတွင်း လျှပ်စစ်ပစ္စည်းများ အသုံးပြုလာနိုင်ခြင်းသည် တိုးတက်မှု၏ ပြယုဂ်ဖြစ်သည်ကား အမှန်ပင်ဖြစ်သည်။ သို့သော် စနစ်တကျရှိဖို့တော့လိုသည်။ နည်းမှန်လမ်းမှန် အသုံးပြုပါက လျှပ်စစ်သည် လူသားတို့အတွက် မိတ်ဆွေဖြစ်သော်လည်း ပေါ့ပေါ့ဆဆသုံးစွဲလျှင် အချိန်မရွေး လူကိုအန္တရာယ်ဖြစ်စေနိုင်သည်။ ကြီးမားသော မီးဘေးအန္တရာယ်လည်း ဖြစ်နိုင်သည်။

''သင့်ကြောင့် မီးမလောင်ပါစေနှင့်'' ဟူသော မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်ကြီးများကို တွေ့ဖူးမြင်ဖူးကြပေလိမ့်မည်။ မည်သို့သော အကြောင်းတစ်စုံတစ်ရာကြောင့်မျှ မီးလောင်ခြင်းကား မဖြစ်သင့်။ မြွေပွေးတို့သည် ငယ်သည်ဟူ၍ ပမာမခန့်မပြုသင့်သကဲ့သို့ မီးကိုလည်း ပေါ့ပေါ့ဆဆမလုပ်အပ်ပေ။ သေးငယ်သော မီးပွားလေးတစ်ပွင့်သည် မီးတောက်ကြီးဖြစ်ကာ အန္တရာယ်ပြုနိုင်သည်။ လုပသော လျှပ်စစ်ပစ္စည်းလေးများသည် သတိပြု အသုံးမပြုနိုင်လျှင် မီးဘေးအန္တရာယ်အထိ ဖြစ်လာနိုင်သည်။ ထို့ကြောင့် ''လျှပ်စစ်သုံးလျှင် သတိယှဉ် မီးတွင်မပေါ့နှင့်''ဆိုသလို လျှပ်စစ်ပစ္စည်း သုံးစွဲနေကြသူများအနေဖြင့် အသိသတိနှင့်ယှဉ်ကာ စနစ်တကျ အသုံးပြုသင့်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာ၊ငွေကြေးနှင့်ဈေးကွက်ပံ့ပိုးပေးမည်

နေပြည်တော် စက်တင်ဘာ ၂၆

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့၌ ကျင်းပရာ မြို့နယ် ၂၅ မြို့နယ်မှ သမဝါယမအသင်း ၁၇၄၅ သင်း၊ အသင်းသား ၁၂၄၃၄၀ ဦးအတွက် ထုတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၃၇၀၅ နှင့် တန်ဖိုးငွေကျပ် ၅၃၈ ဒသမ ၈ သိန်းတန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာ အမျိုးအစား ၁၀ မျိုးကို ထုတ်ချေးပေးအပ်ပြီး သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း(**ယာပုံ**)က အမှာစကားပြောကြားရာတွင် အသေးစားချေးငွေလုပ်ငန်းကို ကျေးလက်နေပြည်သူများနှင့်မြို့ပြနေပြည်သူများ ငွေကြေးအရင်းအနှီးအတွက် အတိုးကြီးချေးယူရသောဘဝမှ လွတ်မြောက်စေရန်နှင့် နောင်လေးငါးနှစ်အကြာတွင် မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာ ရပ်တည်ဆောင်ရွက်နိုင်စေရန် ဟူသော ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်ရွယ်ချက်နှစ်ရပ် အောင်မြင်စေရန်အတွက်လည်း စိတ်တူကိုယ်တူများ ပါဝင်သော ဝိုင်းကြီးချုပ်အဖွဲ့များအနေဖြင့် တာဝန် (၃)ရပ်ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နောင်တွင် အသေးစားချေးငွေလုပ်ငန်းများသည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဘဏ်များသဖွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားချေးငွေလုပ်ငန်းတစ်ခုတည်းဖြင့် မလုံလောက်သောကြောင့် အသင်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမနည်းစနစ်များအတိုင်း နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်တို့ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာများတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးနှင့် ဆည်မြောင်း၊ ကန်ငယ်များ တူးဖော်ရာတွင်လည်း နည်းပညာ၊ ငွေကြေးအကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အသင်းများအနေနှင့် အရစ်ကျပေးချေစနစ်အတိုင်း ပြန်လည် ပေးဆပ်သွားရန်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းများအားလုံး အောင်မြင်စေရေးအတွက် ချေးငွေရယူကြသည့် အသင်းသားပြည်သူများ၊ အသေးစားချေးငွေလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသော မိမိတို့ဝန်ထမ်းများနှင့် သမဝါယမအသင်းများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် NGO အဖွဲ့အစည်းများစသည့် အစုအဖွဲ့သုံးခုက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးသွားကြပါရန် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အသေးစား ငွေစုငွေချေးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် အမှန်တကယ်ထိရောက် အကျိုးရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ချေးငွေရယူကြသည့် ပြည်သူများ၊ တာဝန်ယူ ဆောင်ရွက်ပေးကြသော သမဝါယမဝန်ကြီးဌာနနှင့် သမဝါယမအသင်းများ၊ ဝိုင်းဝန်းထိန်းကျောင်းရန် တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် အစိုးရဝန်ကြီးဌာန အသီးသီးမှဝန်ထမ်းများ စသည့်အစုအဖွဲ့သုံးခုက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အသေးစားချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူနှင့်လူမှုအဖွဲ့အစည်းများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန်လို

နေပြည်တော် စက်တင်ဘာ ၂၆

ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် UNDP/UNCDF တို့ ပူးပေါင်းကျင်းပသည့် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူ့အခြေပြု ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အရေးပါသောအချက်တစ်ခုမှာ ကောင်းမွန်လည်ပတ်နေသော အဖွဲ့အစည်းများ၊ စနစ်များ၊ လုပ်ငန်းလုပ်ကိုင်မှုပုံစံများကို ဒေသန္တရအဆင့်တွင် တည်ဆောက်ရန်ဖြစ်ကြောင်း၊ ဒေသအတွင်း အဖွဲ့အစည်းများက ပါဝင်ပတ်သက်လုပ်ကိုင်နေကြသည့် Stakeholders များအားလုံးနှင့် သဟဇာတဖြစ်ပြီး စွမ်းဆောင်ရည်ရှိ၍ ထိရောက်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသည့် ဒေသဆိုင်ရာအစိုးရများ ဖြစ်လာစေရေးအတွက် ထောက်ပံ့ကူညီရမည်ဖြစ်ကြောင်း၊ ပြည်သူနှင့်လူမှုအဖွဲ့အစည်းများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာရေးနှင့် နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးသည် အရေးကြီးကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် အစိုးရကိုတာဝန်ယူရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် UNDP မှ Local Governance and Development Expert Dr. Anki Dellnas နှင့် တာဝန်ရှိသူတို့က UNDP အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် UNDP/UNCDF တို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် စက်တင်ဘာလအတွက် သက်ကြီးရွယ်အို ပင်စင်များကို ငွေစက်ပျက်နေသဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ တောင်တွင်းကြီးမှ တာဝန်ရှိသူက စက်တင်ဘာလ ပင်စင်များကို မထုတ်ပေးနိုင်ကြောင်း၊ အောက်တိုဘာလပင်စင်များနှင့် ပေါင်းထုတ်ရန် စက်တင်ဘာ ၂၃ ရက်တွင် ပင်စင်လာရောက်ထုတ်ယူသူ သက်ကြီးရွယ်အို ၂၀၀ ကျော်ကို ဘဏ်တာဝန်ရှိသူကပြောကြားခဲ့ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူသူ ပင်စင်စားနှစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဝန်ထမ်းဟောင်းကြီးများ၏ဘဝ နားလည်စာနာပေးစေချင်

ထင်သာမြင်သာပြုပြင်စရာ

"အဘတို့ ဒီကနေ့ မြန်မာ့စီးပွားရေးဘဏ်ကို ယခုလအတွက်ပင်စင်လာထုတ်တာမရခဲ့ဘူး။ဘဏ်က စက်ပျက်လို့ အောက်တိုဘာမှ ပေါင်းယူဖို့ ပြောလို့ပြန်လာခဲ့တယ်။ ဒီကို ပင်စင်လာထုတ်တဲ့ သက်ကြီးရွယ်အိုတွေက နေရာဒေသ အသီးသီးမှာနေတဲ့ ပုဂ္ဂိုလ်တွေပါ။ ခရီးစရိတ်အကုန်ခံပြီး လာရတာ လူ ၂၀၀ ကျော် ၃၀၀ နီးပါးရှိတယ်။ တစ်ဦးမကျန် ပြန်ခဲ့ရတယ်။ ဒါမျိုးတွေက ဒီအချိန်မှာ မဖြစ်သင့်တော့ပါဘူး။ ပုဂ္ဂလိကဘဏ်တွေမှာ စက်ပျက်ရင် အရန်စက်ရှိတယ်။ ငွေထုတ်လည်းမကြာဘူး။ ထုတ်သွင်း ၁၀ မိနစ်လောက်ပဲကြာတယ်။ ဒီမှာက တစ်နေကုန်ပဲပြောပါတော့။ ဦးတို့ သိတာက နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာရယ်၊ ပင်စင်လစာရယ်က သူ့သတ်မှတ်တဲ့ရက်တွေမှာ ထုတ်ကိုပေးရပါတယ်။ သက်ကြီးရွယ်အို ပင်စင်စားတွေအပေါ် နားလည်စာနာမှုရှိသင့်ပါတယ်။ ပင်စင်ထုတ်ရင် မြို့ပေါ်ကလာတာတောင် ခရီးစရိတ် ငွေကျပ် ၅၀၀၊ ၇၀၀ ကုန်တယ်။ ရပ်ဝေး ကျေးလက်တောရွာက လာတဲ့သူတွေကြတော့ ငွေကျပ် ၂၀၀၀၊ ၃၀၀၀ လောက်ကုန်တယ်။ ရာခိုင်နှုန်းပြည့်က ကျန်းမာရေးချို့တဲ့သူတွေပါ။ ဒါကြောင့် ဝန်ထမ်းဟောင်းကြီးများဘဝ နားလည်စာနာပေးပါရန် နန်းမြို့တော် လက်ဖက်ရည်ဆိုင်၌ ပင်စင်စား အသက် ၉၀ကျော်၊ အသက် ၈၀ ခန့်ရှိ အဘိုးအိုနှစ်ဦးက လက်ဖက်ရည်သောက်ရင်း မြို့နယ်သတင်းထောက်သို့ ပြန်လည်ဖောက်သည်ချခဲ့သည်။

ဟသာ(တောင်တွင်းကြီး)

လျှပ်စစ်မီးများ ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မြစ်ကြီးနားမြို့ သီတာရပ်ကွက် သခင်နက်ဖေလမ်းမကြီးတစ်လျှောက် ပျက်စီးနေသော လမ်းဓာတ်မီးတိုင်များ၊ ဟောင်းနွမ်းနေသော လိုင်းကြိုးများကို မြို့နယ်လျှပ်စစ်ဌာနနှင့် ဘူးဂါးကုမ္ပဏီတို့ ပူးပေါင်း၍ အသစ်လဲလှယ်ပေးနေသည်ကို စက်တင်ဘာလဆန်းက ဤသို့တွေ့ရသည်။ လဘန်အောင် (ကချင်မြေ)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပြည်တွင်းသတင်း

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Patrick အား လက်ခံတွေ့ဆုံစဉ်။

(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ဆက်သွယ်ရေးဥပဒေကြမ်းနှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းများကို စိစစ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမှာစကားပြောကြားပြီး**(အောက်ပုံ)** ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူး ဦးစောလှထွန်း၊ ကော်မတီဝင် ၂၃ ဦးနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ထွေးတို့က ဥပဒေကြမ်းတစ်ခုချင်းစီအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အင်္ဂလာသမ္မတနိုင်ငံတို့သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အင်ဂိုလာသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အင်ဂိုလာအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂိုလာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၄ နိုင်ငံမြောက် သံတမန်ဆက်ဆံရေး ထူထောင်သည့်နိုင်ငံဖြစ်သည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

မြန်မာ့နိုင်ငံရေးဖြစ်စဉ်နှင့် ပတ်သက်၍ အမေရိကန်သမ္မတဟောင်း မစ္စတာဂျင်မီကာတာက မိမိတို့အဖွဲ့အနေဖြင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်သူများအားလုံးထံမှ အသံကို နားထောင်ရင်း ၎င်းတို့အားလုံးကို ထောက်ခံအားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲရေးအရွေ့နှုန်းသည် အားရကျေနပ်စရာကောင်းကြောင်း၊ မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းနှင့် ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသား မရှိတော့အောင် ဆောင်ရွက်ရန် သမ္မတကြီး၏ကတိစကားကို ယုံကြည်ပါကြောင်း၊ အမျိုးသမီးများအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးတွင် ဦးဆောင်ပါဝင်လာသည်ကို အရေးတယူ သတိပြုမိပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များတွင် ကိုယ်စားပြုပါဝင်နိုင်မည့် အမျိုးသမီးများ နည်းပါးနေသေးကြောင်း၊ ရှင်သန်တက်ကြွနေသော ဒီမိုကရေစီလူ့ဘောင်တွင် အမျိုးသမီးများ၏ ကဏ္ဍပေါင်းစုံတန်းတူညီမျှအခွင့်အရေးနှင့် ပါဝင်မှုမရှိလျှင် ဆက်လက်အောင်မြင်မှာ မဟုတ်ကြောင်း၊ ပြည်တွင်းတိုင်းရင်းသားပဋိပက္ခများကို ဖြေရှင်းနိုင်မည့် အားလုံးပါဝင်ဆွေးနွေးနိုင်မည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကိုလည်း မိမိတို့အဖွဲ့အနေဖြင့် တိုက်တွန်းအားပေးပါကြောင်း ပြောကြားသွားသည်။

နယ်စပ်ဒေသတွင် ဖြစ်ပွားနေသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့် ပတ်သက်၍ ဖင်လန်သမ္မတဟောင်း Martti Ahtisaari က ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် နှစ်ဖက်မျှတသော စိတ်နေစိတ်ထားများရှိရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဘာသာရေး ခေါင်းဆောင်များအနေဖြင့် မေတ္တာနှင့်သည်းခံခြင်းတရားတို့ကို ရှေ့ထားလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ အစွန်းရောက်များ၏ အရိုးစွဲနေသော မုန်းတီးမှုများကို ဖျောက်ဖျက်ရန် ကာလအတန်ကြာနိုင်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုးကွယ်ယုံကြည်မှုခြားနားသော ဒေသခံများအားလုံးအတွက် အခြေခံအခွင့်အရေးများ ဖြစ်သော စားနပ်ရိက္ခာ၊ ပညာရေး၊ လုံခြုံရေးများဖြည့်ဆည်းပေးရန် လိုအပ်ကြောင်းနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အဓိပ္ပာယ်ရှိရှိ အကောင်အထည်ဖော်သင့်ကြောင်းဖြင့်လည်း နော်ဝေဝန်ကြီးချုပ်ဟောင်း Dr. Gro Harlem Brundtland က ပြောကြားခဲ့သည်။

The Elders အဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် နယ်လဆင်မန်ဒဲလားမှ စုစည်းကာ လွတ်လပ်သော ခေါင်းဆောင်များအဖွဲ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများအတွက် ၎င်းတို့ အားလုံး၏ အတွေ့အကြုံများနှင့် ဩဇာလွှမ်းမိုးမှုတို့ကို အသုံးပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ကြောင်း သိရှိရသည်။

စံကားဝါ

ယနေ့မိုးလေဝသ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

အစာအဆိပ်သင့် စင်ကာပူကောလိပ်ကျောင်းသားများ ဆေးရုံဆင်းနိုင်သည်အထိ ပြန်လည်ကျန်းမာ

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၅ ရက်က ရန်ကုန်မြို့တွင် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သော စင်ကာပူနိုင်ငံ Ngee Ann Polytechnic မှ ကျောင်းသားကျောင်းသူ ၂၁ ဦးနှင့် ဆရာမတစ်ဦးသည် ယခုအခါတွင် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဆေးရုံမှဆင်းနိုင်ပြီဖြစ်ကြောင်း ၎င်းတို့၏အုပ်ချုပ်သူအဖြစ် လိုက်ပါလာသော ကထိက ဒေါက်တာဟန်ထွန်းအောင်က ပြောကြားသည်။

စင်ကာပူကောလိပ်ကျောင်းသားကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူ ဆရာဆရာမ သုံးဦးတို့သည် စင်ကာပူအစိုးရ၏ စီစဉ်ထောက်ပံ့မှုဖြင့် Youth Development Program (လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်) ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းတို့သည် ရန်ကုန်မြို့ Orchid Hotel တွင် တည်းခိုကြကာ စက်တင်ဘာ ၂၄ ရက်တွင် နေ့လယ်စာနှင့် ညနေစာတို့ကို ၃၆ လမ်းရှိ ကြေးအိုးဆိုင်တစ်ဆိုင်နှင့် ရွှေမြို့တော်တို့တွင် စားသောက်ခဲ့ကြပြီး ၂၅ ရက် နံနက် ၄ နာရီတွင် ပျို့အန်၊ ဝမ်းသွား၊ ဗိုက်နာမှုများ ဖြစ်ပေါ်ခဲ့ကြကြောင်း ဒေါက်တာဟန်ထွန်းအောင်က ပြောကြားသည်။

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူခုနစ်ဦး ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ ရောက်ရှိလာပြီး ယင်းနေ့ ည ၁၀ နာရီ ၅၀ မိနစ်တွင် ကျောင်းသားသုံးဦး၊ ကျောင်းသူကိုးဦးနှင့် အုပ်ချုပ်သူဆရာမတစ်ဦးတို့ ထပ်မံရောက်ရှိလာကြောင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ ထုတ်ပြန်ချက်အရ သိရသည်။

"၂၅ ရက် နံနက် ၉ နာရီတွင် အစာအဆိပ်သင့်တဲ့ ကျောင်းသားတွေကို SSC ဆေးရုံကိုပို့တယ်။ အဲ့ဒီဆေးရုံရဲ့ အရေးပေါ်ခန်းက ခုတင်တွေအကုန်လုံးမှာ လူနာတွေပြည့်နေတော့ အဲ့ဒီဆေးရုံမှာပဲ အရေးပေါ်စစ်ဆေးမှုတွေပြုလုပ်ပြီး ရန်ကုန်ဆေးရုံသစ်ကြီးကို ပို့လိုက်ပါတယ်။ အစာမကျေဘူးလို့ထင်ရတဲ့ ကျန်ကလေးတွေကိုပါ ပို့ပြီးစိတ်ချရအောင် ဆေးရုံကိုထပ်မံပို့ဆောင်ပြီး စစ်ဆေးမှုတွေပြုလုပ်စေခဲ့ပါတယ်။ သူတို့ရဲ့ မိဘတစ်ဦးချင်းထံကိုလည်း ကျွန်တော်ဖုန်းဆက်တယ်။ သူတို့ကလည်း အခြေအနေအသေးစိတ်ကို သိနေပါတယ်"ဟု ဒေါက်တာဟန်ထွန်းအောင်က ဆိုသည်။

လက်ရှိ အခြေအနေတွင် စင်ကာပူလေ့လာရေးကျောင်းသားများနှင့် ဆရာမမှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်နေပြီဖြစ်ကာ စိုးရိမ်ဖွယ်ရာအခြေအနေမရှိတော့ကြောင်း အဆိုပါ လေ့လာရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ ဆရာဝန်များအသင်း (MMA) နှင့် Community Based Aldolescent Reproductive Health Project လုပ်ငန်းလေ့လာရန်၊ ကလောမြို့နယ် နန်တိုင်းကျေးရွာတွင် အိမ်သာတည်ဆောက်ခြင်း၊ စာသင်ကျောင်းများတွင် လက်ဆေးကန်တည်ဆောက်ခြင်းနှင့် စာအုပ်လှူဒါန်းခြင်းများ ပြုလုပ်ရန်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလိုရုတ်တရက် မထင်မှတ်ဘဲဖြစ်တယ်ဆိုတော့စိတ်မကောင်းပါဘူး။ မြန်မာအစိုးရပိုင်းနဲ့ ဆေးရုံရဲ့ကူသဆောင်ရွက်ပေးမှုတွေအတွက် အားရပါတယ်။ စိတ်မပျက်ပါဘူး။ ကလေးတွေကတော့ လာရင်းကိစ္စကို ဆက်လက်ဆောင်ရွက်ဖို့ စိတ်အားထက်သန်နေကြတယ်။ ကလောကိုတော့ ဆက်မသွားဖြစ်တော့ဘူး"ဟု ဒေါက်တာဟန်ထွန်းအောင်က ပြောကြားသည်။

အစာအဆိပ်သင့်ကျောင်းသားကျောင်းသူများသည် ယခုအခါတွင် ကျန်းမာရေးကောင်းမွန်ပြီး ဆေးရုံမှဆင်းနိုင်နေပြီဖြစ်ကာ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆုံးအဖြတ်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲခေါင်ညွန့်၊မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

အုပ်ချုပ်သူ ကထိက ဒေါက်တာဟန်ထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းစဉ်။

နိုင်ငံတကာသတင်း

ကမ္ဘောဒီးယားနိုင်ငံ၌ မြေမြှုပ်မိုင်းကြောင့် သေဆုံးသူများ ရှစ်လအတွင်း ၁၉ ဦးရှိ

ဖနောင်ပင် စက်တင်ဘာ ၂၆

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ဆန်းပိုင်းမှစကာ ရှစ်လတာကာလအတွင်း မြေမြှုပ်မိုင်းကြောင့် သေဆုံးရသူ အနည်းဆုံး ၁၉ ဦးထိရှိကြောင်း၊ ယမန်နှစ် အလားတူကာလက ၂၆ ဦးသေဆုံးခဲ့ရသဖြင့် ယခုနှစ်အတွင်း သေဆုံးရမှုမှာ ယမန်နှစ်ကထက် လျော့နည်းသွားခြင်း ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ မိုင်းရှင်းလင်းရေးဗဟိုဌာန (CMAC)က စက်တင်ဘာ ၂၆ ရက်က ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း သေဆုံးမှုများအပြင် အခြား ၆၄ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယမန်နှစ်က ဒဏ်ရာရသူ ၁၀၁ ဦး ရှိခဲ့ရာ ယခုနှစ် ဒဏ်ရာရရှိမှုနှုန်း လျော့နည်းသွားသည်ဟုဆိုသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့အဆိုးရွားဆုံး မြေမြှုပ်မိုင်းဒဏ်ခံစားရသည့်နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

၁၉၉၈ ခုနှစ်က ပြီးဆုံးသည့် ပြည်တွင်းပဋိပက္ခများနှင့် ဆယ်စုနှစ်သုံးခုကျော်ကြာ စစ်ပွဲများဒဏ်ကြုံတွေ့ခဲ့ရသည့် ကမ္ဘောဒီးယားနိုင်ငံတွင် မြေမြှုပ်ဗုံးနှင့် အခြားလက်နက်ခဲယမ်းများ ခန့်မှန်းခြေ လေးသန်းမှ ခြောက်သန်းအထိ ကျန်ရှိခဲ့သည်။

CMAC မှ ညွှန်ကြားရေးမှူးချုပ်ရာတာနာ၏ ပြောကြားချက်အရ မြေမြှုပ်ဗုံးနှင့် မပေါက်ကွဲသေးသော ဗုံးလက်နက်ခဲယမ်းများအရေးအတွက် ၃ ဒသမ ၁ သန်းခန့်ကို ရှင်းလင်းဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တိုင်အောင် ယင်းဗုံးလက်နက်ခဲယမ်း မီးကျောက်များအားလုံး ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀ လိုအပ်ကြောင်း သိရသည်။

၁၉၇၉ ခုနှစ်မှ ယခုနှစ် ဩဂုတ်လအထိ မြေမြှုပ်မိုင်းများကြောင့် သေဆုံးသူ ၁၉၆၈၁ ဦးနှင့် ဒဏ်ရာရရှိသူ ၄၄၆၀၅ ဦးရှိခဲ့သည်။ **(ဆင်ဟွာ)**

ဖုန်းမှတ်တမ်းများ ထောက်လှမ်းခြင်း အဆုံးသတ်ရန် ဥပဒေတင်

နယူးယောက် စက်တင်ဘာ ၂၆

အမေရိကန် နိုင်ငံသားများ၏ အဆက်အသွယ် ပြုလုပ်မှုများကို အမျိုးသား လုံခြုံရေးအေဂျင်စီက အလွန်ကျယ်ပြန့်စွာ ခြေရာကောက်စုဆောင်းခြင်းများ အဆုံးသတ်ရန်နှင့် အစိုးရ၏ အီလက်ထရွန်နစ်ဆိုင်ရာ ကြားဖြတ်ခိုးယူ နားထောင်ရယူခြင်း စီမံကိန်းများတွင် အထိန်းအချုပ်သစ်ထားရှိနိုင်ရေးအတွက် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန် အမတ်များက ဥပဒေကြမ်း စက်တင်ဘာ ၂၅ ရက်က လွှတ်တော်တွင် တင်သွင်းပြီဖြစ်သည်။

နှစ်ပါတီအမတ်များ၏ ယင်းသို့ လုပ်ဆောင်ခြင်းသည် ထောက်လှမ်းရေးစီမံကိန်းအလုံးစုံကို လွှတ်တော်က ချုပ်ကိုင်နိုင်ရေးကြိုးစားမှုများ အနက်မှ တစ်ခုသောကြိုးစားမှုလည်း ဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

"ဖော်ကောင် စနိုးဒန်းကြောင့် ပြည်သူတွေရဲ့အမြင်မှာ ထောက်လှမ်းရေးစနစ်အပေါ် အကြီးအကျယ်အမြင်ပြောင်းလဲသွားရပါတယ်" ဟု ထောက်လှမ်းရေး လုပ်ငန်းစဉ်များ တသီးတခြား ရပ်တည်နေမှုကို ပိုမိုထိန်းချုပ်နိုင်ရေးအတွက် လွှတ်တော်အမတ် ဝိန်းဒင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

ယခုနှစ်နွေဦးက အမျိုးသား လုံခြုံရေးအေဂျင်စီ ကန်ထရိုက်တာဟောင်း အက်ဒ်ဝပ်စနိုးဒန်းက အစိုးရသည် အင်တာနက်နှင့် ဖုန်းခေါ်ဆိုမှု Dataများကို ယခင်သိရှိထားသည်ထက် များစွာခိုးယူ ထောက်လှမ်းနေကြောင်း ဖွင့်ချခဲ့ပြီးနောက်ပိုင်းမှစကာ ထောက်လှမ်းရေးစီမံကိန်းများကို ပိုမိုတင်းကျပ်စွာ စိစစ်ခြင်းများ ပြုလုပ်လာခဲ့သည်။ **(ရိုက်တာ)**

မာတင်လူသာကင်းနှင့် မိုဟာမက်အလီတို့ကို ဗီယက်နမ်စစ်ပွဲကာလအတွင်း အမျိုးသားလုံခြုံရေးအေဂျင်စီက ထောက်လှမ်းခဲ့

နယူးယောက် စက်တင်ဘာ ၂၆

အမေရိကန်နိုင်ငံတွင် ဗီယက်နမ်စစ်ပွဲဆန့်ကျင်ဆန္ဒပြမှုများ အထွတ်အထိပ်သို့ ရောက်စဉ်ကာလအတွင်း လူ့အခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင် မာတင်လူသာကင်း**(အပေါ်ပုံ)**နှင့် လက်ဝှေ့ကျော် မိုဟာမက်အလီတို့ကိုအမျိုးသားလုံခြုံရေးအေဂျင်စီကထောက်လှမ်းခဲ့သည်ဟု လျှို့ဝှက်အဆင့်မှလျှော့ချလိုက်သည့်မှတ်တမ်းများအရ ထွက်ပေါ်လာကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၆ ရက်က ဖော်ပြသည်။

ယင်းမှတ်တမ်းများတွင် နယူးယောက်တိုင်းမ်နှင့် ဝါရှင်တန်ပို့စ်တို့မှ သတင်းထောက်များနှင့် လွှတ်တော်အမတ်နှစ်ဦးတို့ကိုလည်း ခြေရာခံလိုက်ခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းသို့သော စစ်ဆင်ရေး လုပ်ဆောင်မှုကို Minaret (ဝတ်ကျောင်းမျှော်စင်)ဟု အမည်ပေးထားပြီး ၁၉၇၀ ခုနှစ်များအတွင်း ထုတ်ဖော်ဖွင့်ဟခဲ့သော်လည်း ဖုန်းကြားဖြတ်ဖမ်းယူ နားထောင်သည့် စောင့်ကြည့်စာရင်းဝင်နာမည်များကို ယခုအချိန်တိုင်အောင် လျှို့ဝှက်ထားခဲ့ခြင်းဖြစ်သည်။

ယခုမှတ်တမ်းများ ဖော်ပြလိုက်သည်မှာ ဂျော့ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ ထောက်ခံမှုအရလည်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

နှာခေါင်းအစားထိုးရန် နဖူးပေါ်တွင်မွေးမြူ

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်နေ အမျိုးသားတစ်ဦးသည် ပြီးခဲ့သည့်နှစ်က ယာဉ်မတော်တဆဖြစ်ပွားရာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးနောက် နှာခေါင်းသစ်တစ်ခု နဖူးပေါ်ထားရှိခွဲစိတ်ကုသပေးခဲ့ရပြီး ယခုအခါ နဖူးပေါ်နှာခေါင်းပေါက်နေသူလိုဖြစ်နေကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၆ ရက်က ဖော်ပြသည်။ အသက် ၂၂ နှစ်အရွယ်ရှိ ၎င်းအမျိုးသားသည် ယာဉ်မတော်တဆမှုကြောင့် နှာခေါင်းပျက်စီးမှုဖြစ်ခဲ့သည်။ ယင်းကြောင့် နှာခေါင်းအရိုးနုပျက်စီးမှုကို နောက်ဆက်တွဲကုသရန် ဖန်လာရာ ခွဲစိတ်ဆရာဝန်များက နဖူးပြင်တွင် နှာခေါင်းအသစ်တစ်ခုကို မွေးယူရန်စိတ်ကူးကြံဆခဲ့သည်။

ခွဲစိတ်ပြီး ကိုးလအကြာတွင် နဖူးပေါ်ပေါက်သည့် နှာခေါင်းပုံသဏ္ဌာန်ကောင်းမွန်ကြောင်းနှင့် အစားထိုးခွဲစိတ်မှုသည် မကြာမီ ကောင်းမွန်လာလိမ့်မည်ဖြစ်ကြောင်း ခွဲစိတ်ဆရာဝန်များက ဆိုသည်။ **(ဘီဘီစီ)**

မြေဩဇာဂိုဒေါင်မီးလောင်၊ လူ ၁၀၀ ကျော် ဆေးရုံတင်ရ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၆

ဘရာဇီးနိုင်ငံရှိ မြို့ငယ်လေးတစ်မြို့၌ မြေဩဇာဂိုဒေါင်တစ်ခု မီးလောင်မှုဖြစ်ပွားရာ လူ ၁၀၀ ကျော် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက စက်တင်ဘာ ၂၅ ရက်က ပြောကြားခဲ့ကြသည်။

စန်တာကာတာရီနာ ပြည်နယ် ဆာအိုဖရန့်စစ်ကိုဒိုဆော ဒေသရှိ အဆိုပါ မြေဩဇာသိုလှောင်ဂိုဒေါင်တွင် အမိုနီယမ်နိုက်ထရိတ် ဓာတ်မြေဩဇာ တန်ချိန် ၄၀ သိုလှောင်ထားသည်ဟု သိရသည်။ မီးလောင်မှုမှာ စက်တင်ဘာ ၂၄ ရက် ညနေပိုင်းက စတင်ခဲ့ပြီး မီးတောက်နှင့် အဆိပ်ပါ မီးခိုးငွေ့များသည် ရပ်ကွက်ခြောက်ခုကျော်အထိ ဖုံးလွှမ်းသွားသည်ဟု သိရသည်။ **(ဆင်ဟွာ)**

ကက်ရှ်မီးယားတွင် ရဲစခန်းကို လက်နက်ကိုင်များဝင်စီး

ကက်ရှ်မီးယား စက်တင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ နယ်စပ်အနီး ကက်ရှ်မီးယားပြည်နယ် ဂျမ်မူဒေသရှိ ရဲစခန်းကို စက်တင်ဘာ ၂၆ ရက်က လက်နက်ကိုင်များဝင်စီးရာ ခြောက်ဦးသေဆုံးကြောင်း၊ ယင်းနောက် လက်နက်ကိုင်များက အနီးရှိ စစ်စခန်းတစ်ခုကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ရဲဌာနက ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်တို့ ကုလသမဂ္ဂအထွေထွေညီလာခံ အပြင်ဘက်တွင် တွေ့ဆုံရန်အစီအစဉ်ထားရှိစဉ်ဖြစ်ပွားခြင်းဖြစ်သည်။ အငြင်းပွားကက်ရှ်မီးယားဒေသတွင် တည်ငြိမ်မှုကင်းပြီး အကြမ်းဖက်မှုများအရေးကို ၎င်းတို့နှစ်ဦး ဆွေးနွေးကြဖွယ်ရှိသည်။

ရဲစခန်းကို တိုက်ခိုက်ပြီးနောက် လက်နက်ကိုင်များက ထရပ်ကားတစ်စီးကို အပိုင်စီးသွားကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဝေးပြေးလမ်းမပေါ်၌ ယင်းထရပ်ကားကို စွန့်ပစ်ပြီး နောက်ကားတစ်စီး ပြောင်းစီးသွားဖွယ်ရှိကြောင်း၊ ယင်းနောက် ဆမ်ဘာအရပ်ရှိ စစ်စခန်းကို တိုက်ခိုက်ကြကြောင်း ယင်းဒေသရှိ ရဲစုံစမ်းရေးမှူးက ပြောကြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရဲစခန်း တိုက်ခိုက်ခံရမှုအတွင်း ဒဏ်ရာရရဲဝန်ထမ်းများကို ဆေးရုံတင်ပို့ထားကြောင်း သိရသည်။ **(ရိုက်တာ)**

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT

Tun Foundation Bank Limited is arranging to appoint the new officers and staff for the following positions with prescribed capabilities and those who are able to work in a team environment/ under pressure and any equivalent combination of training and/or education.

(1) **Hardware Engineer** 2 posts
- System Analysis and Maintenance and Troubleshooting
- Minimum 3 years experience

(2) **Network Engineer** 2 posts
- Able to Maintain and Troubleshoot bank network
- Minimum 3 years experience

(3) **IT Assistant** 2 posts
- Able to learn new technology (hardware,software, network)and support for bank ICT environment
- Minimum 2 years experience
- To help employees to solve problems of IT Software

(4) **IT Store-man** 2 posts
- Knowledge and able to manage related ICT stock control and maintain
- Any equivalent combination of experience,training and/or education
- Checking stock availability
- Viewing and handling requisition requests
- Counting, inspecting,and issuing stock
- Able to report if needed as business requirement

To send The Curriculum Vitae(CV)by the applicant to Manager, Adminstration Department not later than Friday the 15th of October to Tun Foundation Bank Ltd.,No.(230),Maha Bandoola Road (Corner of Bo Myat Tun Street),Botahtaung Township,Yangon,Myanmar.

ဆွစ်ဇာလန်နိုင်ငံ၌ ရောင်းဈေးအမြင့်ဆုံး သတ်မှတ်ထားသည့် လေလံဈေးတန်ဖိုးအမြင့်ဆုံး စိန်ပွင့်

ဂျီနီဗာ စက်တင်ဘာ ၂၆

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အပြစ်အနာအဆာကင်းသော ၅၉ ဒသမ ၆ ကရက်ရှိ ပန်းရောင်စိန်တစ်လုံးကို ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ သန်း ၆၀ ဖြင့် လေလံခေါ်ရောင်းချမည်ဖြစ်ကြောင်း ဆိုသီဘိုင်လေလံပွဲမှ ပြောကြားခဲ့သည်။

ဘဲဥပုံသွေးထားသော ပန်းရောင်ကြယ်စင် (Pink Star)အမည်ရှိ အဆိုပါ ပန်းရောင်စိန်ပွင့်သည် လေလံတင်ရောင်းချမှုတွင် တန်ဖိုးအမြင့်ဆုံးသော စိန်တစ်ပွင့်ဖြစ်လာမည် ဖြစ်သည်။

"ဒီစိန်ပွင့်က အပြစ်အနာအဆာလုံးဝမရှိတဲ့ ၅၉ ဒသမ ၆ ကရက်ရှိ စိန်တစ်ပွင့်ပါ"ဟု ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသ ဆိုသီဘိုင်လေလံဥက္ကဋ္ဌ ဒေးဗစ်က ပြောကြားခဲ့သည်။

၎င်းစိန်ပွင့်သည် Graff Pink အမည်ရ ကမ္ဘာ့အမြင့်ဆုံး လေလံတင်ရောင်းဈေး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၂ သန်းရခဲ့သည့် ၂၄ ဒသမ ၇၈ ကရက်ရှိစိန်ပွင့်ထက် နှစ်ဆကြီးသည်။

Pink Star စိန်ပွင့်ကို ၁၉၉၉ ခုနှစ်က အာဖရိကမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းစိန်ပွင့်ကို အမေရိကန်နိုင်ငံ ဘူမိဗေဒအသက်မွေးဝမ်းကျောင်း (GIA)မှ ကမ္ဘာ့အတောက်ပဆုံးနှင့် ကြည်လင်ပြတ်သားမှုအရှိဆုံး စိန်တစ်ပွင့်အဖြစ်သတ်မှတ်ခဲ့သည်။ **(ဘီဘီစီ)**

အိုဘားမားကို အမေရိကန်တွေ မကြိုက်တော့ဘူးလား

မောင်နွေသစ်

သမ္မတအိုဘားမားဟာ လူမည်းတွေထဲမှာ ပထမဆုံးသမ္မတဖြစ်လာတဲ့သူပါ။ သူ ပထမဆုံးသမ္မတဖြစ်မလာမီ သူ့ရဲ့အဓိကပြိုင်ဘက်ဖြစ်တဲ့ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ကတော် ဟီလာရီကလင်တန်နဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး သမ္မတ ဖြစ်လာခဲ့ပါတယ်။

ဒုတိယအကြိမ် သမ္မတဖြစ်တော့လည်း သမ္မတအဖြစ်ပြန်လည် အရွေးခံရဖို့ အကြိတ်အနယ်ကြိုးစားခဲ့ရပါတယ်။ သမ္မတအိုဘားမားရဲ့ စည်းရုံးဆွေးနွေးမှုတွေကို အမေရိကန်ပြည်သူအများစုက ထောက်ခံအားပေးခဲ့ကြပါတယ်။

ဒါပေမယ့် အီရန်နဲ့ ဆီးရီးယားဆိုင်ရာအရေးတွေနဲ့ပတ်သက်ပြီး သမ္မတအိုဘားမားရဲ့ နိုင်ငံခြားရေးမူဝါဒ ထွက်လာပြီးတဲ့နောက် အမေရိကန်ပြည်သူထက်ဝက်ခန့်က အိုဘားမားကို အတော်လေးစိတ်ပျက်နေကြပါတယ်။

အိုဘားမားရဲ့ ကုလသမဂ္ဂမိန့်ခွန်း မပြောမီ နယူးယောက်တိုင်း(မ်)နှင့် စီဘီအက်စ်သတင်းဌာနတွေက အိုဘားမားနဲ့ပတ်သက်ပြီး စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလို စစ်တမ်းကောက်ယူတဲ့အခါမှာ အမေရိကန် ပြည်သူ ၄၉ ရာခိုင်နှုန်းက အိုဘားမားရဲ့ နိုင်ငံခြားရေးမူဝါဒ ကိုင်တွယ်ရာမှာ စိတ်ပျက်နေကြတယ်လို့ ဆိုပါတယ်။ ဒီလိုအမေရိကန်တွေက အိုဘားမားနဲ့ပတ်သက်ပြီး ဆန္ဒမဲပေးရာမှာ ယခုအကြိမ်သည် လူကြိုက်များမှုအနည်းဆုံး ဖြစ်တယ်လို့ ဆိုကြပါတယ်။ အိုဘားမားကို ပြည်သူတွေ အကြိုက်နည်းလာတဲ့ သဘောပါပဲ။ နိုင်ငံရေး အဖွဲ့အစည်းတွေကြားမှာပါ သမ္မတအိုဘားမားကို အကြိုက်နည်းလာပါတယ်။

အဲဒီစစ်တမ်းတွေအရ ၅၂ ရာခိုင်နှုန်းက ဆီးရီးယားအရေးကိုင်တွယ်ရာမှာ မကြိုက်ကြဘူးလို့ဆိုပါတယ်။ ၈၂ ရာခိုင်နှုန်းကတော့ ဆီးရီးယားဓာတုလက်နက်ဖျက်သိမ်းရေး အမေရိကန်-ရုရှားသဘောတူညီချက်ကို ထောက်ခံတယ်လို့ သိရပါတယ်။ ဝါရှင်တန်အနေနဲ့ ဆီးရီးယားပဋိပက္ခကို ချုပ်ငြိမ်းအောင်လုပ်ကိုင်ပေးဖို့ တာဝန်မရှိဘူးလို့ ၆၈ ရာခိုင်နှုန်းသော ပြည်သူတွေက မဲပေးထားပါတယ်။ ယင်းဆန္ဒမဲပေးမှုကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ဖုန်းဖြင့် ဆန္ဒပြုမဲပေးခဲ့ရာမှာ အရွယ်ရောက်သူ နိုင်ငံတစ်ဝန်း ၁၀၁၄ ဦး ပါဝင်ခဲ့ကြပါတယ်။ သမ္မတအိုဘားမားကို ပြည်သူတွေက ယုံကြည်ချစ်ကြည်မှုနည်းလာတဲ့သဘောကို ပြသလိုက်ခြင်းဖြစ်ပါတယ်။

သွေးဖိအား ပိုမိုတိကျအောင် တိုင်းတာနိုင်သောပစ္စည်းသစ် သြစတြေးလျသုတေသီတို့တီထွင်

နေခြည်

သြစတြေးလျ သုတေသီအချို့တို့သည် သွေးတိုးရောဂါရှင်များအတွက် လက်ရှိတိုင်းတာသည့် ကိရိယာများထက်ပို၍ မှန်ကန်တိကျပြီး အတွင်းပိုင်းသွေးဖိအားကို တိုင်းတာနိုင်သော ပစ္စည်းသစ်တစ်မျိုးကို တီထွင်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက်က အင်တာနက်သတင်းတစ်ပုဒ်တွင် ရေး

သားထားသည်။

တပ်စ်မေးနီးယား ပြည်နယ်မှ မန်ဇီး သုတေသနကျောင်းမှ ဆရာဝန်များက လက်ရှိ အများဆုံးအသုံးပြုလျက်ရှိသည့် လက်မောင်း အထက်ပိုင်းမှ တိုင်းတာသည့်နည်းအစား ဘောပင်ကဲ့သို့ သွေးဖိအားတိုင်းပစ္စည်းသစ်ကိုအသုံးပြုကာ လူနာ ၃၀၀ ခန့်အား စမ်းသပ်ပြခဲ့သည်။

အဆိုပါ ပစ္စည်းသစ်သည် လူနာ၏ လက်ကောက်ဝတ်နေရာမှတစ်ဆင့် ကိုယ်တွင်းပိုင်းသွေးဖိအားကို ယခင်အသုံးပြုသည့်ပစ္စည်းများထက် ပိုမိုတိကျစွာတိုင်းတာနိုင်သည်။ လက်ကောက်ဝတ်နေရာရှိ သွေးခုန်နှုန်းသည် နှလုံးအပြင်ဘက်ရှိ သွေးခုန်နှုန်းတိုင်းတာရာတွင် လက်မောင်းတွင်တိုင်းတာခြင်းထက်ပို၍ တိကျသောအဖြေထွက်စေနိုင်သည်ဟု ဆိုသည်။

"လူနှစ်ဦးကိုတိုင်းတာရင် ကိုယ်ခန္ဓာရဲ့လက်မောင်းအထက်ပိုင်း သွေးဖိအားချင်းက တူနိုင်သော်လည်း အတွင်းပိုင်းဗဟိုနေရာသွေးဖိအားက မတူနိုင်ပါဘူး"ဟု တီထွင်မှုတွင်ပါဝင်သူ ပါမောက္ခဂျိမ်းရှားမင်းက ပြောကြားထားသည်။

"ဒီလို ကိုယ်တွင်းပိုင်းသွေးဖိအားကို တိတိကျကျသိရင် ဆေးဝါးကုသမှုပေးတဲ့အခါ ပြန်ပြီးချိန်ညှိလို့ရပါမယ်" ဟု ဖြည့်စွက် ပြောကြားထားသည်။

အဆိုပါ ပစ္စည်းသစ်သည် ကုသမှုကို ပိုမိုထိရောက်မှုပေးနိုင်ပြီး မလိုအပ်သော ဆေးဝါးပိုမိုသုံးစွဲခြင်းကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ ၄င်းလေ့လာမှုပြုနေစဉ် အတွင်းသွေးတိုးရောဂါရှင် ၁၆ ရာခိုင်နှုန်းခန့်ကို ဆေးဝါးများသုံးစွဲမှုမှ ရပ်ပစ်ပေးနိုင်ခဲ့သည်ဟု သိရသည်။

မိသားစုက အကောင်းဆုံးပါဟု ဟုချ်ဂျက်မန်းဆို

ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဟုချ်ဂျက်မန်းက သူ့ဘဝ၏တန်ဖိုးမဖြတ်နိုင်ဆုံးအစိတ်အပိုင်းမှာ သူ၏မိသားစု ဖြစ်သည်ဟု ယုံကြည်ယူဆကြောင်း ဖွင့်ဟပြောဆိုသည်။

Prisoners ရုပ်ရှင်ဇာတ်လိုက် မင်းသား အသက် ၄၄ နှစ်အရွယ်ရှိ ဟုချ်ဂျက်မန်းသည် မင်းသမီးတစ်ဦးဖြစ်သူ ဒီဘော်ရာလီးဖန်နစ်နှင့် အိမ်ထောင်ပြုထားသူဖြစ်သည်။

"ဒီက ကြံ့ခိုင်တယ်၊ သတ္တိလည်း ကောင်းတယ်။ ကျွန်တော့်မိသားစုဟာ အရာရာတိုင်းထက် ကောင်းမွန်တယ်။ တကယ်ပဲ အရာရာထက်ကို ပိုသာလွန်ပါတယ်"ဟု မင်းသားက ဆိုသည်။

ဟုချ်ဂျက်မန်းတို့ ဇနီးမောင်နှံသည် သား အော်စကာနှင့် သမီး အိဗ်တို့နှစ်ဦးကို မွေးစားထားကြသော မိသားစုဇနီးမောင်နှံဖြစ်သည်။

မိမိနှင့်ရုပ်ချင်းတူသူ အမျိုးသမီးအတွက် မင်းသမီးဂျင်နီဖာဟူဆန်တောင်းပန်

ရွှယ်လူး

မင်းသမီးဂျင်နီဖာဟူဆန်က သူနှင့်ရုပ်ဆင်သော အမျိုးသမီးတစ်ဦးကို ပါပါရာဇီ(သတင်းမုဆိုး)များ အထင်မှား ဝိုင်းလိုက်ခံရ၍ ထိုအမျိုးသမီးအပေါ် များစွာစိတ်မကောင်းဖြစ်ရကြောင်း တောင်းပန်စကားပြောကြားသည်။

Dreamgirls ရုပ်ရှင်မင်းသမီးဂျင်နီဖာဟူဆန်က သူနှင့်မှားပြီး လျှပ်တစ်ပြက်ဓာတ်ပုံသမားများက မင်းသမီးအစစ်ဖြစ်သည်ဟုထင်ပြီး ယင်းအမျိုးသမီးနောက် ဝိုင်းလိုက်ကြသည်ကို ကြုံတွေ့လိုက်ရသည့်အတွက် စိတ်မကောင်းစကားဆိုသည်။

လက်ရှိတွင် မင်းသမီးကတွစ်တာပေါ်၌ ထိုအဖြစ်အပျက်ကို သေချာရှင်းပြသလို ယင်းအမည်မသိအမျိုးသမီးကိုလည်း တောင်းပန်စကားဖော်ပြခဲ့သည်။

နိုင်ငံတကာသတင်း

ဆူဒန်အရေးအခင်း ၂၄ ဦးသေဆုံး

ဆူဒန်နိုင်ငံမြို့တော်ခါတွန်၌ စက်သုံးဆီဖြန့်ဖြူးမှုဖြတ်တောက်ခဲ့သဖြင့် အဓိကရုဏ်းဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၄ ဦး သေဆုံးသွားပြီဖြစ်သည်။ အွမ်ဒါမန်းဆေးရုံညွှန်ကြားရေးမှူးက ပြောဆိုရာတွင် ၄င်း၏ ဆေးရုံဝန်ထမ်းများက အဓိကရုဏ်းအတွင်း အလောင်း ၂၁ လောင်းကို ကောက်ယူနိုင်ခဲ့ပြီး အခြားဆေးရုံ၌ သုံးဦးသေဆုံးခဲ့သည်ဟု ဆိုသည်။ အစိုးရက အခွန်မြှင့်တင်ရန် ကြိုးပမ်းမှုဖြင့် စက်သုံးဆီဖြန့်ဖြူးရေးကို ဖြတ်တောက်စဉ် စက်တင်ဘာ ၂၃ ရက်မှစပြီး မငြိမ်မသက် စတင်ဖြစ်ပွားခဲ့သည်။ ရဲအဖွဲ့က ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများသုံးပြီး ဖြိုခွင်းခဲ့သည်။ ဆူဒန်စီးပွားရေးသည် ၂၀၁၁ ခု နှစ်က တောင်ဆူဒန်ခွဲထွက်သွားပြီးနောက် စီးပွားရေးအခြေအနေ ဆိုးရွားလာသည်။ သေဆုံးသူအားလုံးသည် သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂရင်းပိစ်အဖွဲ့ ဥပဒေချိုးဖောက်ဟု ရုရှားစွပ်စွဲ

ဂရင်းပိစ်တက်ကြွလှုပ်ရှားသူများသည် အာတိတ်ဒေသရေနံရှာဖွေရေး လုပ်ဆောင်သူများအား ကန့်ကွက်ဆန္ဒပြစဉ်အတွင်း ဥပဒေကိုချိုးဖောက်နေကြကြောင်း၊ သို့သော် ယင်းတို့သည် ပင်လယ်ဓားပြများမဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စွပ်စွဲပြောကြားသည်။ ရုရှားကမ်းခြေစောင့်တပ်က ဂရင်းပိစ်တက်ကြွလှုပ်ရှားသူ ၃၀ ကျော်ကို မာမန့်(စ်) ဆိပ်ကမ်း၌ ၄င်းတို့၏ လှည့်လည်လှုံ့ဆော်ရေးသင်္ဘောနှင့်အတူ ဖမ်းဆီးထားသည်။

သို့ရာတွင် ၄င်းတို့အား ရုရှားနိုင်ငံ၌ ထောင် ၁၅ နှစ်အထိ ချမှတ်နိုင်သည့် ပင်လယ်ဓားပြမှုဖြင့် စွပ်စွဲထားသည်။ ဂရင်းပိစ်အဖွဲ့က ယင်းကိစ္စသည် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းသာဖြစ်ကြောင်း၊ တက်ကြွလှုပ်ရှားရေးဥပဒေကို ချိုးဖောက်ခြင်းမရှိကြောင်း ပြောကြားသည်။ ယင်းတို့သည် ရုရှားရေနံရှာဖွေရေးလုပ်ငန်းကို ရပ်တန့်သွားအောင် ကြိုးစားခဲ့ခြင်းကြောင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း သမ္မတပူတင်က အာတိတ်ဆိုင်ရာဖိုရမ်၌ ပြောကြားသည်။

ဆီးရီးယားညွှန့်ပေါင်း သူပုန်လက်မခံ

ဆီးရီးယားအဓိကအတိုက်အခံ အမျိုးသားညွှန့်ပေါင်းအဖွဲ့ကို ဆီးရီးယားနိုင်ငံအတွင်းရှိ အစ္စလာမ်သူပုန်အဖွဲ့ ၁၁ ဖွဲ့က အသိအမှတ်မပြုနိုင်ကြောင်း ကြေညာလိုက်သည်။ ယင်းညွှန့်ပေါင်းအဖွဲ့သည် အားလုံးပါဝင်ဖွဲ့စည်းခြင်းမရှိကြောင်း၊ အထူးသဖြင့် မိမိတို့အစ္စလာမ်သူပုန်အဖွဲ့များကို ကိုယ်စားမပြုကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။ အစ္စလာမ်သူပုန်အဖွဲ့သည် ဆီးရီးယားနိုင်ငံအတွင်း ထင်ရှားလာပြီး တိုက်ခိုက်ရေးဌာနပေါင်း ထောင်နှင့်ချီ၍ ရှိသည်ဟု ယုံကြည်ရသည်။

မြင့်မောင်စိုး - စုစည်းသည်



သက်တမ်းရင့်ကြယ်တာရာ အစုအဝေးစုံတွဲတွေ့ရှိ

နာဆာ အာကာသသုတေသန သိပ္ပံပညာရှင်များက ဟက်ဘယ် အာကာသမှန်ပြောင်းဖြင့်လေ့လာချက်အရ အာကာသတွင် သက်တမ်းရင့် ကြယ်တာရာ အစုအဝေးစုံတွဲတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါ ကြယ်တာရာအစုအဝေးစုံတွဲကို ကမ္ဘာမှအလင်းနှစ် ၁၂၀၀၀ ခန့်တွင် တွေ့ရှိရခြင်းဖြစ်ပြီး နေမှ အလင်းနှစ် တစ်ထရီလီယံခန့်အကွာတွင် တွေ့ရှိရခြင်းဖြစ်သည်။ ယင်းကြယ်တာရာအစုအဝေးစုံတွဲ၌ ကြယ်တာရာပေါင်း ထောင်နှင့်ချီကာ စုစည်းဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု နာဆာမှ အာကာသ သုတေသနပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိရသည့် သက်တမ်းရင့်ကြယ်တာရာ အစုအဝေးစုံတွဲတွင် အလယ်ဗဟို၌ အရွယ်အစားကြီးမားသော အာကာသတွင်းနက်ကြီးတစ်ခုကိုလည်း တွေ့ရှိရသည်။ ကြယ်တာရာအစုအဝေးစုံတွဲတွင် ကြယ်တာရာအစုအဝေးတစ်ခုချင်းစီသည် ကမ္ဘာဂြိုဟ်၏ အရွယ်အစားခန့်ရှိကြောင်း သိရသည်။

နာဆာအာကာသ သိပ္ပံပညာရှင်များသည် ဟက်ဘယ်အာကာသကြည့်မှန်ပြောင်းဖြင့်လေ့လာမှုအရ အာကာသတွင် ကြယ်တာရာအသစ်များလည်း ထပ်မံတွေ့ရှိရကြောင်း၊ ထို့အတူ ကြယ်တာရာအစုအဝေးသစ်များလည်း တွေ့ရှိကြောင်း၊ ယခုတွေ့ရှိရသည့် ကြယ်တာရာစုံတွဲ၏ သက်တမ်းမှာ အလွန်သက်တမ်းရင့်ကြောင်း၊ သက်တမ်းကို သိရှိနိုင်ရန် လေ့လာလျက်ရှိကြောင်း သိရသည်။

အာကာဟိန်း - ရေးသည်

ဆေးပညာသတင်းဆန်းများ(၄၈)

ဒေါက်တာကံညွန့်

တရုတ်ကျောင်းသားများအကြား AIDS တိုးပွား

ကမ္ဘာတစ်လွှား AIDS ရောဂါဖြစ်ပွားနှုန်း ကျဆင်းနေချိန်မှာ အိမ်နီးချင်း တရုတ်နိုင်ငံမှာတော့ ရောဂါဖြစ်နှုန်းမြင့်လာတယ်ဆိုတဲ့ သတင်းကို ဆေးပညာသတင်းဆန်း(၄၇)မှာ ဖော်ပြပြီးခဲ့ပါပြီ။ အခုရရှိလာတဲ့ နောက်ဆက်တွဲသတင်းက ပိုစိတ်မကောင်းစရာပါ။ တရုတ်နိုင်ငံရဲ့ကျောင်းသားတွေမှာ တစ်နှစ်ထက်တစ်နှစ် AIDSရောဂါဖြစ်နှုန်းပိုတိုးလာပြီး ၂၀၁၂ ခုနှစ်မှာတော့ ၂၄ ဒသမ ၅ရာခိုင်နှုန်းတိုးလာတယ်လို့ ဆိုပါတယ်။ ဒီတစ်နှစ်တည်းမှာ ကျောင်းသား ၁၇၀၀ တိုးလာပြီး ယခုအခါ AIDS ရောဂါဖြစ်နေတဲ့ ကျောင်းသား ၇၀၀၀ ကျော်နေပြီလို့ ဆိုပါတယ်။ ဒါဟာ တရုတ်ပြည်သူ့ကျန်းမာရေးဌာန Bureau of Disease Control and Prevention က ညွှန်ကြားရေးမှူး Yu Jingjin ရဲ့ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြထားတာပါ။ ဒီ AIDS ရောဂါရှင် ၇၀၀၀ ထဲက ၁၇၀၀ခန့်ဟာ လိင်တူချင်းဆက်ဆံကြသူတွေ ဖြစ်ပါတယ်။ AIDS ရောဂါအတွက် HIV Test စစ်ဆေးမှုဟာ ၂၀၁၀ ခုနှစ်က သန်း ၆၀ ကျော်ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ လူသန်း ၁၀၀ ကျော်ကို စစ်ဆေးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုစစ်ဆေးနိုင်တာနဲ့အမျှ AIDS ဖြစ်နေသူတွေကို ပိုမိုတွေ့ရှိပြီး ဖြစ်ပွားနှုန်း နှစ်စဉ်တိုးလာခဲ့တာကို သိရတာလို့လည်း ဆိုပါတယ်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ စစ်ဆေးခဲ့ကာ HIV ရောဂါပိုးရှိသူအားလုံးရဲ့ ၈၄ ဒသမ ၉ ရာခိုင်နှုန်းဟာ ကာမဆက်ဆံမှုကြောင့်ဖြစ်ရပြီး ဒီအထဲက ၂၁ ဒသမ ၁ ရာခိုင်နှုန်းကတော့ လိင်တူယောကျ်ားချင်းဆက်ဆံမှုကြောင့်လို့ ထောက်ပြထားပါတယ်။ ဒီကာလအတွင်းမှာပဲ AIDS ရောဂါကြောင့် သေဆုံးရသူ ၁၇၇၄၀ ရှိပြီး ယမန်နှစ်ဒီအချိန်က သေဆုံးနှုန်းထက် ၈ ဒသမ ၆ ရာခိုင်နှုန်း ပိုလာတယ်လို့ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် AIDS ရောဂါဟာ ကျောင်းသားလူငယ်တွေကြားမှာ ဆိုးဆိုးရွားရွား ဝင်ရောက်နေပြီဆိုတာ သိသာနေတဲ့အတွက် ဒီပြဿနာကို ဖြေရှင်းဖို့ မိဘအုပ်ထိန်းသူ၊ ကျောင်းဆရာများနဲ့ အဓိကအားဖြင့် တရုတ်ပြည်တစ်နိုင်ငံလုံးက တက္ကသိုလ်ပေါင်း ၂၀၀ ကျော်မှာ တရုတ်အစိုးရပြည်သူ့ကျန်းမာရေးဌာန၊ China Red Ribbon Foundation လို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပြီဆိုတာ တင်ပြလိုက်ရပါတယ်။

ဦးနှောက်စွမ်းရည်မကျဖို့ ခုနစ်နာရီအိပ်စက်စို့

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဦးနှောက်ရဲ့ စွမ်းရည်မကျဆင်းအောင် လူတစ်ယောက်ဟာ တစ်နေ့ကို ခုနစ်နာရီအိပ်စက်ဖို့ လိုပါတယ်။ ခုနစ်နာရီမှ နှစ်နာရီလျှော့ပြီး ငါးနာရီထက်နည်းအောင် အိပ်စက်ခြင်းနဲ့ ခုနစ်နာရီထက် နှစ်နာရီပိုပြီး ကိုးနာရီကျော်ကြာအောင် အိပ်စက်ခြင်းဟာ ဦးနှောက်ရဲ့ မှတ်ဉာဏ်စွမ်းရည်ကိုကျဆင်းနိုင်စေတယ်လို့ သုတေသီတွေက ထောက်ပြထားပါတယ်။ သဘောကတော့ လျှော့အိပ်တာရော ပိုအိပ်တာပါ မကောင်းဘူးဆိုတာ လေ့လာထားတာပါ။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံက သူနာပြုဆရာမပေါင်း ၁၇၀၀၀ ကို အိပ်စက်ချိန်နှင့် မှတ်ဉာဏ်စွမ်းရည်ကို စစ်ဆေးစမ်းသပ်ပြီး ပေါ်ထွက်လာတာဖြစ်ပါတယ်။ သူတို့အဆိုအရ နှစ်နာရီလျှော့အိပ်ခြင်း၊ နှစ်နာရီ ပိုအိပ်ခြင်းဟာ ဦးနှောက်ရဲ့မှတ်ဉာဏ်စွမ်းရည်ကို နှစ်နှစ်စာ ပိုပြီးအိုသွားသလို ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နောက်အကြံပေးချက်တစ်ခုမှာ ဦးနှောက်စွမ်းရည် ကောင်းမွန်နေဖို့အတွက် အဆီခာတ်၊ ထောပတ်တို့ကို လျှော့စားဖို့ အကြံပြုထားပါတယ်။ ပေါင်မုန့်၊ ထောပတ်သုတ်နဲ့ ပြောင်းစေ့ကို ကြော်ရောင်းတဲ့ဆီမှာ ပါဝင်တဲ့ (Diacetyl Base Chemical) တွေဟာ ဦးနှောက်ရဲ့ Cells တွေရဲ့ဝန်းကျင်မှာ Protein Molecule တွေကို ပိုမိုတွယ်ကပ်အောင်ဖြစ်စေပြီး သက်ကြီးအမေ့လွန်ရောဂါဖြစ်တဲ့ Alzeimer ရောဂါကို စောစီးစွာဖြစ်စေနိုင်တယ်လို့ ထောက်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ဂေါက်အတွက် အစွမ်းထက်ဆေး

နောက် ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Gout ခေါ် အဆစ်ရောင်ရောဂါရှင်တွေအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ သွေးထဲမှာ Uric Acid များလို့ဖြစ်ရတဲ့ ဒီရောဂါမှာ ရောင်ရမ်းပြီး နာကျင်ကိုက်ခဲနေရင် အစွမ်းထက်မယ့် ဆေးအဖြစ် Novartis ဆေးကုမ္ပဏီကထုတ်လိုက်တဲ့ I Laris ခေါ် AC2885 ဆေးဟာ တခြားဆေးတွေနဲ့ မပျောက်နိုင်တဲ့ နာကျင်ရောင်ရမ်းမှုကို ပျောက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီဆေးကို ၂၀၁၁ ခုနှစ်က အမေရိကန် FDA အဖွဲ့က ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိတယ်ဆိုပြီး အတည်မပြုဘဲထားခဲ့ပေမယ့် EU ကော်မရှင်အဖွဲ့ကြီးကတော့ ဒီဆေးကို အသုံးပြုဖို့ အတည်ပြုပြောကြားလိုက်ပါပြီ။ ဒီဆေးမှာပါတဲ့ အာနိသင်တစ်ခုဟာ သွေးထဲက ရောင်ရမ်းကိုက်ခဲမှုကိုဖြစ်စေတဲ့ Protein တစ်မျိုးဖြစ်တဲ့ Interleukin-1 Beta ကို ထိရောက်စွာ တားနိုင်တဲ့ဆေးတစ်ခုဖြစ်တဲ့အတွက် Gout ကြောင့်ဖြစ်တဲ့ ရောင်ရမ်းနာကျင်မှုကို သက်သာစေတာလို့ ဆိုပါတယ်။ Gout ရောဂါရှင်တွေအတွက် ဝမ်းသာစရာတစ်ပုဒ်အဖြစ် တင်ပြလိုက်ရပါတယ်။

အီး-စီးကရက်ကို ပိုသုံးလာ

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဆေးလိပ်ကို မသောက်ရမနေနိုင်ဖြစ်သူအတွက် သိပ္ပံနည်းပညာနဲ့တီထွင်ထားတဲ့ E-Cigaraetteကို အမေရိကန်နိုင်ငံက ဆေးလိပ်သောက်သူတွေ ပိုမိုသုံးစွဲလာကြပြီဆိုတဲ့သတင်းပါ။ ဒီသတင်းကိုတော့ အမေရိကန်နိုင်ငံ Centre for Disease Control and Prevention အဖွဲ့ကြီးက ကြေညာလိုက်တာပါ။ E-Cigarette ကို ပေါ်စနှစ်ဖြစ်တဲ့ ၂၀၁၀ ခုနှစ်က ဆေးလိပ်သောက်သူ ၁၀ ရာခိုင်နှုန်းကသာ စသုံးခဲ့ပေမယ့် ယခုအခါ ၂၁ ရာခိုင်နှုန်းသောက်နေပြီလို့ ဖော်ပြထားပါတယ်။ တစ်နိုင်ငံလုံးနဲ့ကြည့်ရင် အမေရိကန်နိုင်ငံသားအားလုံးရဲ့ ခြောက်ရာခိုင်နှုန်းဟာ ဒီဆေးလိပ်ကို စမ်းသပ်သုံးစွဲနေကြပြီလို့ ဆိုပါတယ်။ ဒီ E-စီးကရက်ဟာ ဆေးလိပ်အစစ်ထက် အဆိပ်အတောက်ကင်းစင်တာမှန်ပေမယ့် ဒါရဲ့ ဘေးထွက်ဆိုးကျိုးဘာရှိမလဲဆိုတာကိုတော့ စောင့်ကြည့်လေ့လာရဦးမယ်လို့ ဒီ CDC အဖွဲ့ကြီးရဲ့ Director Tom Frider ရဲ့ကြေညာချက်ကို တင်ပြလိုက်ပါတယ်။

ဦးနှောက်ဆဲလ်ဆိုင်ရာ တွေ့ရှိချက်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က ဦးနှောက်ကလာပ်စည်းတွေဟာ နောက်မျိုးမတူတဲ့ သတ္တဝါတစ်မျိုးရဲ့ ဦးနှောက်ထဲမှာလည်း တာရှည်အသက်ရှည်နေထိုင်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒါကိုတော့ အီတလီနိုင်ငံ Pavia တက္ကသိုလ်က သုတေသီတွေရဲ့တွေ့ရှိချက်ကို National Academy of Science ဂျာနယ်မှာ ဖော်ပြထားတာပါ။ ၄င်းတို့ဟာ ကြွက်စုတ်ကလေးတွေရဲ့ ဦးနှောက်ဆဲလ်တချို့ကိုယူပြီး နောက်မျိုးမတူတဲ့ မွေးကင်းစကြွက်ပေါက်စကလေးတွေရဲ့ ဦးနှောက်ထဲကို ထည့်ပေးထားပြီး စောင့်ကြည့်ခဲ့ကြပါတယ်။ ဒီကြွက်ကလေးတွေ သေသည်အထိစောင့်ကြည့်ပြီး ပြန်ခွဲစိတ်ကြည့်တဲ့အခါ ယခင်ထည့်ထားတဲ့ဦးနှောက်ဆဲလ်တွေဟာ အသက်ရှင်နေတုန်းဖြစ်နေတာကို ထူးဆန်းစွာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ ဦးနှောက်ဆဲလ်တွေဟာ ခန္ဓာကိုယ် သေပေမယ့် မသေနိုင်သေးဘူးဆိုတဲ့အချက်နဲ့ အသက်ကြီးလာရင် ဒီဆဲလ်တွေ ရှင်သန်နေလျက်နဲ့ အိုမင်းသွားရတဲ့အကြောင်းကို နားမလည်နိုင်အောင် ဖြစ်ရတယ်လို့ ဦးနှောက်အစိတ်အပိုင်းတွေကို လေ့လာနေသူ သိပ္ပံပညာရှင်တွေ စဉ်းစားရခက်နေတယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

နှလုံးသွေးကြောချဲ့ ကိရိယာအသစ်တီထွင်

နှလုံးသွေးကြောကျဉ်းရောဂါခံစားနေရသူတွေမှာ By-Pass ခေါ် နှလုံးသွေးကြောအစားထိုးခွဲစိတ်ကုသဖို့ မလိုသေးတဲ့လူတွေအတွက် STENT ခေါ်တဲ့ နှလုံးသွေးကြောချဲ့အရာလေးလို သွေးကြောထဲထည့်ပြီး ကုသလာခဲ့ကြပါတယ်။ ဒီလိုကုသရသူတွေအတွက် ယခင် STENT ရိုးရိုးထက် ပိုပြီးကောင်းမွန်တဲ့ သူ့အလိုလိုကျယ်နိုင်၊ ကျဉ်းနိုင်တဲ့ Self Expanding STENT တစ်ခုကို ပြင်သစ်နိုင်ငံ French Medical Technology Firm တစ်ခုက တီထွင်လိုက်ပါပြီ။ သူအသစ်တီထွင်လိုက်တဲ့ STENTဟာ ယခင်သုံးခဲ့တဲ့ STENT မျိုးထက် အသက်ရှင်နိုင်ဖို့ ပိုပြီးအာမခံချက်ရှိတယ်လို့ ဆိုပါတယ်။ လူ ၁၀၀၀ ကို စမ်းသပ်အသုံးပြုခဲ့ရာမှာ သေဆုံးမှုနှုန်းဟာ ပိုနည်းလာတယ်လို့ သိရပါတယ်။ ယခင်သာမန် STENT သုံးသူတွေမှာ သေဆုံးနှုန်းဟာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအသစ်ပေါ်လာတဲ့ STENT မှာတော့ ၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး နောက်စမ်းသပ်မှုတစ်ခုကတော့ ယခင် STENT ထည့်သူတွေမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းသာရှိပြီး ယခု STENT အသစ်ထည့်သူတွေမှာ တစ်ဝက်နီးပါးဖြစ်တဲ့ ၂ ရာခိုင်နှုန်းသာရှိခဲ့တယ်လို့ သိရပါတယ်။ ယခုအခါ ဒီ STENTအသစ်ကို ပြင်သစ်နိုင်ငံနဲ့ ဥရောပနိုင်ငံတွေမှာ အသုံးပြုနေကြပြီး အမေရိကန်နိုင်ငံမှာတော့ FDA အဖွဲ့ကြီးရဲ့ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ပေါင်းသေဆေးအန္တရာယ်ပြုနိုင်

ယခုဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပေါင်းသေဆေးအဖြစ် အသုံးပြုတဲ့ Glyphosphate ပါတဲ့ဆေးတွေဟာ စားသုံးသူတွေကို အန္တရာယ်ပြုနိုင်တယ်ဆိုတဲ့သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်က သုတေသန သိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိချက်ကို Entropy ဂျာနယ်မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီဆေးရဲ့ အာနိသင်တချို့ဟာ လူတွေစားသုံးရတဲ့ သီးနှံပင်တွေကတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲကို ရောက်သွားတဲ့အခါ ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေရဲ့ နေ့စဉ်လုပ်ငန်းတွေအပေါ်မှာ အနှောင့်အယှက်ဖြစ်စေပြီး ကင်ဆာရောဂါ၊ မျိုးမပွားနိုင်တဲ့ရောဂါ (Inertility)နဲ့ ဦးနှောက်အာရုံကြောချို့ယွင်းပြီးဖြစ်ရတဲ့ခေါင်းတုန်ခြေတုန်ရောဂါ (Parkinson's Disease) စတဲ့ရောဂါတွေကို ဖြစ်စေတာလို့ ဆိုပါတယ်။ ဒါဟာ ရုတ်တရက်ဖြစ်ပေါ်တတ်တာမဟုတ်ဘဲ ဒီဆေးတွေရဲ့ Chemical Residue တွေဟာ Toxin (အဆိပ်အတောက်) အဖြစ် ခန္ဓာကိုယ်ထဲမှာ အချိန်ကြာမြင့်လာမှ ဖြစ်ပေါ်တာလို့ ဆိုပါတယ်။ ဒါ့ကြောင့် အမေရိကန်နိုင်ငံမှာ Glyphosphate ပါဝင်တဲ့ Round Up ဆိုတဲ့ ပေါင်းသေဆေးကို ၂၀၁၅ ခုနှစ်နောက်ဆုံးထားပြီးအသုံးပြုဖို့ အမိန့်ထုတ်ထားကြောင်း တင်ပြလိုက်ရပါတယ်။

ကင်ဆာရောဂါများအတွက် ဆေးထုတ်နိုင်တော့မည်

ယခုဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါအတော်များများကို ကုသရာမှာ အသုံးဝင်မယ့်ဆေးတစ်မျိုးကို နာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Roche ကုမ္ပဏီက ထုတ်လုပ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီဆေးဟာ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ အူလမ်းမကြီး စတဲ့အရေးကြီးတဲ့ အစိတ်အပိုင်းမှာ ဖြစ်ပေါ်လာတဲ့ ကင်ဆာရောဂါကို ကုသနိုင်တဲ့ဆေးပါ။ ဒီဆေးနာမည်ကတော့ MPDL 350 A လို့ နာမည်ပေးထားပါတယ်။ ဒီဆေးရဲ့ အာနိသင်နဲ့ပတ်သက်ပြီး ဝါရှင်တန်ဒီစီက American Association for Cancer Research Meeting မှာ တင်ပြခဲ့ကြတာပါ။ ဒီဆေးဟာ ကင်ဆာဆဲလ်တွေရဲ့ မျက်နှာပြင်ပေါ်မှာ ရှိနေတဲ့ PD-L1 ခေါ်တဲ့ Proteinကို ဦးတည်တိုက်ခိုက်ဖို့ ကိုယ်ခံစွမ်းအားမှာ အဓိကအရေးပါတဲ့ T Cellတွေရဲ့ စွမ်းအင်ကို မြှင့်တင်ထားတဲ့ဆေးပါ။ ဒါကြောင့် ကင်ဆာဖြစ်စရောဂါရှင်တွေမှာ ဒီဆေးပေးလိုက်တာနဲ့ ရောဂါမတိုးပွားလာနိုင်တော့ဘူးလို့ ဆိုထားပါတယ်။ နောက်ပြီး တခြားကင်ဆာဆေးတွေလို Side Effect ခေါ်တဲ့ ဘေးထွက်ဆိုးကျိုးလည်း သိသိသာသာ မရှိနိုင်ဘူးလို့ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ကျေးလက်နေပြည်သူများနှင့်ဝင်ငွေနည်းပြည်သူများထံ အသေးစားငွေကြေးဝန်ဆောင်မှုများ ရောက်ရှိရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၆

အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း(၈)ရပ်အနက် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည်အဓိကကျ၍ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများနှင့်ဝင်ငွေနည်း ပြည်သူများထံ အသေးစားငွေကြေး ဝန်ဆောင်မှုများ ကျယ်ပြန့်စွာ ရောက်ရှိစေရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်လေ့လာ သုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းများအနေဖြင့် INGO ခြောက်ဖွဲ့၊ NGO ၁၃ ဖွဲ့၊ သမဝါယမ ၇၅ ဖွဲ့၊ ပြည်ပ ကုမ္ပဏီငါးဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၆၇ ဖွဲ့ စုစုပေါင်း ၁၆၆ ဖွဲ့ဖြစ်ပြီး မတည်ငွေကျပ် ၂၇၃၄၉ ဒသမ ၆၆ သန်း၊ ထုတ်ချေးငွေ ပမာဏကျပ် ၉၉၇၈၆ ဒသမ ၆၃ သန်း၊ စုဆောင်းငွေပမာဏ ၁၄၀၇၂ ဒသမ ၀၇ သန်း၊ အသင်းသားဦးရေ ၇၂၃၇၅၆ ဦးဖြင့် မြို့နယ်ပေါင်း ၁၇၇ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၆၄၆ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၅၈၁ အုပ်စု၊ ကျေးရွာပေါင်း ၇၇၆၇ ရွာတွင် လုပ်ငန်းဆောင်ရွက်နေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ တိုးတက်မှုများစွာကိုလည်း တွေ့ရကြောင်း။

အသေးစားငွေရေးကြေးရေး လုပ်ငန်းအရေအတွက် တဖြည်းဖြည်းများပြားလာပြီး လုပ်ငန်းဆောင်ရွက်မှုပမာဏ တိုးတက်လာခြင်းကြောင့် ကြီးကြပ်ကွပ်ကဲခြင်း(Supervision) နှင့်စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း (Monitoring and Evaluation) များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများအနေဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအနေဖြင့်လည်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာကျင့်သုံးရမည့် မူဝါဒဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အဆင့်လိုက်ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံ၏ Micro Finance အခြေအနေကို ရှင်းလင်းတင်ပြသည်။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မိမိတို့ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အတိုးနှုန်းများ ပြန်လည်သုံးသပ်ရေး၊ တညီတညွတ်တည်းသော စာရင်းဇယားများထားရှိရေး၊ အပ်ငွေပမာဏ၊ အပ်ငွေအပေါ် အတိုးတို့ကို သတ်မှတ်ရေး၊ အများဆုံးချေးနိုင်သည့် ပမာဏ သတ်မှတ်ရေးစသည်တို့ကို အလေးထား ဆောင်ရွက်မှုသာ အနာဂတ်တွင် တိုးတက်အောင်မြင်မှုများ ပိုမိုရရှိမည်ဖြစ်ကြောင်း ညှိနှိုင်းအကြံပြုကြသဖြင့် ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

သတင်းမြင်ကွင်း

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ စက်တင်ဘာလဆန်း ကတည်းက မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလဲကျေးရွာ၌ ကမ်းပါးများပြိုကျမှု ဖြစ်ပွားခဲ့ရာ အဆိုပါ ကမ်းပါးပြိုကျမှုနှင့်အတူ ရွာဦးရှိ ရှေးဘုရားစေတီတစ်ဆူမှာ ဧရာဝတီမြစ်အတွင်းသို့ သက်ဆင်းသွားခဲ့သည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

လဘန်အောင် (ကချင်မြေ)

IKBZ Insurance Co.,Ltd ရှမ်းပြည်နယ်ရုံးချုပ် ဖွင့်လှစ်

တောင်ကြီး စက်တင်ဘာ ၂၆

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance)၏ ရှမ်းပြည်နယ်ရုံးချုပ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၁၅၄ ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အာမခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကူညီပံ့ပိုး

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် ပုဂ္ဂလိက အာမခံလုပ်ငန်းလိုင်စင် ရရှိသော ကုမ္ပဏီကိုးခုတွင် အပါအဝင်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်က စတင်၍ အာမခံလုပ်ငန်းများကို ရန်ကုန်မြို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်ကစတင်၍ အထက်မြန်မာပြည်ရုံးချုပ်ကို မန္တလေးမြို့တွင်လည်းကောင်း စတင်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

ကူညီပံ့ပိုး

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင်မြင်ရေးအတွက် အာမခံလုပ်ငန်းသည် အဓိကမဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမှ အာမခံအကာအကွယ်ပေးခြင်းဖြင့် အဓိကကူညီပံ့ပိုး အထောက်အကူပြုသွားမည် ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ပြောကြားသည်။

(မြန်မာ့အလင်း)

ကမ္ဘောဇ အာမခံလုပ်ငန်း၏ ရှမ်းပြည်နယ် ရုံးချုပ် ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အဆိုပါ ရုံးရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။

လှိုင်သာယာတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများအတွက် ရွှေလင်ပန်း စက်မှုမြို့သစ်နှင့် ကျန်စစ်မင်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပထမတည်ဆောက်နေသည့် ရွှေလင်ပန်းစက်မှု မြို့သစ်တန်ဖိုးနည်း အိမ်ရာစီမံကိန်း လူနေတိုက်ခန်းများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက လူနေတိုက်ခန်းများ တည်ဆောက်ခြင်းလုပ်ငန်းခွင်ရှိ ယာယီရှင်းလင်းဆောင်၌ အလုပ်သမားစံချိန်စံညွှန်းများနှင့် ပြည့်မီအောင် အထူးအလေးထား ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

ရွှေလင်ပန်းချောင်း မြောက်ဘက်၊ စက်မှုဇုန်တောင်ဘက်နှင့် ကျန်စစ်သားလမ်းမကြီးအရှေ့ဘက်ရှိ မြေတိုင်းအမှတ် (၂၆) တွင် ဧကထောင်ကျော်ရှိ ၃၆ ဧက၌ အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်မည်ဖြစ်ပြီး ၃၂ လုံးတွင် Steel Structureဖြင့် ၂၂ လုံး၊ အာရ်စီ ၁၀ လုံးဖြင့် အထပ်လေးထပ်ပါဝင်သော အခန်းပေါင်း ၇၆၈ ခန်း ပါဝင်သည့် (၁၈×၂၆) ပေအကျယ် အခန်းတစ်ခန်းကို သိန်း ၁၀၀ ဖြင့် ကျောင်း၊ ဆေးရုံ၊ ရဲစခန်း၊ မီးသတ်ဌာန၊ လမ်းမီးခတ်တိုင်၊ ရေမြောင်း၊ ရေမီးအစုံဖြင့် PAE စနစ်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး Steel Structure နှင့် အာရ်စီ အဆောက်အအုံ ခွဲခြားတည်ဆောက်ထားခြင်းဖြစ်သည်။ အရည်အသွေးကောင်းမွန်ပြီး တန်ဖိုးနည်းနိုင်သမျှနည်းစေရန် စမ်းသပ်ဆောက်လုပ်၍ အားသာချက် အားနည်းချက်ကို သိရှိနိုင်ရန်နှင့် တန်ဖိုးငွေကျပ် သိန်း ၁၀၀ သတ်မှတ်ခြင်းသည် တည်ဆောက်စဉ်ကာလ၌ လျှပ်စစ်မီးအတွက် မီးစက်ဖြင့် အသုံးပြုဆောင်ရွက်ရ၍ အနှစ် ၃၀ ဂရန်ပါရှိကာ ဝင်ငွေအနည်းဆုံးဝန်ထမ်း နှင့် စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများနှင့် အခြေခံလူတန်းစားများအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေ၍ ကျန်ငွေကို အရစ်ကျစနစ်ဖြင့် သွင်းရမည်ဖြစ်ကြောင်း၊ အဆိုပါ တိုက်ခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်၍ ၂၀၁၃ ခုနှစ် ဇွန်လမှ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ကျန်စစ်မင်း တန်ဖိုးနည်းအိမ်ရာ စီမံကိန်းသည်လည်း ကျန်စစ်သားလမ်း အရှေ့ဘက် ထွန်းဖောင်ဒေးရှင်း ဆေးရုံ ၅၂ ဧကကျယ်ဝန်းသော မြေနေရာတွင် မြေသားများ စတင်ဆောင်ရွက်ထားပြီး မိုးရာသီကာလ၌ လုပ်ငန်းရပ်နားထားကာ အခန်းပေါင်း ၂၉၂၀ ကျော်ပါဝင်သော အမြင့် ငါးထပ်၊ ခြောက်ထပ် လေးဖက်လှပုံစံဖြင့် ရှစ်ခန်းတွဲ၊ ခြောက်ခန်းတွဲပါရှိမည်ဖြစ်ပြီး တစ်ခန်းလျှင် ငွေကျပ် သိန်း ၁၃၀ ဖြင့် ကျောင်း၊ ဆေးခန်း၊ ရဲစခန်းအပါအဝင် ရွှေလင်ပန်း စက်မှုမြို့သစ် တန်ဖိုးနည်း အိမ်ရာကဲ့သို့ ပြင်ဆင်ဆောက်လုပ်ထားကာ စီမံကိန်းမှာ နှစ်နှစ်ကြာမည် ဖြစ်ကြောင်း ပြည်သူများ လူမှုဘဝတိုးတက်မြင့်မား၍ အိမ်ရာအဆောက်အအုံများ ခေတ်မီစွာပိုင်ဆိုင်နိုင်ရန် တန်ဖိုးနည်းအိမ်ရာများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း ဆက်လက်အကောင်အထည်ဖော်တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိမိတင်နှင့် တွေ့ဆုံမေးမြန်းမှုမှ သိရသည်။

မောင်သင်းပျံ့

ဗန်ကောက်မြို့သို့ လူကုန်ကူးခံရသည့် အမျိုးသမီးလေးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မိဘများထံ ပြန်လည်အပ်နှံ

မုံရွာ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးလေးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က အချိန်မီကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့၏ မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဒွန်းက ပြောကြားသည်။

အဆိုပါ အခမ်းအနား၌ လူကုန်ကူးခြင်းခံရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ပြောကြားရာတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၁ ရက်က ယင်းမာပင်မြို့နယ် ချင်ပုံးကျေးရွာနေ ဦးလှဌေးနှင့် သမီးဖြစ်သူ မခင်ယုလှိုင်တို့က ဒေသခံ မြန်မာအမျိုးသမီးလေးဦးတို့ကို ထိုင်းနိုင်ငံသို့ တရားဝင်ဗီဇာဖြင့် သွားရောက်လုပ်ကိုင်ရမည်ဖြစ်သည့်အတွက် လူတစ်ဦးလျှင် ငွေကျပ်လေးသိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ အကယ်၍ ပြည်ပနိုင်ငံ၌ အလုပ်မရရှိခဲ့ပါက ဝန်ဆောင်စရိတ်ကုန်ကျငွေ၏ ငွေနှစ်ဆကို ပြန်လည် ပေးလျော်မည်ဖြစ်ကြောင်း ယုံကြည်အောင် ကတိကဝတ်များ ပြုကာ ပြောဆိုစည်းရုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမျိုးသမီးငယ်လေးဦးတို့သည် ဦးလှဌေးတို့သားအဖနှစ်ဦး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့ရာ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ တရားမဝင်နည်းလမ်းများဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်ဟု ၎င်းမြန်မာအမျိုးသမီးလေးဦးတို့က ပြာပြသည်။

စက်တင်ဘာ ၁၈ ရက် ည ၈ နာရီခွဲက အဆိုပါ မြန်မာအမျိုးသမီးလေးဦးအနက်မှ တစ်ဦးဖြစ်သူ မ---က မိဘများထံ ဖုန်းဆက်သွယ်ပြောဆို၍ ဗန်ကောက်မြို့ရှိ အခန်းတစ်ခုအတွင်း လှောင်ပိတ်ခံထားရကြောင်းနှင့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အတိအကျပြောဆိုခဲ့သဖြင့် ဖခင်ဖြစ်သူက စက်တင်ဘာ ၁၉ ရက်တွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့သို့ လိပ်မူ၍အကြောင်းကြားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက နိုင်ငံတကာ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များထံ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ လူကုန်ကူးခြင်းခံရသည့် မြန်မာအမျိုးသမီးငယ်လေးဦးတို့ကို အချိန်မီကယ်တင်ပေးနိုင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်က မြဝတီမြို့ မြန်မာ-ထိုင်းနယ်စပ် နှစ်နိုင်ငံချစ်ကြည်ရေးတံတား မုခ်ဦးတွင် M.A.T မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး မြဝတီနယ်မြေတာဝန်ခံ ရဲမှူးအောင်ဌေးနှင့်အဖွဲ့က လက်ခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူကုန်ကူးခြင်းခံရသည့် မြန်မာအမျိုးသမီးငယ် လေးဦးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဒွန်းက ၎င်းတို့၏ မိဘဆွေမျိုးများထံ လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ကြူအင်း

ပြည်တွင်းသတင်း

စီမံကိန်းများရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားကို ရယူအကောင်အထည်ဖော် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လက်ရှိထုတ်လုပ်မှုများထက် နှစ်ဆတိုးတက်အောင်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုဆိုင်ရာများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ စီးပွားရေးနှင့် စီမံကိန်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(ယာပုံ)**က စီမံကိန်းများ အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်အောင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများကို ရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားကို ရယူ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များကို ဦးစားပေးသွားရန် လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လက်ရှိထုတ်လုပ်မှုများထက် နှစ်ဆတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့် အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ ဆိပ်ကမ်းနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍအလိုက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ နိုင်ငံတော်သမ္မတ၏ လပေါင်း ၃၀ အတွင်း အဓိကဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စီမံကိန်းများရေးဆွဲရာတွင် ဦးစားပေးလုပ်ဆောင်ရန်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက မိမိတို့အစိုးရအဖွဲ့ကို ပြည်သူများက ရွေးချယ်ထားခြင်း ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒကို အကောင်အထည်ဖော်နိုင်မှုနှင့် လက်ငင်းအကျိုးသက်ရောက်မှုတို့အပေါ် မူတည်၍ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အကဲဖြတ်ကာ ပြည်သူ့အစိုးရအဖြစ် အသိအမှတ်ပြုမှာဖြစ်ပါကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုအပ်ချက် ဆန္ဒများအပေါ် မူတည်ပြီး ရေးဆွဲသွားရမှာဖြစ်ပါကြောင်း၊ အလားတူတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မြို့နယ်များ၏ လိုအပ်ချက်နှင့် ဒေသခံပြည်သူများ၏ဆန္ဒများအပေါ် မူတည်၍ စီမံကိန်းများရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များနှင့် လတ်တလောလိုအပ်မှုများကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးသွားရမှာ ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ပထမငါးနှစ်ကာလအတွင်း ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် မြို့နယ်အဆင့်စီမံကိန်းများ ပီပြင်မှသာလျှင် ပြည်သူများ အဆင်ပြေမှာဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် အဆိုပြုလျာထားချက်များကို သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီ၍ ထိရောက်မှုရှိသော ရင်းနှီးမြှုပ်နှံရန်လျာထားချက်များကို ဖြစ်ရန်လိုအပ်ကြောင်း၊ ယနေ့ညှိနှိုင်းရေးဆွဲကြမည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ စီးပွားရေးစီမံကိန်းများ၏ အကျိုးကျေးဇူးကို ၂၀၁၄-၂၀၁၅ ခုနှစ်တို့တွင် ပြည်သူများတိုက်ရိုက်ထိတွေ့ ခံစားနိုင်အောင် အဓိကထားရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ထိုင်းနိုင်ငံမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အဖွဲ့သည် ထိုင်းနိုင်ငံ The Princess of Naradhiwas Universityမှ ချီးမြှင့်သော စီမံခန့်ခွဲရေးအုပ်ချုပ်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (The Honorary Degree of Doctor of Business Administration Program in Management) အား လက်ခံရန်အတွက် ထိုင်းနိုင်ငံသို့ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်ထိ သွားရောက်ခဲ့သည်။

စက်တင်ဘာ ၂၂ ရက် ည ၇ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Swisotel Nai Lai Park Hotel ၌ အရှေ့အာရှ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (Asia Disaster Preparedness Center)မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် ထိုင်းနိုင်ငံတောင်ပိုင်း ဟတ်ရိုင်မြို့နှင့် နာရာသီဝပ်မြို့တို့သို့ သွားရောက်သည်။

စက်တင်ဘာ ၂၄ရက်တွင် The Princess of Naradhiwas University ဘွဲ့နှင်းသဘင်ခန်းမ၌ ထိုင်းနိုင်ငံ ဘုရင့်သမီးတော် Her Royal Highness Princess Maha Chakari Sirindorn နှင့် တွေ့ဆုံ၍ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ကဒုံကနိကျေးရွာ၌ မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် ဒေါ်ငြိမ်းကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့အတွက် ထိုင်းနိုင်ငံဘုရင့်သမီးတော်က လှူဒါန်းပေးခဲ့မှုများအား နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ဘုရင့်သမီးတော်အားအမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ဆက်လက်၍ စီမံခန့်ခွဲရေး အုပ်ချုပ်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်ရာ ထိုင်းနိုင်ငံဘုရင့်သမီးတော်က The Princess of Naradhiwas University ၏ စီမံခန့်ခွဲရေးအုပ်ချုပ်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (The Honorary Degree of Doctor of Business Administration Program in Management) ကို ပြည်ထောင်စုဝန်ကြီးထံပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ Swisotel Nai Lai Park Hotel ၌အရှေ့အာရှသဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန(Asia Disaster Preparedness Center) မှ Executive Director ဖြစ်သူ Professor. Dr. Karasea Chanawongse ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး သဘာဝအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ထမ်းဆောင်နေစဉ် ထိခိုက်လွယ်သော အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုကရုဏာစောင့်ရှောက်ရေးလုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းများတွင် အောင်မြင်မှုများရရှိခြင်း၊ သဘာဝအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံအုပ်ချုပ်နိုင်ခြင်း၊ အထူးသဖြင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မြန်မာအမျိုးသမီးထုကြီးအတွက် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံအားသွန်ခွန်စိုက် စီမံခန့်ခွဲထမ်းဆောင်နိုင်မှုများကြောင့် ထိုင်းနိုင်ငံ The Princess of Naradhiwas University မှ အဆိုပါ စီမံခန့်ခွဲရေး အုပ်ချုပ်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (The Honorary Degree of Doctor of Business Administration Program in Management) ကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂမ်လန်ရာဇီ ချစ်ကြည်ရေး

* တို့မြန်ပြည် မြောက်ဖျားက
မြင့်မားတဲ့တောင်များရှိရာ၊
"ဂမ်လန်ရာဇီ" အမည်ရတဲ့
တောင်ထွတ်လှလှတစ်ခုဆီမှာ။
မြန်မာ-အမေရိကန်တောင်တက်အဖွဲ့များ
တစ်ယောက်အား တစ်လက်ညီလို့၊
ရောက်ခဲ့ပြီ တောင်ထွတ်အဖျားဆီ
စုပေါင်းညီစွမ်းပကားနဲ့
တစ်မိသားပုံသို့။

* နှစ်နိုင်ငံအလံများလွှင့်ထူပြီး
ရင်းရင်းနှီး ချစ်ကြည်စွာ၊
ပေါင်းစုကာ သည်ရလဒ်ရဲ့
မြတ်လှတဲ့အကျိုးတရားပါ။
အရှေ့နဲ့အနောက်သာကွာသော်ငြား
တွဲလက်များ မြဲခိုင်လို့၊
မြန်မာတို့ရဲ့ဆွေနိုင်ငံ
အမေရိကန်နဲ့တူလက်တွဲ
ရွှေအောင်ပွဲဆီသို့။

* တောင်တက်သည့်အားကစားနဲ့
တို့စိတ်ဓာတ်များပေါင်းစုကာ၊
တူညီညာ နှစ်ပြည်ထောင်များ
ဆွေသားရင်းပမာ။
ဆက်ဆံရေးနွေးထွေးစွာ
ရင်းနှီးကာတွဲလက်များ၊
မြေကမ္ဘာမှာ အနေသာခြားသော်လည်း
ဆွေရင်းချာပမာပုံသို့
မြဲခိုင်လို့ထား။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ရေးကိစ္စရပ်များ (Environmental Impact Assessment) အပါအဝင် ပတ်ဝန်းကျင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအဆင့်အတန်း ကျဆင်းခြင်းတို့မှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ် (UN-REDD)စီမံကိန်းများ၊ အင်းတော်ကြီးကန်နှင့် အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms. Katja Noorgaard တို့သည်စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအတွက် စိစစ်အကဲဖြတ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ရွေးချယ်လျက်ရှိ

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် အချစ်ကျိုင်၊ မေခင်ကညာ၊ ချစ်တယ်ပြောမှလွှတ်မယ်၊ ငါမင်းကို----၊ လက်ပံ၊ မော်ကင်းဉဒါန်း၊ သွားလူဆိုး ဒါမျိုးတော့တတ်တယ်၊ နှစ်ပင်လိမ်တဲ့ ရည်းစားစာ၊ ဥ၊ ကယန်းအလှ၊ အလန်းလွန် အလွန်လန်း၊ တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ၊ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ၊ အမုန်းမီးတောက်၊ အမွေခံထိုက်သူဖြစ်ပါစေ၊ ဟက်ထိတယ်-၂၊ အထာအသစ်နဲ့ နှစ်ခါချစ်မယ် ဟူသည့် ရုပ်ရှင်ကား ၁၇ ကားကို ကြည့်ရှုအကဲဖြတ်ရန် အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အဆိုပါအဖွဲ့တွင် ဒါရိုက်တာ ဦးကြည်စိုးထွန်း(ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် ဒါရိုက်တာ ဦးသက်မောင်မောင်၊ ဒါရိုက်တာ ဒေါ်သင်းသင်းယု၊ ဓာတ်ပုံပညာရှင် ဦးထွန်းလှိုင်၊ ဓာတ်ပုံပညာရှင် ဦးမောင်မောင်မြင့်၊ သရုပ်ဆောင် ဒေါ်ခင်သီတာထွန်း၊ သရုပ်ဆောင် မောင်သန်းဝင်း၊ တည်းဖြတ်ပညာရှင် ဦးတင်ငြိမ်း၊ ဇာတ်ညွှန်းပညာရှင် ဒေါ်ယဉ်ယဉ်လှဲ့၊ ဇာတ်ညွှန်းပညာရှင် ဦးအေးကြူလေး၊ အသံပညာရှင် ဦးဖိုးထောင်၊ အသံပညာရှင် ဦးကြည်မင်းသိမ်း၊ တေးဂီတပညာရှင် ဦးတင်ဝင်းလှိုင်၊ တေးဂီတပညာရှင် ဦးစောနု၊ စာရေးဆရာ နုနုရည်(အင်းဝ)၊ ရုပ်ရှင်အကြောင်းဝေဖန်ရေးသားသူ ဒေါ်ခင်ပန်နှင်းနှင့် ဦးဝင်းသူ (ညွှန်ကြားရေးမှူး၊မြန်မာ့ရုပ်ရှင်လုပ်ငန်း) အတွင်းရေးမှူးတို့ပါဝင်သော ၁၇ဦးပါအဖွဲ့ဖြင့် ၂၇-၆-၂၀၁၃ရက်မှ ၂၉-၇-၂၀၁၃ ရက်အထိ ကြည့်ရှုအကဲဖြတ်ခဲ့သည်။

အဖွဲ့ဝင်များ၏ စိစစ်ကြည့်ရှု အကဲဖြတ်ချက်နှင့်အညီ ထူးချွန်ဆုများ ရွေးချယ်ချီးမြှင့်ရန် ထိုက်တန်သော ဇာတ်ကားများဖြစ်သည့် လက်ပံ၊ မော်ကင်းဉဒါန်း၊ ဥ၊ ကယန်းအလှ၊ တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ၊ အမုန်းမီးတောက်၊ အမွေခံထိုက်သူဖြစ်ပါစေ ဇာတ်ကားခုနစ်ကားကို စိစစ်အကဲဖြတ်၍ ပဏာမအဆင့်ရွေးချယ်ပေးခဲ့သည်။

အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့မှ စိစစ်အကဲဖြတ်ပေးခဲ့သော ၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများရွေးချယ်ရန် ထိုက်တန်သော ဇာတ်ကားခုနစ်ကားကို သတ်မှတ်ချီးမြှင့်လျက်ရှိသည့် ထူးချွန်ဆု ၁၁ ဆုကို အကဲဖြတ်ရွေးချယ် ချီးမြှင့်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဒုတိယအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့ကို ဒါရိုက်တာ ဦးနှင်းမိုး(ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် ဒါရိုက်တာ ဦးဇော်ထက်၊ ဒါရိုက်တာ ဦးမျိုးဇော်အောင်၊ ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦး၊ ဓာတ်ပုံပညာရှင် ဦးဆန်နီတင်၊ ဇာတ်ညွှန်းပညာရှင် ဒေါ်ခင်လေးသိမ့်၊ ဇာတ်ညွှန်းပညာရှင် ဦးချစ်ဦးညို၊ တည်းဖြတ်ပညာရှင် ဦးဆွေဆက်၊ သရုပ်ဆောင် ဦးဌေးအောင်၊ သရုပ်ဆောင် စိုးသိမ်းထွဋ်၊ တေးဂီတပညာရှင် ဦးမောင်မောင်လတ်၊ တေးဂီတပညာရှင် ဦးလှဆန်းဦး၊ အသံပညာရှင် ဦးအေးမြင့်၊ အသံပညာရှင် ဦးကိုမြင့်၊ စာပေပညာရှင် ဦးနွမ်ဂျာသိုင်း၊ ရုပ်ရှင်အကြောင်း ဝေဖန်ရေးသားသူ ဦးမြတ်ခိုင်နှင့် ဦးဝင်းသူ(ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) အတွင်းရေးမှူးတို့ပါဝင်သော ၁၇ ဦးပါ အဖွဲ့ကို ၁၉-၉-၂၀၁၃ ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဒုတိယအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့သည် အခြေခံအဆင့် စိစစ်အကဲဖြတ်ရေးအဖွဲ့မှ အကဲဖြတ်ပေးခဲ့သော ရုပ်ရှင်ဇာတ်ကား ခုနစ်ကားကို ၃၀-၉-၂၀၁၃ ရက်နေ့မှ စတင်ကြည့်ရှုစိစစ်ဆေးအကဲဖြတ်ပြီး သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီသည့် ရုပ်ရှင်ထူးချွန်ဆုများအား အဖွဲ့ဝင်များ၏ စိစစ်အကဲဖြတ်ချက်နှင့်အညီ ရွေးချယ် သွားမည်ဖြစ်ကြောင်း စိစစ်အကဲဖြတ်ရေးအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၁၅ မိုင် ယာဉ်ရပ်နားစခန်းရှိ ကျူးကျော်ဈေးဆိုင်ခန်းများ ရှင်းလင်း သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းရှိ ကျူးကျော်ဈေးဆိုင်ခန်းများ ရှင်းလင်းသွားပြီဖြစ်၍ သန့်ရှင်းသာယာလှပရေးကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ဖွင့်လှစ်ပြီးနောက် ယာဉ်များခေတ္တရပ်နားအပန်းဖြေနိုင်ရန် ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းကို ယာဉ်ရပ်နားကွင်းများ၊ စားသောက်ဆိုင်ခန်းများဖြင့် စနစ်တကျတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

စတင်ဖွင့်လှစ်ခါစက ကျူးကျော်ဆိုင်ခန်းများ ဈေးသည်များ မရှိခဲ့သော်လည်း မကြာမီတွင် အနီးဝန်းကျင်မှ လာရောက်ရောင်းချသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် ယာဉ်ရပ်နားကွင်းများ၊ လမ်းဘေး ပလက်ဖောင်းများနှင့် ပန်းအလှခုံများတွင် ကျူးကျော်ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခဲ့ရာ ဆိုင်ခန်းပေါင်း ၁၀၇ ခန်းထိ ရှိလာခဲ့သည်ဟု သိရှိရသည်။**(အောက်ပုံ)**

ယင်းသို့ စည်းကမ်းမဲ့ရောင်းချလာမှုကြောင့် ပလက်ဖောင်းနှင့် ပန်းအလှခုံတို့မှ အုတ်ခုံများ ပျက်စီးခြင်း၊ ဈေးသည်အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၊ မီးမွှေးချက်ပြုတ်မှုကြောင့် ယာဉ်များမီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ ခရီးသည်များ၏ ပစ္စည်းများပျောက်ဆုံးခြင်း၊ ယာဉ်နှင့် ခရီးသည်များ လုံခြုံစိတ်ချရမှုကင်းမဲ့လာခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားခြင်း၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းနှင့် ယာဉ်ရပ်နားကွင်း၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ပျက်စီးစေခြင်းစသည်တို့ဖြစ်ပေါ်လာခဲ့သည်။

ထို့ပြင် ယာဉ်များမှာလည်း ယာဉ်ရပ်နားကွင်းတွင် ကောင်းမွန်စွာရပ်နားနိုင်ခြင်းမရှိသောကြောင့် စားသောက်ဆိုင်ကြီးများ၏ရှေ့ ယာဉ်သွားလမ်းပေါ်တွင် လည်းကောင်း၊ ဆိုင်တစ်ခုနှင့်တစ်ခု အကြားတွင်လည်းကောင်း သွားရောက်ရပ်နားနေကြရသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူးက ယာဉ်ရပ်နားစခန်းကို စက်တင်ဘာ ၂၅ ရက်တွင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရမည်ဖြစ်၍ လမ်းဘေးပလက်ဖောင်းများ၊ ယာဉ်ရပ်နားကွင်းနှင့် ပန်းအလှခုံတို့တွင် ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများကို စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း ဖယ်ရှားပေးရန် စက်တင်ဘာ ၁၈ ရက်တွင် အမိန့်ကြော်ငြာစာတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဈေးဆိုင်များက စက်တင်ဘာ ၂၄ ရက်တွင် ၎င်းတို့ဘာသာ ဖယ်ရှားပေးခဲ့ကြကြောင်း သိရှိရသည်။

"ဒီဆိုင်ခန်းတွေက တရားဝင်ဖွင့်ခွင့်ပေးခဲ့တာမဟုတ်ပါဘူး။ တစ်ယောက်စ၊ နှစ်ယောက်စ ဈေးလာရောင်းရာကနေ ဆိုင်ခန်းတွေနဲ့ ရောင်းတဲ့အထိ ဖြစ်လာတာပါ။ ဒီဈေးဆိုင်တွေကြောင့် ခရီးသွားပြည်သူတွေအနေနဲ့ ယာဉ်ရပ်နားတဲ့နေရာကနေ စားသောက်ဆိုင်တွေဆီကို သွားလာတဲ့အခါ အနှောင့်အယှက်ဖြစ်ရပါတယ်။ ကျန်းမာရေးနဲ့လည်း မညီညွတ်တာတွေဖြစ်လာပါတယ်။

"မြန်မာနိုင်ငံကို လာရောက်ကြတဲ့ နိုင်ငံခြားသားတွေလည်း ဒီလမ်းမကြီးနဲ့ ဒီယာဉ်ရပ်နားစခန်းကို ဝင်ထွက် သွားလာနေကြပါတယ်။ နောက်ပြီး မကြာမီဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပတော့မယ်။ ၂၀၁၄ ခုနှစ်မှာလည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမယ်ဆိုတော့ ဒီလမ်းမကြီးကို နိုင်ငံခြားသားတွေ မပြတ်လာရောက်ကြမှာပါ။ အဲဒီလိုအခြေအနေမှာ ဒီဆိုင်တွေက အမြင်မတင့်တယ်သလို ဖြစ်နေပါတယ်။ ဒါကြောင့် သူတို့ရဲ့ရောင်းကုန်ပစ္စည်း လက်ကျန်လေးတွေ အပြတ်ရောင်းချနိုင်ဖို့ တစ်ပတ်လောက် အချိန်ပေးပြီးမှ ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံခဲ့တာပါ"ဟု အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဈေးဆိုင်ခန်းများရှင်းလင်းသွားပြီဖြစ်သဖြင့် အမြန်လမ်းမကြီးပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ယာဉ်ရပ်နားကွင်းအတွင်း ယာဉ်များစနစ်တကျရပ်နားနိုင်ရန် မျဉ်းများပြန်လည်ရေးဆွဲခြင်း၊ ပျက်စီးယိုယွင်းသွားခဲ့သည့် ပန်းအလှခုံများ၊ ပလက်ဖောင်းများပြန်လည်ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း၊ ညစ်ပတ်ပေရေနေသည်များကို ပြန်လည်ဆေးကြောသန့်ရှင်းခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အခုလိုကျွန်တော့်ကျန်းမာရေး ကောင်းမွန်သွားတာဟာဆရာကြီးတို့နဲ့မိသားစုရဲ့ဖြူစင်တဲ့ မေတ္တာစေတနာတွေကြောင့်မို့ ဆရာကြီးတို့နဲ့ မိဘတွေရဲ့ ကျေးဇူးကို ပြန်လည်တုံ့ပြန် သွားမှာဖြစ်ပါတယ်"ဟု ကိုဝင်းဇော်ဦးက ရင်ဖွင့်ပြောကြားခဲ့သည်။

ကိုဝင်းဇော်ဦးသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းရွာတွင် မွေးချင်းလေးဦးနှင့်အတူ မိဘနှစ်ပါးအပါအဝင် မိသားစုခြောက်ဦးအတူ နေထိုင်လျက်ရှိပြီး ရိုးရာတောလေ့အလုပ်များကိုသာ လုပ်ကိုင်အသက်မွေးလျက်ရှိသည်။ မိသားစုတစ်ခုလုံးက တောသူတောင်သားများဖြစ်၍ ရိုးသားကြပြီး မိဘနှစ်ပါးမှာလည်း ကျန်းမာရေးချို့တဲ့၍ ဆေးကုသမှုများကို ခံယူနေကြရသည်။ ကိုဝင်းဇော်ဦး၏ အသက်မှာ ယခုအခါတွင် (၃၆ နှစ်)ရှိပြီဖြစ်သည်။

"မောင်ဝင်းဇော်ဦးက တော်တော့ကို ကံကောင်းပါတယ်။ စင်ကာပူနိုင်ငံမှာလည်း ဒါပထမဆုံးအောင်မြင်တဲ့ ခွဲစိတ်ကုသမှုပါပဲ။ ဟိုက ဆရာဝန်ကြီးတွေကလည်း ပြောပါတယ်။ နှာခေါင်းကခွဲစိတ်ရမှာဖြစ်ပြီး ဦးနှောက်နောက် ဘက်မှာရှိတဲ့ ဦးခေါင်းခွံမာကို လွန်နဲ့ထိုးဖောက်ခွဲစိတ်ရတဲ့အတွက် တော်တော့ကို အန္တရာယ်များပါတယ်။ သူတို့ကလည်းရာခိုင်နှုန်း ၅၀ ပဲလို့ပြောပါတယ်။ ဒါပေမယ့် ကိုဝင်းဇော်ဦးက လုံးဝတုန်လှုပ်မှုမျိုးမရှိဘဲ ကျွန်တော့်ကို ဆရာ့သဘောပါပဲလို့ပြောတာနဲ့ ယုံယုံကြည်ကြည်နဲ့ ခွဲစိတ်ခိုင်းလိုက်တာ အခုလို အောင်မြင်ခဲ့တာပါပဲ"ဟု အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်ဝင်းက ရှင်းပြခဲ့သည်။

ကိုဝင်းဇော်ဦးကို စင်ကာပူ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဦးနှောက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီးများက စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရှစ်နာရီကြာခွဲစိတ်မှုကို အောင်မြင်စွာဖြင့် အဆုံးသတ်နိုင်ခဲ့သဖြင့် ယခုအခါကိုဝင်းဇော်ဦးသည် ကျန်းမာရေးကောင်းမွန်သည့် သာမန်လူတစ်ဦးအနေဖြင့် ရပ်တည်နေနိုင်ပြီဖြစ်သည်။ အဆိုပါဆေးကုသမှုအတွက် ကုန်ကျစရိတ်မှာ စင်ကာပူဒေါ်လာ ခုနစ်သောင်းကျော်ကုန်ကျခဲ့သည်။ ကိုဝင်းဇော်ဦးသည် နိုဝင်ဘာ ၁၁ ရက်တွင်လည်း စင်ကာပူနိုင်ငံ အထွေထွေရောဂါကုဆေးရုံကြီးသို့ တစ်ကျော့ပြန်လည်သွား ရောက်ပြသရမည်ဖြစ်သည်။ ကိုဝင်းဇော်ဦးကို စေတနာသဒ္ဓါထက်သန်သည့် ပြည်သူများအနေဖြင့် လာရောက် ကူညီလှူဒါန်းလိုလျှင် ရန်ကုန်မြို့ လမ်း ၃၀ ဆေးခန်းနှင့် လမ်း ၂၀ နိုပယ်ဆေးခန်းတို့သို့ လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘက်ထရီသုံးဆိုင်ကယ်အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးလာ

မန္တလေး စက်တင်ဘာ ၂၆

ဘက်ထရီသုံးဆိုင်ကယ်ယာဉ်များ အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းပါးလာမည်ဟု ယူဆချက်နှင့်ပတ်သက်၍ အိတ်ဇောမှ မီးခိုးမထွက်သဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဘက်ထရီသုံးဆိုင်ကယ်များနှင့် ပတ်သက်၍ အခွန်အခသက်သာစွာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်မှ စတင်တင်သွင်းခွင့်ပြုခဲ့ရာ မန္တလေးတိုင်းအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အစီး ၁၂၃၀ ကို လိုင်စင်ခွင့်ပြုထားရှိပြီးဖြစ်ကြောင်း၊ ဌာနအနေဖြင့် ဘက်ထရီယာဉ်များ တင်သွင်းရန်ကိစ္စနှင့်ပတ်သက်၍ အထူးညွှန်ကြားချက်မရှိသေးကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။ ကျင်းပဆဲ တိုင်းဒေသကြီးလွှတ်တော် နဝမနေ့တွင် ကိုယ်စားလှယ် ဒေါ်တင်တင်မာ၏ စက်တပ်လောင်စာသုံးယာဉ်များအစား ဘက်ထရီသုံး သို့မဟုတ် ရောင်ခြည်သုံးယာဉ်များ ပိုမိုတင်သွင်းခွင့်ပြုရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းအပေါ် တိုင်းဒေသကြီးဝန်ကြီးက ဖြေကြားသွားခြင်းဖြစ်သည်။ မော်တော်ဆိုင်ကယ်များ များပြားစွာအသုံးပြုလာသည်နှင့်အမျှ ယာဉ်တိုက်မှုများ များပြားလာသည်ဆိုသည်မှာ မှန်ကန်ကြောင်း၊ မဆင်မခြင် မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်းတို့ကြောင့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားနေရခြင်းဖြစ်ပါသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး စီးနင်းမှုသာ မတော်တဆမှုလျော့နည်း လာစေမည်ဖြစ်ကြောင်းကိုလည်း ဝန်ကြီးက ထည့်သွင်းဖြေကြားသွားသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၃၀ ရက်အထိ စက်တပ်ယာဉ် မှတ်ပုံတင်ပြီး ၁၀၆၆၄၇၉ စီးရှိပြီး မန္တလေးမြို့အတွင်း မော်တော်ယာဉ်အစီးရေ ၆၂၃၅၀၅ စီး၌ နှစ်ဘီးတပ်မော်တော်ဆိုင်ကယ် ၅၄၁၅၇၅ စီးပါဝင်နေကြောင်း သိရသည်။ **ဒီစီအီး(မန္တလေး)**

နွေကာလအတွက်(ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ လမ်း/ တံတားများအသုံးပြုမောင်းနှင်ရာတွင် တင်ဆောင်ခွင့်ပြုသည့်(ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက်များနှင့်ပတ်သက်၍ မိုးတွင်းကာလ၊ နွေကာလနှင့် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်သည့် (ယာဉ်+ကုန်) တန်ချိန်သတ်မှတ်ချက်သုံးမျိုးအား ကြိုတင်ထုတ်ပြန်ကြော်ငြာထားရှိခဲ့ပြီးဖြစ်သည်။

တင်ဆောင်မောင်းနှင်

၂။ မိုးတွင်းကာလသတ်မှတ်ချက်သည် ၃၀-၉-၂၀၁၃ ရက်နေ့တွင် ကုန် ဆုံးမည်ဖြစ်ပြီး နွေကာလသတ်မှတ်ချက်ဖြစ်သည့် ၁-၁၀-၂၀၁၃ ရက်နေ့မှ ၁၅-၅-၂၀၁၃ ရက်နေ့အထိ အောက်ဖော်ပြပါ ယာဉ်အမျိုးအစားလေးမျိုးသည် ပူးတွဲဖော်ပြပါ (ယာဉ်+ကုန်)သတ်မှတ်ချက်များအတိုင်း တင်ဆောင်မောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

(က) ၁၄ ဘီးကား (Lift Axle) (ယာဉ်+ကုန်) မိုးတွင်းကာလ တန် ၃၀ မှ နွေကာလ ၃၁ တန် (ဘီးအားလုံး လမ်းပေါ်ချ၍ မောင်းနှင်ရမည်)
(ခ) ၁၄ ဘီးတွဲကား(ယာဉ်+ကုန်) မိုးကာလ ၃၃ တန်မှ နွေကာလ ၃၄ တန်
(ဂ) ၁၈ ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ ၄၁ တန်မှ နွေကာလ ၄၆ တန်
(ဃ) ၂၂ ဘီးတွဲကား(ယာဉ်+ကုန်) မိုးကာလ ၄၈ တန်မှ နွေကာလ ၅၀ ဒသမ ၅ တန်

ဆောက်လုပ်ရေးဝန်ကြီးဌာန

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပါ

ပြည်တွင်းသတင်း

ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံရေး မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံ ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပထမအကြိမ် မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံ ညှိနှိုင်းအစည်းအဝေး၏အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ပြုလုပ်ရာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆပ်ကော်မတီဥက္കဋ္ဌများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ JICA မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူဝါဒများ၊ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးအတွက် ဂျပန်ကုမ္ပဏီများ သိရှိလိုသည့် အကြောင်းအရာများကို အဓိကထား၍ ဆွေးနွေးကြပြီး မြန်မာ-ဂျပန်-ထိုင်း သုံးနိုင်ငံ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်(ယနေ့)တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်သည့်ကာလတွင် လုပ်ငန်းများကို ပြည်သူဗဟိုပြုဆောင်ရွက်ကြရန်၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ကြရာတွင် တာဝန်ကျေမဟုတ်ဘဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဲင်န်ဆိုင်းက စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၆

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတုတ္ထနေ့အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေကြမ်းကို အတည်ပြုကြောင်း ကြေညာခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

အာဆီယံအကြောင်းသိကောင်းစရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံအကျိုးပြုလုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်နေသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းနိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၌ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ခေတ်စနစ်အခြေအနေတို့ကို သိရှိထားရန်လိုအပ်ပါကြောင်း၊ ယခုလာမည့် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံနှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် သိကောင်းစရာ အချက်အလက်များကို သိရှိနားလည်ထားရှိစေရန် ယခုဟောပြောပွဲကြီးကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များကို နိုင်ငံတော်ကြီး၏ ရှေ့လုပ်ငန်းစဉ်အဖြစ်ခံယူပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ရပ်ကွက်၊ ကျေးရွာ အောက်ခြေအဖွဲ့အစည်းထိ နိုင်ငံအကျိုးပြုလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ဟောပြောသည့် အာဆီယံနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် အကြောင်းအရာ ဟောပြောချက်များကို အမျိုးသမီးရေးရာအဖွဲ့ဝင်များသာမက မိမိဆွေမျိုး၊ ပတ်ဝန်းကျင်၊ အပေါင်းအသင်းများကိုလည်း ထပ်ဆင့်ဆွေးနွေးပြောကြားပေးကြပါရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အာဆီယံအကြောင်း သိကောင်းစရာ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူက အာဆီယံအကြောင်းသိကောင်းစရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းနှင့်အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးခေါင်းဆောင် ဒေါ်လင်းလင်းတင်တို့က ရှင်းလင်းဟောပြောသည့် ဒေါ်အေးအေးမူအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။

(သတင်းစဉ်)

လက်တွေ့မောင်းနှင်စစ်ဆေးမှုအောင်မြင်သူများကိုသာ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်ထုတ်ပေးလျက်ရှိ

မန္တလေး စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်၍ တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်ရလိုသူများအား ခရိုင်ရုံးများ၌ စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းအတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေစာမေးပွဲ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မော်တော်ဆိုင်ကယ်ကို လက်တွေ့မောင်းနှင်စစ်ဆေးခြင်းများပြုလုပ်၍ စစ်ဆေးမှုအောင်မြင်သူများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနေပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ပြုလုပ်ပေးမည့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ကြိုတင်အသိပေး၍ မည်သည့်နေ့ရက်တွင် ကညနစစ်ဆေးရေးအဖွဲ့ ရောက်ရှိမည်ကို ကြေညာချက်များ ထုတ်ပြန်ပေးခြင်းနှင့် လိုင်စင်လျှောက်ထားလိုသူ အနည်းဆုံး ၅၀၀ ထက်မနည်း စုစည်းထားရှိပေးရန် ညှိနှိုင်းလျက် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ထုတ်ပေးရေးကိစ္စများအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထည့်သွင်းပြောကြား

မန္တလေးခရိုင် (တောင်ပိုင်း)ရုံးအနေဖြင့် မိုးကုတ်၊ စဉ့်ကူး၊ သပိတ်ကျင်း၊ မတ္တရာမြို့များသို့ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ၃၄၉၆ ဦး ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးများဖြစ်သည့် မြင်းခြံ၊ ပြင်ဦးလွင်၊ ရမည်းသင်း၊ ကျောက်ဆည်၊ မိတ္ထီလာခရိုင်ရုံးများမှ မြို့နယ်များသို့ ရုံးပိတ်ရက်များတွင် သွားရောက်၍ လိုင်စင်သက်တမ်းတိုးပြုလုပ်ပေးရေးကိစ္စနှင့်အတူ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ထုတ်ပေးရေးကိစ္စတို့ကိုလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့တွင် ကိုယ်စားလှယ်ဦးဝင်းမြင့်၏ မေးခွန်းအပေါ် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ခွင့်ပြုထား

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး(မန္တလေး)နှင့် လက်အောက်ခံခရိုင်ရုံးများတွင် ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းကို ယခင်က အဆိုပါရုံးများ ရုံးစိုက်ရာ ခရိုင်မြို့ကြီးများတွင်သာ တိုင်းဒေသကြီးဦးစီးမှူးမှ ဖွဲ့စည်းပေးသည့်စစ်ဆေးရေးအဖွဲ့များဖြင့် ပေါင်းစပ်စုဖွဲ့ညှိနှိုင်းလျက် လုပ်ထုံးလုပ်နည်းနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စာမေးပွဲဖြေဆိုစစ်ဆေးခြင်း၊ လက်တွေ့မောင်းနှင်စေ၍ စစ်ဆေးခြင်းပြုလုပ်ကာ အောင်မြင်သူများကို ယာဉ်မောင်းလိုင်စင် ထုတ်ပေးခဲ့ပြီး ယခုအခါ နယ်မြေလူထု၏ လိုအပ်ချက်နှင့်မော်တော်ဆိုင်ကယ်များ များပြားလာသဖြင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်ကိစ္စကို သက်ဆိုင်ရာခရိုင်ရုံးများအစီအစဉ်ဖြင့် စစ်ဆေးထုတ်ပေးရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။ **ဒီစီအီး(မန္တလေး)**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(နဝမနေ့) သတင်းတိုကောက်နုတ်ချက်

မန္တလေးတိုင်းဒေသကြီးအတွင်း ကွမ်းစားပြီး စည်းကမ်းမဲ့၍ ပတ်ဝန်းကျင်အား ထိခိုက်စေမှုများမဖြစ်ပေါ်နိုင်စေရေးအတွက် ကွမ်း၊ တံတွေးထွေးရန် အမှိုက်ပုံးများ နည်းစနစ်တကျ ထားရှိဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး FM ရေဒီယို၊ ဂျာနယ်၊ သတင်းဆောင်းပါးများတွင်လည်း ပညာပေး၊ အရေးယူနိုင်ရေး အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မန္တလေးမြို့ မနော်ဟရီလမ်းမကြီး တစ်လျှောက် (၅၅) လမ်းမှ (၄၄) လမ်းအထိ လမ်းမီးထွန်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းဆောင်ရွက်ပေးသွားမည်။

ပေါင်းစည်းလယ်ယာမြေနှင့်ပတ်သက်၍ ပေါင်းစည်းလယ်ယာမြေအဖြစ် အသုံးပြုခွင့်ပေးထားခြင်းသာဖြစ်ပြီး လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့်ချထားပေးခြင်း မဟုတ်ပါသဖြင့် လယ်ယာမြေနည်းဥပဒေ ၉၀၊ ၉၁၊ ၉၂ အရ စိစစ်ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိကြောင်းနှင့် ပေါင်းစည်းလယ်ယာမြေနှင့်ပတ်သက်မှုမရှိသည့် လယ်ယာမြေပေါ် အခြားနည်းအသုံးပြုခွင့်ရရှိထားသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ နည်းဥပဒေပုဒ်မ ၉၀၊ ၉၁၊ ၉၂ တို့နှင့်အညီ ဆောင်ရွက်သွားမည်။

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စုတွင်ရှိသည့် ကျားပင်းဆည် ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေအပေါ်မူတည်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်သည့် ဧက ၅၀၀၀ အောက် ဆည်စာရင်းတွင် ထည့်သွင်းပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်သွားမည်။

သာစည်မြို့နယ်အတွင်းရှိ မုန်ကုန်းဆည်၊ ဘုန်းကြီးဆည်၊ အောင်ချင်းဆည်၊ ယင်းမကန်၊ ဘောက်ခွေးကန်၊ ရွာရစ်ကန်၊ ဆည်ကြီးပေါက်ကန် စသည့်ဆည်၊ ကန်များကို ပြန်လည်တူးဖော်ပေးရေးဆောင်ရွက်ပေးရန် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်။

ငါန်းဇွန်မြို့နယ်တွင် ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးသောတောင်သူများကို ယာမြေမှလယ်မြေအဖြစ်ပြောင်း၍ စပါးသီးနှံစိုက်ပျိုးကြောင်း သက်ဆိုင်ရာကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ကျေးရွာအုပ်စု ဈေးငွေစိစစ်ရေးအဖွဲ့တို့မှ ထောက်ခံတင်ပြပါက အဆိုပါတောင်သူများကို စပါးသီးနှံစိုက်စရိတ် သတ်မှတ်နှုန်းထားအတိုင်း ထုတ်ချေးပေးနိုင်မည်။

စဉ့်ကိုင်မြို့နယ် ရေကင်းကျေးရွာနှင့် အုတ်ဖိုပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများ ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုကျောင်းအဖြစ်တိုးမြှင့်ရန် လျှောက်ထားပြီးဖြစ်၍ အဆင့်တိုးမြှင့်ပေးရေး မြို့နယ်ပညာရေးမှူးကစိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်။

စဉ့်ကိုင်မြို့နယ်ရှိ တရုတ်စု၊ ရှမ်းကန်၊ မီးသွေးဘုတ်၊ ရွာသာယာနှင့် အလက(တွဲ)ကန်အောက်၊ အမက(မူလွန်)ကျောင်းများကို အလက(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ရန် မြို့နယ်ပညာရေးမှူးကို အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးကြည့်ရှုစေပြီး ဆောင်ရွက်သွားရမည်။

မြစ်သားမြို့နယ် အထက(ခွဲ)သာလွန်တွင် တိုးတက်လာသောကျောင်းသားဦးရေအရ စာသင်ခန်းလိုအပ်နေ၍ ပေ (၉၀×၃၀)အုတ်ညှပ်နှစ်ထပ်ကို မိဘပြည်သူများက ထည့်ဝင်ငွေကျပ် ၂၅၂သိန်းဖြင့် စတင်တည်ဆောက်နေကြောင်း၊ ကျောင်းဆောင်၏တန်ဖိုးမှာ ငွေကျပ် ၅၀၄ သိန်းဖြစ်၍ လိုအပ်သောရန်ပုံငွေ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၂၅၂ သိန်း ရရှိရန် ဩဂုတ် ၇ ရက်တွင် ညှိနှိုင်းထားပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းဖွင့်ချိန်မတိုင်မီ ကျောင်းများတွင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ လုပ်ထားရန်၊ ကျောင်းအုပ်ကြီးများသည် ကျောင်းစဖွင့်ပါက သင်ကြားရေးတွင် အဆင်သင့်ဖြစ်စေရန်လိုအပ်သည်များ ပြင်ဆင်နိုင်ရန်အတွက် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းတို့ကို နှစ်စဉ် ဧပြီလတွင် စိစစ်ရွေးချယ်ပြီး မေလတွင် အမိန့်ထုတ်ပေးကြောင်း၊ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာလတွင် စိစစ်ရွေးချယ်ပြီး အမိန့်ထုတ်ပေးကြောင်း၊ ထို့အတူ ကျောင်းအဆင့်တိုးခြင်းများကိုလည်း တစ်နှစ်လျှင်တစ်ကြိမ် ဧပြီလနောက်ဆုံးပတ်တွင် စိစစ်ရွေးချယ်ပြီး မေလထဲတွင် အဆင့်တိုးပေးကြောင်း သိရသည်။

ညောင်ဦး ခုတင်(၁၀၀)ဆံ့ ဆေးရုံအတွက် လက်ထောက်ဆရာဝန်(မျက်စိအထူးကု)တစ်ဦး ခန့်ထားပေးရန် ညှိနှိုင်းပြီးဖြစ်သည်။

ဒီစီအီး(မန္တလေး)

ပြည်တွင်းသတင်း

သီပေါမဟာမြတ်မုနိဗုဒ္ဓပူဇနီယပွဲနှင့် သံဃဒါနဆွမ်းလောင်းပွဲကျင်းပမည်

သီပေါ စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့၏ သာသနာ့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၁၈)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းကြီးလောင်းလှူပွဲကျင်းပရေး ဆရာတော်၊ သံဃာတော်များထံမှ ဩဝါဒခံယူပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက မဟာမြတ်မုနိဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေးနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားပြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါနဆွမ်းကြီးလောင်းလှူပွဲ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဦးက အလှူငွေရသုံးငွေစာရင်းရှင်းတမ်းများနှင့် ယခုနှစ်ဆောင်ရွက်မည့် အစီအမံများကို တင်ပြလျှောက်ထားကာ လုပ်ငန်းဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖတ်ကြား၍ တာဝန်များပေးအပ်သည်။

လှူဒါန်း

ယမန်နှစ်က မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါန ဆွမ်းကြီးလောင်းပွဲတွင် ရဟန်းသာမဏေ ၁၆၁၇ ပါးတို့အား ပဒေသာပင် ဆက်ကပ်လှူဒါန်းမှုမှာ ငွေကျပ်သိန်းပေါင်း ၈၀၀ ကျော်တန်ဖိုးရှိပြီး ယခုနှစ်တွင်လည်း ဘုန်းတော်ကြီးကျောင်းပေါင်း ၆၀ တို့မှ ဝါဆို ရဟန်းသာမဏေ ၁၅၉၇ ပါးတို့ကို စာရေးတံမဲဖောက်၍ ရိုးရာယဉ်ကျေးမှုမပျက် လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

စည်းကမ်းမဲ့ယာဉ်များကို အရေးယူသကဲ့သို့ လမ်းသွားများကိုလည်း ကူညီပေးစေချင်

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၃ ရက်က ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမကြီးပေါ် ယာဉ်ထိန်းရဲအရာရှိတစ်ဦး ဦးဆောင်၍ ဗီဒီယိုကင်မရာကြီးတစ်လုံးဖြင့် ကားများကို မှတ်တမ်းတင်ရိုက်ကူးနေသည်။ ကျန်ယာဉ်ထိန်းရဲအချို့က စည်းကမ်းနှင့်မညီ ရပ်တန့်နေသောယာဉ်များကို ဖမ်းဆီးနေသည်။

ထိုအချိန် ၎င်းတို့ရှေ့ လူကူးမျဉ်းကျားပေါ်၌ ဆူးလေမီးပွိုင့်မိ၍ ရပ်တန့်စောင့်နေသော ယာဉ်မျိုးစုံတို့နှင့် လမ်းကူးမည့်သူများက ထိုမျိုးစုံသော ယာဉ်များအကြားမှ ဟိုဝှေ့ဒီရှောင်၊ ပြေးပြေးလွှားလွှား လမ်းဖြတ်ကူးနေကြရသည်။ **(အောက်ပုံ)** ထိုယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ထွက်ခွာသွားချိန်၌ ဈေးရောင်းနေသော အမျိုးသမီးကြီးတစ်ဦးက "သူတို့က မှတ်တမ်းတင်ဖမ်းတဲ့အဖွဲ့ပဲ၊ လူကူးမျဉ်းကျားက လမ်းကူးတဲ့သူတွေကို အကူအညီပေးတဲ့အဖွဲ့မှမဟုတ်တာ"ဟု ပြောကြားသည်။

သို့ဖြစ်ပါ၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်း မလိုက်နာသည့်ယာဉ်များကို စစ်ဆေးအရေးယူနေသကဲ့သို့ လူကူးမျဉ်းကျားပေါ်မှ တက်သုတ်ရိုက် ကူးနေကြသည့် ခရီးသည်များကိုလည်း ထည့်သွင်းစဉ်းစားကာ လမ်းရှင်းပေးသည့်စနစ် ကျင့်သုံးပေးရန်လည်း ခရီးသွားပြည်သူများက လိုလားလျက်ရှိနေကြောင်း ကြားသိရသည်။

ကိုကြီးတင်

ကလေးတက္ကသိုလ်၌ ကျပ်သိန်းတစ်သောင်းကျော် အကုန်အကျခံ၍ ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်မည်

ကလေး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကလေးတက္ကသိုလ်စသည့် တက္ကသိုလ်သုံးခုရှိပြီး ကလေးတက္ကသိုလ်ကို ၁၉၉၃ ခုနှစ်၌ ကလေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၉ ခုနှစ်၌ ကလေးဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကာ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်၌ ကလေးတက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီးမှ ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးနှင့် မော်လိုက်မြို့နယ်များမှ ကျောင်းသားကျောင်းသူများ၊ ချင်းပြည်နယ်မှ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ်များနှင့် ရိဒ်၊ ကျီခါးမြို့နယ်ခွဲတို့မှ ကျောင်းသား ကျောင်းသူများက အဆင့်မြင့်ပညာ လာရောက်ဆည်းပူးသင်ယူကြသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။

ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူပေါင်း ၄၅၀၀ ကျော် ပညာသင်ကြားကြကာ နှစ်စဉ်နှစ်တိုင်း ဘွဲ့ရမောင်မယ် ၁၀၀၀ ကျော် မွေးထုတ်နိုင်ပြီး ယခုနှစ်တွင် သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကိုလည်း ကျင်းပပြီးဖြစ်သည်။

ယင်းသို့ ကလေးတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင် အခမ်းအနားများကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမ မရှိသဖြင့် တက္ကသိုလ်ဝင်းအတွင်းရှိ မြေကွက်လပ် လဟာပြင်၌သာ ကျင်းပလေ့ရှိခဲ့သည်။

နိုင်ငံတော်မတည်ငွေဖြင့် အလျား ၂၀၆ ပေ၊ အကျယ် ၁၈၄ ပေရှိ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ကျပ်သိန်းပေါင်း ၁၁၅၉၀ အကုန်အကျခံကာ ယခုနှစ်တွင် ခံ့ညားထည်ဝါစွာ ဆောက်လုပ်မည်ဖြစ်သည့်အပြင် လက်ရှိအသုံးပြုနေသော သုံးထပ်စာသင်ဆောင်ခြောက်ဆောင်အပြင် အလျား ၁၉၂ ပေ၊ အကျယ် ၁၈ ပေရှိ သုံးထပ်စာသင်ဆောင်သစ် သုံးဆောင်ကိုလည်း ထပ်မံ၍ စတင်ဆောက်လုပ်လျက်ရှိပြီး ကျပ်သိန်းပေါင်း ၁၉၉၆၉ ကုန်ကျမည်ဖြစ်သည်။

ယင်းအပြင် တက္ကသိုလ် မိုးလုံလေလုံအားကစားရုံနှင့် တက္ကသိုလ်အားကစားကွင်းကြီး၊ တက္ကသိုလ်စာကြည့်တိုက် နှစ်ထပ်အဆောက်အအုံတို့ကိုလည်း စတင်အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

နတ်တံခါးချောင်း တံတားကြောင့် သွားလာမှု မြန်ဆန်လာ

ကလေး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ အနောက်မြောက်ဒေသကို လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် ကလေး-ရာဇဂြိုဟ်လမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၁၄/၄ အနီး တည်ဆောက်ထားသော နတ်တံခါးချောင်း တံတားသည် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၇၇ ဒသမ ၆၅ သန်းနှင့် ကလေးမြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေမှဖြည့်စွက်ရန်ပုံငွေ ငွေကျပ် ၄၁ သန်းဖြင့် တည်ဆောက်ထားသော ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်သည်။

ကလေးမြို့ အနောက်မြောက်ဒေသရှိ ချောင်းများသည် ရေစီးသန်သော ချောင်းများဖြစ်၍ တံတားများ နှစ်စဉ်ရေစီးနှင့်မျောပါသွားကြောင်း၊ တံတားများ ရေစီးထဲမျောပါသွားလျှင် ဒေသတွင်းနေပြည်သူတို့ သွားရေးလာရေး အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ရကြောင်း၊ ထို့ကြောင့် နတ်တံခါးတံတားကို သံကူကွန်ကရစ် ပိုင်တိုင်၊ သံပေါင်၊ သံရက်မများဖြင့် အရှည် ၁၉၇ ပေ၊ အကျယ် ၁၆ ပေရှိ တံတားကို တည်ဆောက်ပေးနိုင်ရေး တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်းဖြင့် တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျိုးပြု

အဆိုပါ တံတားကြောင့် ကျေးရွာ ၁၁ ရွာမှ ပြည်သူ ၂၃၇၄၇ ဦးတို့ကို ရာသီမရွေး သွားလာနိုင်ရေးအတွက် အကျိုးပြုခဲ့ပြီဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

အမှတ်(၁)ချစ်ကြည်ရေးတံတား၌ မြန်မာအလုပ်သမား ၁၅ ဦးလွှဲပြောင်း

တာချီလိတ် စက်တင်ဘာ ၂၆

မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ စက်တင်ဘာ ၂၅ ရက်နံနက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ လဝကအဖွဲ့ဝင်များထံမှ မြန်မာအလုပ်သမား အမျိုးသား၁၄ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၅ ဦးကို လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ၁၅ ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိဘုရားကျောင်းအတွင်း ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များ မရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ဖမ်းဆီးခံရခြင်းဖြစ်ပြီး လူကုန်ကူးခံရခြင်းမရှိကြောင်း သိရသည်။

၂၀၁၀ နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ စက်တင်ဘာ ၂၅ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၈၇၉ ဦး၊ အမျိုးသမီး ၁၆၇၁ ဦး စုစုပေါင်း ၆၅၅၀ ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တောင်သူလယ်သမားကြီးများ မိုးအခါသတိပြုကြစေလို

ပွင့်ဖြူ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စု ဝွေ့ကျေးရွာ မုန်းချောင်းကမ်းခြေ ယာတောကွင်းပြင် တောင်သူကြီး ဦးလူလှ၏ ယာတောရှိ တဲအတွင်း၌ စက်တင်ဘာ ၂၃ ရက် ည ၁၁ နာရီက မိုးကြိုးမုန်တိုင်း မိုးသက်လေပြင်းများတိုက်ခတ်စဉ် နွား ၁၁ ကောင်ရှိသည့်အနက် ယာတဲအပြင်၌ ချည်နှောင်ထားသော နွားကြီး ငါးကောင်မိုးကြိုးပစ်ခံရပြီး သေဆုံးသွားခဲ့သည်။ နွားတစ်ကောင်လျှင် ရှစ်သိန်းခန့်တန်ဖိုးရှိပြီး နွားငါးကောင် တန်ဖိုးငွေကျပ်သိန်း ၄၀ ခန့် ဆုံးရှုံးနစ်နာသွားခဲ့ရသည်။

မိုးအခါ တောင်သူလယ်သမားကြီးများ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ လူအပါအဝင် လယ်ကွင်းယာကွင်းများ၌ အမိုးအကာအောက်တွင် နေထိုင်သင့်ကြောင်း သိရသည်။

ပွင့်ဖြူခင်မောင်ဋ္ဌေး

သိမ်းဆည်းခံလယ်ယာမြေအရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်လာရောက်တွေ့ဆုံ

တောင်တွင်းကြီး စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် တောင်ပြင် (၂)ရပ်ကွက် ပုဏ္ဏဝတီလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသော လယ်ယာမြေနှင့် အခြားမြေ စုံစမ်းစစ်ဆေးရေးကော်မရှင် မကွေးတိုင်းအဖွဲ့ (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဦးစီး၍ အဖွဲ့ဝင်များသည် လယ်ယာမြေနှင့် အခြားမြေများ တိုင်ကြားစာများနှင့် ပတ်သက်၍ လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

စုံစမ်း

ကော်မရှင် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ကျီးအောင်းကျေးရွာ ရေဦးအုပ်စု ဂေါက်ကွင်းမြေ၊ ပန်းတောငယ်အုပ်စု ပုဂံကုန်းကျေးရွာမြေနေရာချထားပေးခြင်း၊ တိုက်ပွဲကျေးရွာ မြေသိမ်းယူခြင်းကိစ္စ အပါအဝင် လယ်ယာမြေနှင့် အခြားမြေကိစ္စအငြင်းပွားမှု စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟသ်ာ (တောင်တွင်းကြီး)

မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီထရက်တာယာဉ်များ လိုင်စင် Smart Card ပြောင်းလဲဆောင်ရွက်ရန်မရှိ

ရန်ကုန် စက်တင်ဘာ ၂၆

မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီထရက်တာယာဉ်များ မောင်းနှင်ခွင့်လိုင်စင် Smart Card ပြောင်းလဲဆောင်ရွက်ရန်မရှိကြောင်းကို စက်တင်ဘာ ၁၈ ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၃ ရက်ထုတ် Automobile Weekly Car Journal Vol-2, No.22 တွင် ဆောင်းပါးရှင်တစ်ဦးက မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီထရက်တာ ယာဉ်မောင်းနှင်ခွင့်လိုင်စင်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက Smart Card လိုင်စင်ပြောင်းလဲပေးမည်ဖြစ်ကြောင်း သတင်းဖော်ပြထားပြီး ၎င်းသတင်းနှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်မောင်းလိုင်စင်နှင့် ထော်လာဂျီယာဉ်များ မောင်းနှင်ခွင့်လိုင်စင်တို့ကို Smart Card ဖြင့် ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပြန်လည်ရှင်းလင်းဖော်ပြချက်အရ သိရသည်။

စိုးဝင်း(SP)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ငဖဲမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေး

ငဖဲ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ကွင်းတိုင်းတာပြီးဒေသအားလုံး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို စက်တင်ဘာ ၂၀ ရက်က ထုတ်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် အတည်ပြုပြဋ္ဌာန်းကြေညာခဲ့ပြီးဖြစ်သော လယ်ယာမြေဥပဒေနှင့်အညီ တောင်သူလယ်သမားမိသားစုများ သားစဉ်မြေးဆက် အဆက်ဆက် လယ်ယာမြေလုပ်ပိုင်ခွင့် ဘဝအာမခံချက်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းကို ကွင်းတိုင်းတာပြီး ဒေသများဖြစ်သော ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၈ အုပ်စု၊ ကွင်းပေါင်း ၁၀၈ ကွင်း၊ တောင်သူပေါင်း ၁၀၀၆၁ ဦး၊ ဦးပိုင်ပေါင်း ၁၃၉၆၈ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးနိုင်ခဲ့ပြီး ကွင်းမတိုင်းတာရသေးသည့် ဒေသများကို နိုဝင်ဘာလကုန်တွင် မြို့နယ်လုံးကျွတ် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး (ငဖဲ)

အရက်သောက်စားမူးယစ်၍ ကျေးရွာအတွင်း ဆူပူရမ်းကားသူအမျိုးသမီးအား အရေးယူထား

နေပြည်တော် စက်တင်ဘာ ၂၆

စလင်းမြို့နယ် ကင်ပွန်းချုံကျေးရွာနေ မဝင်းမော်(၃၂ နှစ်)သည် အရက်သေစာ သောက်စားမူးယစ်ပြီး ကျေးရွာအတွင်း မကြာခဏ ဆူပူရမ်းကားခြင်းများ ပြုလုပ်လျက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က မြို့နယ်အုပ်ချုပ်ရေးအဖွဲ့သို့ အရေးယူပေးရန် တင်ပြခဲ့ရာ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၏ ခွင့်ပြုချက်ဖြင့် မဝင်းမော်အား လင်းဇင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ပြည်တွင်းသတင်း

ထီအက္ခရာ ဆုမဲတိုးမြှင့်သော်လည်း ထီထိုးသူနည်းပါးဆဲ

ရန်ကုန် စက်တင်ဘာ ၂၆

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သွန်းဝေသန်

အောက်တိုဘာ ၁ ရက်၌ဖွင့်လှစ်မည့်(၂၉၇)ကြိမ်မြောက် အောင်ဘာလေထီရောင်းချရာ၌ အက္ခရာ(က)မှ အက္ခရာ(ကဂ)အထိ ထီအက္ခရာ ၃၆ လုံး တိုးမြှင့်ထားပြီး ထီဆုမဲ အရေအတွက်ကိုလည်း ၂၆၉၉၉ အထိ တိုးမြှင့်ပေးထားကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ပွင့်လင်းရာသီ ရောက်လာတဲ့အတွက် ထီအက္ခရာတွေတိုးမြှင့်ပေးထားသလို ဆုမဲတွေကိုလည်း တိုးမြှင့်ပေးတာဖြစ်ပါတယ်"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ အက္ခရာနှင့် ဆုမဲများ တိုးမြှင့်လိုက်ခြင်းကြောင့် ထီဈေးနှုန်း အနည်းငယ် လှုပ်ခတ်သွားခဲ့ပြီး ထီကိုယ်စားလှယ်အချို့ ထီလက်မှတ်ကျန်မှုများပြားသည့်အတွက် ယခုလကုန်ပိုင်းအတွင်း လက်လီ ထီဈေးနှုန်း ကျဆင်းလာခဲ့သည်။

"ထီကိုယ်စားလှယ်တွေက တတ်နိုင်သလောက် ငွေကြေးအတိုင်း အတာနဲ့ ယူကြတာ။ အောင်ဘာလေထီက တိုးထုတ်ပေမယ့် ဝယ်လိုအားက အများကြီးတက်မလာတော့ ဈေးနှုန်းက အရင်လကထက်စာရင် ထီလက်မှတ်တစ်စောင်ကို ငွေကျပ် ၅၀ ကျဆင်းနေတယ်"ဟု မဟာဗန္ဓုလလမ်းပေါ်ရှိ ထီဆိုင်ကြီးတစ်ဆိုင်မှ အရောင်းတာဝန်ခံ ကိုကျော်ကျော်သိန်းက ပြောပြသည်။

ဈေးကွက်အတွင်း ပြီးခဲ့သည့် ဩဂုတ်လထီရောင်းရက်များအတွင်း ထီလက်မှတ် တစ်စောင်နှုန်းမှာ လက်ကားဈေးငွေကျပ် ၃၀၀ ဖြစ်သော်လည်း ယခု စက်တင်ဘာလအတွင်း ငွေကျပ် ၂၅၀ အထိကျဆင်းလာသည်။

"ဈေးကတော့ အခြေအနေပေါ်ကြည့်နေရပါတယ်။ ကျွန်တော်တို့ ထီကိုယ်စားလှယ်တွေအနေနဲ့ ကိုယ့်လက်ထဲမှာ စောင်ရေအများကြီး မကျန်အောင်တော့ ဈေးကိုချိန်ထိုးနေရပါတယ်။ ထီစောင်ရေတိုးထုတ်တယ်ဆိုပေမယ့် လက်တွေ့မှာ ရောင်းအား တက်မလာပါဘူး"ဟု ကိုကျော်ကျော်ထွန်းက လက်ရှိအခြေအနေကို ရှင်းပြသည်။

ထီဈေးကွက်အတွင်း အပိုဆုများ ချီးမြှင့်ခြင်းစနစ် ပပျောက်လာပြီးနောက် ထီရောင်းအား ကျဆင်းလာခဲ့ပြီး ထီဆိုင်ကြီးအများစုမှာလည်း ပုံမှန်ရောင်းအားသာ ရှိနေခဲ့သည့်နောက်ပိုင်း ပြီးခဲ့သည့် ဩဂုတ်လမှစတင်၍ ထီလက်မှတ်ရောင်းချမှုစနစ် အသစ်တစ်မျိုးလည်း ပေါ်ပေါက်လာနေကြောင်း ထီလောက အသိုင်းအဝိုင်းမှ သိရသည်။

"ထီဆိုင်တွေက အပိုဆုမပေးနဲ့ ဆိုလို့ မပေးကြရပေမယ့် အခုနောက်ပိုင်း ထီတွက်နည်း၊ အပိုင်ဂဏန်းစသည်ဖြင့် အဆန်းထွင်ပြီး အတွဲလိုက်၊ စီးရီးလိုက်ရောင်းလာကြတယ်။ ပေါက်ခဲ့ရင် ကားလက်ဆောင်ပေးမယ်။ အပိုငွေပေးမယ်ဆိုပြီး တရားဝင်သဘော ကြော်ငြာတာတောင်တွေ့လာရတယ်။ ကျွန်တော်တို့ ထီဆိုင်တွေကို တားမြစ်ထားသလို တစ်ဖက်လှည့်နဲ့ ထီတွက်နည်း ပညာရှင်အမည်ခံ ထီရောင်းချသူတွေကိုလည်း သတိပေးနှိမ်နင်းသင့်တယ်"ဟု ထီကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

နောက်ဆုံးဖွင့်လှစ်ခဲ့သည့် (၂၉၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲ၌ အက္ခရာ(က)မှ (ကခ)အထိ ၃၅ လုံး ရောင်းချပေးခဲ့ရာမှ ယခုလာမည့်(၂၉၇)ကြိမ်၌ အက္ခရာ(က)မှ (ကဂ)အထိ အက္ခရာ ၃၆ လုံးအထိ တိုးမြှင့်ရောင်းချခြင်းကြောင့် ထီဈေးကွက် ဝယ်လိုအားကျဆင်းလာနိုင်ပြီး ထီထိုးသူများလည်း အက္ခရာအရေအတွက်များခြင်းကြောင့် အခွင့်အလမ်းလျော့နည်းစေနိုင်ကြောင်း ထီဝါသနာရှင်အချို့က ထောက်ပြသည်။

တိုးမြှင့်ချီးမြှင့်

အောင်ဘာလေသိန်းဆုဌာန၏ အချက်အလက်များအရ ပြီးခဲ့သည့် (၂၉၆)ကြိမ်အတွင်း အောင်ဘာလေပေါက်မဲအရေအတွက်မှာ ၂၆၈၁၂ ဆုရှိခဲ့ပြီး ယခု ၂၆၉၉၉ ဆုအထိ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း ၂၆-၉-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၅၀၀၀-၆၅၄၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၅၀၀၀-၆၅၄၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၂	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၆-၁၃၂၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁. ၂၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၅၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၁	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၆-၃၀၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၃၈၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၅၀၀
၂။ ပေါ်ကြွ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျိုင်းတုံ-ချင်းမိုင် ချစ်ကြည်ရင်းနှီးမှုဆွေးနွေးပွဲကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့် ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်တို့ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ကျိုင်းတုံဟိုတယ်သစ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ယဉ်ကျေးမှုအဖွဲ့ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံမှ Governor of Chiang Mai ဦးဆောင်သော ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်၊ လုပ်ငန်းရှင်များ အပါအဝင် ၂၀ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် Governor of Chiang Mai တို့က အမှာစကားပြောကြားကာ နှစ်ဖက်ကိုယ်စားလှယ်များက နယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားလုပ်ငန်းများ၊ အားကစားကဏ္ဍနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်မြှင့်တင်ရေး၊ နှစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေးတို့ကို ဆွေးနွေးကြသည်။

အကြံပြုညှိနှိုင်း

ထို့နောက် နယ်စပ်ဒေသများတွင် တောမီးလောင်ကျွမ်း၍ မီးခိုးငွေ့ဖြစ်ပေါ်မှုများ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးတို့ကို အကြံပြုညှိနှိုင်းကြသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

ဦးကျော်ခိုင်စိုး ၉/ပမန(နိုင်)၀၀၀၁၀၃ ဇနီး ဒေါ်စုစုချော ၉/မနတ(နိုင်)၀၀၂၈၈၂နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက် ၃၂၃၊ ၃၄လမ်းနှင့် ၃၅ လမ်းကြား၊ ကမ်းနားလမ်း၊ လင်းကမ္ဘာခြံနေ ဦးအောင်ရဲလင်း ၁/ဗမန(နိုင်)၀၃၈၁၅၀၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

ဦးကျော်ခိုင်စိုးနှင့် ဒေါ်စုစုချောတို့ဇနီးမောင်နှံက ဦးအောင်ရဲလင်းထံမှ လုပ်ငန်းအတွက် ငွေသိန်းပေါင်း ၁၁၂၅၇.၉ကျပ်(တစ်သောင်းတစ်ထောင့်နှစ်ရာငါးဆယ့်ခုနစ်သိန်းကိုးသောင်းတိတိ)ကို ရယူထားပါသည်။ အဆိုပါငွေပမာဏအတွက် ဦးအောင်ရဲလင်းအား ဦးကျော်ခိုင်စိုးတို့ဇနီးမောင်နှံက ယနေ့တိုင် စာရင်းအမှန်တင်ပြခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။

ထို့ကြောင့် ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးအောင်ရဲလင်းထံသို့ ငွေစာရင်းများ လာရောက်ရှင်းလင်းပေးစေလိုပါသည်။

ဦးကျော်ခိုင်စိုးတို့ဇနီးမောင်နှံသည် လင်းကမ္ဘာခြံနှင့်သက်ဆိုင်သူများ မဟုတ်သောကြောင့် ၎င်းတို့၏ပြုမူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လင်းကမ္ဘာခြံအနေဖြင့် တာဝန်မရှိကြောင်း မည်သူမဆို လင်းကမ္ဘာခြံ၏အမည်ကို ခွင့်ပြုချက်မရဘဲ သုံးစွဲခြင်းမပြုရန်နှင့် အသုံးပြုပါကဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်သူ
ဦးအောင်ရဲလင်း
၁/ဗမန(နိုင်)၀၃၈၁၅၀

လွှဲအပ်ချက်အရ-
ဒေါ်ယဉ်သူ
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၇၉၈)
၃၇၄၊ ၈၃လမ်း၊ ၃၁×၃၂လမ်းကြား၊
မန္တလေးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်မြမြဝင်း ၁၀/ကထန(နိုင်)၀၀၄၂၃၄၏သား လွင်ကိုစွမ်းအား(ခ)ညီညီ ၁၀/ကထန(နိုင်)၁၀၆၀၉၃သည် လူမှုရေးဖောက်ပြန်မှုများကို အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြမြဝင်း ၁၀/ကထန(နိုင်)၀၀၄၂၃၄

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊မြေကွက်အမှတ်၁၀၊ မြေကွက်တည်နေရာအမှတ် ၂၀၉၊ အောင်မင်္ဂလာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးပျော့ ၁၂/ဒပန(နိုင်)၀၀၃၁၇၂အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ မြို့မြေစာရင်း၌ ၂၀၀၁ ခုနှစ်တွင် ဦးပျော့မှ အရောင်းမြေပုံကူးလျှောက်ထားပြီး ၂၀၀၂ခုနှစ်၌ ဦးစံအေးမှ အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ဦးပျော့မှ ၂၀၀၁ ခုနှစ်တွင် အရောင်းမြေပုံကူးလျှောက်ထားခဲ့ပြီး ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ ရှင်းလင်းလာသဖြင့် ယခုဦးပျော့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်ကျော်(ဘ)ဦးဘိုးအောင် ၉/မထလ(နိုင်)၀၁၂၈၆၂ အမှတ် ၈၅၊ ဗန္ဓုလလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၏ ၁က/၇၆၆၇ နစ်ဆန်းဆန်နီဆလွန်းကားအဖြူ၏ အခွန်ပုံစံ(၁) အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးမြင့်ကျော်
အိမ်ဖုန်း-၅၈၀၃၁၅၊
၀၉-၂၅၀၀၇၅၁၁၃

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မမွန်မွန်ကို ကျောင်းဝင်နံပါတ်(ထ-၄၁၅/၁၃)၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၅/ရဥန(နိုင်) ၁၈၅၇၆၅ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်လှိုင်မင်းကျော်(ခ)မောင်သော်တာထွန်း၏ ဖခင်အမည်မှန်မှာ ဦးစံမောင် ၅/တဆန(နိုင်)၀၀၃၇၅၆ဖြစ်ပါကြောင်း။

ဦးစံမောင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မအေးအေးခန့်၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျင်(ခ)ဦးကျော်လွင် ၉/မခန(နိုင်)၁၃၅၁၉၁ ဖြစ်ပါကြောင်း။ **ဦးဖိုးကျင်(ခ)ဦးကျော်လွင်**

အများသိရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ ရန်နိုင် ၂လမ်း၊ အိမ်အမှတ်(၁၇/၆၄)နေ ဒေါ်လှကြည်(ဘ)ဦးပါ ၉/ပမန(နိုင်)၀၃၄၃၀၃ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်လှကြည်၏ခင်ပွန်း ဦးခင်မောင်လှ(ခ)ဦးအီစမန်အင်မှာ လွန်ခဲ့သော(၁၈)နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီး ကျွန်မတို့နှစ်ဦးပိုင် ပျဉ်းမနားမြို့၊ မြို့မဈေး(ဌားရမ်း)(A-3), (A-78)ဆိုင်ခန်းနှင့် ဗိုလ်ချုပ်လမ်းနှင့် ဘုရားလမ်းထောင့်ရှိ(ဌားရမ်း) အိမ်အမှတ် (၁၁/၁၀)၊ မျက်မှန်ဆိုင်နှစ်ဆိုင်နှင့် ဆိုင်တွင်းပစ္စည်း၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၁၇)၊ မြေတိုင်းအကွက်အမည်-ဂုဏ်တန်(တောင်)၊ မြေတိုင်းအကွက်အမှတ်(၂၂)၊ ဦးပိုင်($\frac{၀}{၁၈}$)၊ ဧရိယာ ၀ဒသမ၆၃ဧက မြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့အား မည်သူတစ်ဦးတစ်ယောက်ကိုမှ ခွဲဝေပေးကမ်းစွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။ **ဒေါ်လှကြည် ၉/ပမန(နိုင်)၀၃၄၃၀၃**



ရက်ပေါင်း ၇၄ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ် အစည်းအဝေးတက်ရောက်ရန် ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ သြစတြေးလျနိုင်ငံ နယူးကာဆယ်မြို့တွင်ကျင်းပမည့် Special Olympic 2013 Asia Pasific Game ပြိုင်ပွဲအတွက် အားကစားအဖွဲ့ခေါင်းဆောင်များ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အတွင်းရေးမှူး ဦးပီတာတို့သည် ယနေ့နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲကို သြစတြေးလျနိုင်ငံ နယူးကာဆယ်မြို့တွင် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများအားကစားအဖွဲ့က ပြေးခုန်ပစ်၊ ဘောလုံး၊ ဘိုချီ၊ ဘိုးလင်းပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ကြက်တောင် ဒိုင်/ဂျူရီ မွမ်းမံသင်တန်း ၂၀၁၃ ဖွင့်

နေပြည်တော် စက်တင်ဘာ ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်တောင် ဒိုင်/ဂျူရီ မွမ်းမံသင်တန်း ၂၀၁၃ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose ခန်းမ၌ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ကြက်တောင်/ဂျူရီ မွမ်းမံသင်တန်း ၂၀၁၃ ကို စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ကိုးဦး၊ သင်တန်းသူ ၂၅ ဦး စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘော်လီဘောအားကစားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ကျင်းပမည့် (၁၇)ကြိမ်မြောက် Asia Senior men Championship ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဌေး၊ နည်းပြ၊ ဒိုင်အားကစားသမား ၁၇ ဦး ပါဝင်သောအဖွဲ့သည် ယနေ့ နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(ဝဲပုံ)**

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် Asia နိုင်ငံများမှ ၂၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

မိုးရာသီဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ဂန့်ဂေါတွင်ကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၂၆

ဂန့်ဂေါမြို့နယ် အားကစားကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၂၄ ရက်က မြို့နယ်အားကစားကွင်းတွင် ရှုံးရှိကျေးရွာနှင့် ပိုဦးကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှုံးရှိကျေးရွာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ ဂန့်ဂေါခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်တို့နှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ အသန့်ရှင်းဆုံးအသင်းဆု၊ နေရာအလိုက်အကောင်းဆုံးဆုများကို ချီးမြှင့်ကြသည်။ **(အောက်ပုံ)** (၁၀၁)

◆ *ကျောဖုံးမှ*

တို့သည် ယခုပထမဆုံးအကြိမ် စတင်တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က အမေရိကန်မှ ဓာတ်ပုံပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်ကာ မြန်မာနိုင်ငံဓာတ်ပုံအသင်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအနေဖြင့် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံခွင့်၊ ဆွေးနွေးခွင့်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်ရန် ကြိုးစားလျက်ရှိနေပြီဖြစ်သည်။

(မြန်မာ့အလင်း)

အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မေမေ ဒေါ်မြတ်မြတ်မိုး၏ ၂၇-၉-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဖေဖေ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့်အတူ အမျိုး ဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်၍ မိသားစုများနှင့်အတူ စိတ်ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး၊ သား၊ မြေးများ
မအေးစန္ဒာကျော်
မောင်သူရမြင့်-မအေးမိုးဖြူ
မြေး - Hazel

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ကျော် ၁၂/လသယ(နိုင်)၀၅၆၉၇၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၈၉၊ မြေအကျယ်အဝန်း (အလျား ပေ ၆၀× အနံ ပေ ၄၀) ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၈၉၊ သူရလမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော နေအိမ် (ရေ၊ မီးအစုံ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေစာရင်းအမည်ပေါက်သူ ဦးလှထွန်း S/OKA-၀၆၂၂၀၅ က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၂၀၇/၁၃ ဖြင့် လွှဲအပ်ပေးထားသဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ထွေးနိုင် ၁၂/ဒဂန(နိုင်)၀၀၁၉၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဥ်-၃၀၉၃၈)
LL.B,D.I.L,WIPO (Switzerland) အထက်တန်းရှေ့နေ
ZAW FAMILY
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
တိရစ္ဆာန်များဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် နွား (နို့စားနွားမ/ဒေသနွားမ/နို့စားနွားသိုး/ခိုင်းနွားနွားသိုး)နှင့် ဒေသကြက်၊ ဒေသဘဲ၊ သိုး၊ ဆိတ်၊ တိရစ္ဆာန်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းရန် ကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများနောက်ဆုံး တင်သွင်းရမည့် နေ့/ရက်နှင့်အချိန်** - **၂၅-၁၀-၂၀၁၃ ရက် ၁၅း၃၀ နာရီ (သောကြာနေ့)**
(ခ) **အိတ်ဖွင့်တင်ဒါကျင်းပပြုလုပ်မည့် နေ့/ရက်နှင့်အချိန်** - **၂၉-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီ (အင်္ဂါနေ့)**
(ဂ) **အိတ်ဖွင့်တင်ဒါကျင်းပပြုလုပ်မည့်နေရာ** - **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ် ၃၆၊ နေပြည်တော်**

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-
(က) **တင်သွင်းလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်**
(ခ) **တင်သွင်းလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်**
(ဂ) **တင်သွင်းလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီ၏ပိုင်ဆိုင်မှုနှင့် ငွေကြေးဆိုင်ရာအာမခံချက်အထောက်အထားများ၊**
(ဃ) **ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်**
(င) **သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ**

၃။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၆၀၊ ၀၆၇-၄၀၈၄၅၂၊ ၀၆၇-၄၀၈၄၇၉၊ ဦးအောင်ဇံထွေး (ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၀၈၂၇၀၊ ဒေါက်တာခင်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဖုန်း-၀၆၇-၄၀၈၄၆၅နှင့် ဒေါက်တာရဲထွန်းဝင်း (ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၀၈၄၆၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ Website(www.mlfrd.gov.mm) တွင်လည်း ကြည့်ရှုနိုင်ပါသည်။

တင်ဒါခေါ်ဝယ်ယူရေးနှင့် တင်ဒါဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ASIA ဦးဝင်းနိုင် ၁၂/မဘန(နိုင်)၀၇၆၉၄၉ ၏
တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကို၊
ဦးသန်းဌေးတို့၏ ၂၀-၉-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ၊
မြန်မာ့အလင်းသတင်းစာရှိ
"အများသိစေရန်" နှင့် OK ဆန်စက်ပိုင်ရှင် ဦးဝင်းနိုင်နှင့် ပတ်သက်၍ မမှန်မကန်ကြေညာချက်အပေါ်
ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်တစ်ဦးဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မင်းကွက် ၃ရပ်ကွက်၊ တာပွန်လမ်း၊ ရွှေမန်း ဆန်၊ စပါးနှင့် ပဲမျိုးစုံလုပ်ငန်းပိုင်ရှင် ဦးမြတ်ထွန်း ၇/ပတတ (E) ၀၀၀၀၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအဖြစ်မှန်အတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

OK ဆန်စက်ပိုင်ရှင် ဦးဝင်းနိုင် ပိုင်ဆိုင်သည်ဆိုသော ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ရှိ OK ဆန်စက်နှင့် သိုလှောင်ရုံမြေအပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ASIA ဦးဝင်းနိုင်မှ ကျပ်သိန်း ၃၅၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီခဲ့ပြီး စရန်ငွေကျပ်သိန်း ၂၅၀၀ ပေးချေခဲ့သည်ဆိုသော ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ ယင်းဆန်စက်နှင့် သိုလှောင်ရုံမြေအပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကျွန်ုပ်အမှုသည် ဦးမြတ်ထွန်းနှင့် ASIA ဦးဝင်းနိုင်တို့မှ စပ်တူဝယ်ယူခဲ့ခြင်းဖြစ်သည်ကို ၉-၁၁-၂၀၁၁ရက်စွဲပါ အင်းမမြို့နယ်၊ OKဆန်စက်အရောင်းအဝယ်အတွက် စရန်ငွေလက်ခံရရှိခြင်းစာချုပ်အရ သိရှိနိုင်ပါသည်။

OK ဆန်စက်ပိုင်ရှင် ဦးဝင်းနိုင်ထံသို့ ပထမပိုင်းအကြိမ်ကြိမ် စုစုပေါင်းပေးသွင်းငွေကျပ်သိန်း ၁၅၀၀နှင့် ဒုတိယအကြိမ် ကျပ်သိန်း၁၀၀၀၊ စုစုပေါင်းကျပ်သိန်း ၂၅၀၀ ပေးသွင်းငွေများမှာလည်း ဦးမြတ်ထွန်းမှ ပေးသွင်းသောငွေများဖြစ်ကြောင်းကို ဦးမြတ်ထွန်း၏ အထက်တန်းရှေ့နေ ဦးသန့်စင်မှ ASIA ဦးဝင်းနိုင်သို့ ၁၉-၃-၂၀၁၃ရက်စွဲပါ အကြောင်းပြန်ကြားစာဖြင့် ရှင်းလင်းထားပြီးဖြစ်ပါသည်။ ကျန်ငွေကျပ်သိန်း ၁၀၀၀အား ASIA ဦးဝင်းနိုင်အား ပေးသွင်းရန်အတွက် ဦးမြတ်ထွန်းနှင့် OK ဦးဝင်းနိုင်တို့မှ အကြိမ်ကြိမ်သတိပေး အကြောင်းကြားသော်လည်း ASIA ဦးဝင်းနိုင်မှ ဆန်စက်ဖိုးငွေများကို ပေးသွင်းခြင်းမရှိ ပျက်ကွက်လျက်ရှိသည့်အပြင် ဦးမြတ်ထွန်းနှင့် စပ်တူလုပ်ကိုင်မှုမှာ ASIA ဦးဝင်းနိုင်သည် အမည်ခံသက်သက်သာ ဖြစ်နေသောကြောင့် OK ဦးဝင်းနိုင်မှ ဆန်စက်ဖိုးကျန်ငွေ ကျပ်သိန်း ၁၀၀၀ အား ပေးသွင်းခြင်းမရှိပါက ပေးအပ်ထားသောစရန်ငွေ ကျပ်သိန်း ၂၅၀၀ ဆုံးရှုံးမည်ဟု ပြောဆိုမှုအပေါ် ဦးမြတ်ထွန်းမှ မိမိပေးသွင်းခဲ့သော စရန်ငွေ ကျပ်သိန်း၂၅၀၀ အား လူမှုရေးအရ၊ မေတ္တာရပ်ခံတောင်းခံမှုအရ OK ဆန်စက်ပိုင်ရှင် ဦးဝင်းနိုင်မှ ပြန်လည်ပေးအပ်ခဲ့ပြီး ဆန်စက်အရောင်းအဝယ် ဖျက်သိမ်းခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲထွန်း
LL.B, D.B.L, D.M.L, D.A.Psy
တရားလွှတ်တော်ရှေ့နေ (စဥ်-၅၃၄၀)
တိုက် ၁၂၈၊ အခန်း ၁၄၊ လေးလွှာ၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးသန့်စင် (LL.B)
အထက်တန်းရှေ့နေ (စဥ်-၁၄၃၄၂)
ဈေး ၂ ရပ်ကွက်၊ ပုတီးကုန်းလမ်း၊
ပေါင်းတည်မြို့။

နိုင်ငံတကာအားကစားသတင်း

မက်ဒရစ်ဒါဘီမှ ရီးရဲမက်ဒရစ်တို့ ရလဒ်ကောင်းနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ဒီတစ်ပတ် လာလီဂါရပ်ဝန်းမှာတော့ ထစ်ချုန်းမိုးတွေရွာသွန်းဖို့ရှိနေတာမို့ ပရိသတ်တွေ ရင်ခုန်လှိုက်မောစရာညချမ်းတွေကို ရင်တဖိုဖိုနဲ့ ဖြတ်သန်းရပါဦးမယ်။ မက်ဒရစ်ဒါဘီပွဲဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုပွဲကတော့ ပရိသတ်ရဲ့အာရုံကို ဖမ်းစားမယ့်ပွဲဖြစ်တာမို့ ပရိသတ်အကြိုက် အသုံးတော်ခံပါလိမ့်မယ်။

ရီးရဲမက်ဒရစ်နှင့်အက်သလက်တီကို

ရီးရဲမက်ဒရစ်ဟာ အက်သလက်တီကိုနဲ့ဆုံတိုင်း နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တာတွေ့ရပါတယ်။ ဒီနှစ်လာလီဂါမှာ အက်သလက်တီကိုတို့က အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားတာမို့ ရီးရဲမက်ဒရစ်ကို ဘယ်လိုအကျပ်အတည်းဖြစ်အောင် ကစားသွားမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ရီးရဲမက်ဒရစ်မှာ စီရိုနယ်ဒိုနဲ့ ဂါရက်ဘေးတို့ကလည်း အစပ်အဟပ်တည့်နေတာမို့ အက်သလက်တီကို ခံစစ်မှူးတွေအတွက် အထူးသတိထားရပါလိမ့်မယ်။ လက်ရှိအနေအထားမှာ အက်သလက်တီကိုတို့က နိုင်ပွဲရအောင် ခြေစွမ်းပြနိုင်နေတာမို့ ဘာနေဗျူးမှာ မျက်ဖြူဆိုက်မယ့်အသင်းက ဘယ်အသင်းဖြစ်မလဲဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။ အကြိုက်ကဒိုလေးဦးဆောင်မယ့် တိုက်စစ်မှူးတွေရဲ့ စွမ်းအားတွေပဲ ဖြစ်ပါတယ်။ အဲဒီစွမ်းအားတွေကပဲ ရလဒ်ကို ပုံဖော်ထုဆစ်သွားပါလိမ့်မယ်။

အယ်လ်မီရီယာနှင့် ဘာစီလိုနာ

ဘာစီလိုနာကို ဒုက္ခပေးနိုင်တဲ့အသင်းတွေထဲမှာ အယ်လ်မီရီယာလည်း ပါဝင်ပါတယ်။အယ်လ်မီရီယာဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အမှတ်အပြည့်ရမသွားနိုင်အောင် ကြိုးစားစိတ် ပြင်းထန်စွာနဲ့ ကစားတတ်တာမို့ ဘာစီလိုနာတို့ သတိထားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာဟာ ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်အနိုင်ယူနိုင်စွမ်းရှိတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ အနိုင်ရလဒ်ကို အိပ်မက်မက်ခွင့်ရနိုင်မှာ မဟုတ်ပါဘူး။

ဆိုစီဒက်နှင့် ဆီဗီလာ

ခြေညီတဲ့အသင်းတွေမို့ အကြိတ်အနယ်ရှိမယ့်ပွဲပဲ ဖြစ်ပါတယ်။ ဒီနှစ်သင်းဆုံတိုင်း တစ်လှည့်စီအနိုင်ယူနေကျဖြစ်ပေမယ့် ဆိုစီဒက်ဟာ အိမ်ကွင်းမှာ ခြေစွမ်းခက်ထန်တဲ့အသင်းဖြစ်ပါတယ်။ ဆီဗီလာတို့ ကစားသမား အခင်းအကျင်း အားနည်းခဲ့ရင်တော့ အမှတ်ဗလာနဲ့ အိမ်ပြန်ရကိန်းဆိုက်သွားနိုင်ပါတယ်။

စက်တင်ဘာ ၂၈ ကစားမည့် ဘောလုံးပွဲစဉ်များ

သီဟ

စပိန်လာလီဂါ ပွဲစဉ်(၇)

ဗယ်လာဒိုလစ် - **မာလာဂါ** နံနက် ၁း၃၀ စက်တင်ဘာ ၂၈

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

အော့စ်ဘတ် - ဂလက်ဘတ် နံနက် ၁း၀၀ စက်တင်ဘာ ၂၈

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၉)

ဟက်ဒါဖီးလ် - **ဘလက်ပူးလ်** နံနက် ၁း၁၅ စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၅/ ၂၆ ဘောလုံးပွဲရလဒ်များ

ဘာမင်ဂမ်	၃-၁	ဆွမ်ဆီး
မန်ယူ	၁-၀	လီဗာပူး
နယူးကာဆယ်	၂-၀	လိဒ်ယူနိုက်တက်
ထရန်မဲလ်	၀-၂	စတုတ်စီးတီး
ဝက်စ်ဘရွန်း	၄-၅	အာဆင်နယ်
ဘိုလော့ဂ်နာ	၃-၃	အေစီမီလန်
ချီယေဗို	၁-၂	ဂျူဗင်တပ်စ်
လာဇီယို	၃-၁	ကာတာနီးယား
လီဗော်နို	၁-၁	ကယ်ဂလီယာရီ
နာပိုလီ	၁-၁	ဆက်ဆူအိုလို
ပါးမား	၄-၃	အတ္တလန္တာ
ဆမ်ဒိုးရီးယား	၀-၂	ရိုးမား
တိုရီနို	၂-၂	ဗီရိုနာ
ဂရန်နာဒါ	၀-၁	ဗလင်စီယာ
ဆီဗီလာ	၄-၁	ဗယ်လက်ကာနို
အဲလ်ချီ	၁-၂	ရီးရဲမက်ဒရစ်
အဂျာစီယို	၂-၁	လိုင်ယွန်
ဘော်ဒိုး	၀-၀	ရိမ်းစ်
ဂူအင်ဂမ့်	၅-၁	ဆိုးချော့စ်
နန့်တက်စ်	၂-၀	နိုက်စ်
တူးလော့စ်	၁-၀	လိုရီယန့်
ဗလင်စီနက်	၀-၁	ပီအက်စ်ဂျီ
မိုနာကို	၃-၀	ဘတ်စ်တီယာ

ကျူပီအာ ဥရုဂွေးတိုက်စစ်မှူးကို ယာယီစာချုပ်

အင်္ဂလိပ်ချန်ပီယံရှစ်တွင် ဦးဆောင်နေသော ကျူပီအာက ဥရုဂွေး တိုက်စစ်မှူး ဂျဗားချေးဇန်တန်ကို ကာလတိုစာချုပ်လိုက်သည်။ ပြီးခဲ့သည့်နှစ်က အီတလီကလပ်လက်ဆေးမှထွက်ခဲ့သော အသက်၃၃ နှစ်ရှိ မိုနာကိုနှင့် ဆီဗီလာတိုက်စစ်မှူးဟောင်းကို အလွတ်ပြောင်းရွှေ့မှုဖြင့် ကျူပီအာကစာချုပ်လိုက်သည်။ ၎င်းကို ဒီဇင်ဘာ ၂၄ ရက်အထိ ကျူပီအာက ယာယီခေါ်ယူထားသည်။ ချေးဇန်တန်သည် ဥရုဂွေးအသင်းအတွက် ပွဲပေါင်း ၂၂ ပွဲ ပါဝင်ကစားခဲ့သည်။ ၎င်းသည် မိုနာကိုတွင် သုံးနှစ်ကြာကစားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဆီဗီလာသို့ ပြောင်းရွှေ့ကစားခဲ့သည်။ **ကောင်းမြတ်သူ-စုစည်းသည်**

လီဝမ်ဒေါစကီး ဘိုင်ယန်မြူးနစ်နှင့် စာချုပ်ရန်ငြင်းဆို

ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးက လာမည့်နှစ်တွင် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် သဘောတူထားသည်ဆိုခြင်းကို ငြင်းဆိုထားသည်။ အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး လီဝမ်ဒေါစကီးက ၎င်းကိစ္စသည် ကောလာဟလသာဖြစ်ကြောင်း ပြောဆိုလိုက်သည်။ ဇန်နဝါရီလအပြောင်းအရွှေ့ကာလကိုသာ စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း၊ မိမိအနေဖြင့် ဒေါ့မွန်မှ ထွက်ခွာရန် ဆန္ဒရှိနေသော်လည်း ဇန်နဝါရီလနောက်မှ မိမိ၏အနာဂတ်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပိုလန်တိုက်စစ်မှူး ဒေါစကီးသည် ပြီးခဲ့သောရာသီက အသင်းအတွက် ၃၆ ဂိုး သွင်းယူပေးခဲ့သည်။

သက္ကရာဇ်ချစ်ခရီး

၁၉၉၇ တစ်ပြည်သူ မရွှေထား
၁၉၉၈ ချစ်သူ မမထား
၂၀၀၆ အိမ်သူ သက်ထား
၂၀၀၈ သားသားရဲ့ မေမေထား
၂၀၁၃ ကျောင်းသားမိခင် ဒေါ်ထား

သက္ကရာဇ် ခရီးသွားရင်း ချစ်ဇနီး **“ထား”**ရဲ့ ၂၇-၉-၂၀၁၃ ရက်နေ့ မွေးနေ့မှသည်.....

ချစ်ခင်ပွန်း-နိုင်မြင့်ဇော်
ချစ်သား-သန့်အာကာ

ကျေးဇူး ဆပ်ပါမည်

၂၅-၉-၂၀၁၃ ရက် နံနက်ရနာရီတွင် ကြည့်မြင်တိုင်ညဈေးသို့ Taxi ကားဖြင့်သွားရာ ဒဂုံ(အရှေ့) မြေချပါမစ် (ကြွပ်ကြွပ်အိတ်အနက်ရောင်) ကျန်ခဲ့ပါသဖြင့် တွေ့ရှိက ဆက်သွယ်ပါ-

ဖုန်း-၀၉-၄၃၁၆၀၄၄၄၊ ၀၉-၅၀၃၅၉၂၀

ဦးကျော်ဆွေ ၁၂/ကမရ(နိုင်)၀၅၂၄၈၀ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၄၄၁နေ ဒေါ်ကေသီဦး ၁၀/မလမ(နိုင်)၁၃၁၁၅၀ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီဦးသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် OSS-77၊ ကွင်းအမည်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ် N-9 ၊ မြေအမျိုးအစား (G-2) ၊ မြေဧရိယာအကျယ် ၂၈ ဒသမ ၅၀ ဧကရှိ မြေနှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုးလယ်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၇၄(ခ)၊ ကွင်းအမည် ဝါးဆနယ်၊ ဦးပိုင်အမှတ် ၂၄၊ မြေအမျိုးအစား G-2 ၊ဘိုးဘွားပိုင်မြေ၊ မြေဧရိယာအကျယ် ၁၄ ဒသမ ၅၀ ဧကရှိ မြေများနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဦးကျော်ဆွေ ၁၂/ကမရ(နိုင်)၀၅၂၄၈၀ ထံမှ ၃၀-၄-၂၀၁၃ ရက်စွဲပါ **နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်**၊ ၃၀-၄-၂၀၁၃ ရက်စွဲပါ ပျဉ်းမနားမြို့နယ် တရားရုံး၌ ဦးကျော်ဆွေ၏ ကျမ်းကျိန်လွှာအမှတ် ၀၉၉ ၏ ကျမ်းကျိန်ဆိုချက်နှင့် ၃၀-၄-၂၀၁၃ ရက်စွဲပါ ပျဉ်းမနားမြို့နယ်၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ ဦးကျော်ဆွေမှ ဒေါ်ကေသီဦးထံ ပေးအပ်ခဲ့သော အထွေထွေ ကိုယ်စားလှယ်လွှဲစာ စာချုပ်နံပါတ် ၆၂ များအရ ဒေါ်ကေသီဦးသည် အထက်ဖော်ပြပါ မြေကွက်များအား ဦးကျော်ဆွေထံမှ တရားဝင်လက်ရောက် ရယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များအား ဒေါ်ကေသီဦး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေကွက်များနှင့် ပတ်သက်၍ စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက ပြုမူဆောင်ရွက်သူတို့၏တာဝန်သာဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးထင်ကျော်
B.Sc,H.G.P,R.L
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)
၁၃၈/ပ-ထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ရှိ စက်ပစ္စည်းများရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)၊ ရေကူးစက်ရုံရှိ ရေဒီယိုနှင့်ရုပ်မြင်သံကြား ဆက်စပ်ပစ္စည်း (၂၉)မျိုးအား ရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၉-၂၀၁၃ရက်မှ ၃၀-၉-၂၀၁၃ ရက်အထိ နံနက် ၀၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)တွင် တစ်စုံလျှင် ကျပ် ၂၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ရေဒီယိုနှင့်ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများ (၂၉)မျိုးကို ရေကူးစက်ရုံ (ရန်ကုန်)ရုံးတွင် ၂၈-၉-၂၀၁၃ရက်နှင့် ၂၉-၉-၂၀၁၃ရက်များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၅။ တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)၊ ပြည်လမ်း၊
ဖုန်း-၀၁-၅၃၅၉၈၀၊ ၀၁-၆၆၀၃၀၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသူ ၁၄/မမန (နိုင်)၁၅၁၅၃၇၏ နိုင်ငံကူးလက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်အတိုင်း ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၃၀၅၅၃၈၁**

ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်မ မတင်တင်ခိုင် ၃/ဘအန(နိုင်)၁၄၀၁၃၄ နှင့် ဦးသန်းဇော်မြင့် ၃/ဘအန(နိုင်) ၀၇၇၂၂၅ တို့သည် လွန်ခဲ့သော ၁၉၉၈ ခုနှစ်က လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၀၀၄ ဧပြီလမှစ၍ အဆက်အသွယ်မပြုဘဲ သီးခြားစီနေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ဦးသန်းဇော်မြင့်သည် ယနေ့အချိန်အခါတွင် ခင်ပွန်းအဖြစ် ကျွန်မနှင့် လုံးဝ ပတ်သက် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မတင်တင်ခိုင်
၃/ဘအန(နိုင်)၁၄၀၁၃၄

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ရန်ဝေးရပ်ကွက်၊ သုခိတာလမ်း၊ အမှတ်၂၉၉ နေ ဦးအောင်ကျော်စိုး(ခ)ကိုတိုး ၈/မကန(နိုင်)၀၀၇၁၆၉ ၏ သမီး မထူးရွှေရည်အောင် (ခ)ဒီးဒီး ၈/မကန (နိုင်) ၂၁၀၈၃၉ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဦးအောင်ကျော်စိုး(ခ)ကိုတိုး

နယ်သတင်းနှင့်ဆောင်းပါး

သုံးခွမြို့ အနော်ရထာလမ်း ယိုယွင်းပျက်စီးနေ

သုံးခွ စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၄)ရပ်ကွက် မြို့မဈေးအရှေ့ဘက်နှင့် ကပ်လျက်ရှိသော အနော်ရထာလမ်းမကြီးသည် ရာသီဥတုဒဏ်နှင့် ယာဉ်သွားလာမှုများသောကြောင့် ယိုယွင်းပျက်စီး၍ ချိုင့်ခွက်များဖြစ်ကာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးတို့မှာ ချိုင့်ခွက်များကိုရှောင်၍ မောင်းနှင်ရသဖြင့် အခက်အခဲဖြစ်နေရသည်။

အမြန်ဆုံးပြုပြင်

ထိုလမ်းမကြီးသည် သုံးခွမြို့မှ ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲထိ ရောက်အောင်သွားနိုင်သော လမ်းမကြီးဖြစ်သည်။ ထို့ပြင် သုံးခွမြို့ မြို့တွင်း မြို့တစ်ပတ်လမ်းများမှာလည်း ချိုင့်ခွက်များဖြစ်ကာ ယိုယွင်းပျက်စီး နေသဖြင့် အများပြည်သူသွားလာရေးအဆင်ပြေစေရေးအတွက် အမြန်ဆုံး ပြုပြင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

ရေစကြို စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှစ်အိမ်တန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်၍ မြို့ပေါ်ရှစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပေါင်းစုထောက်ပံ့ကူညီလှူဒါန်းသော ဆန် ၂၆ အိတ်၊ ငရုတ်သီးခြောက်သုံးအိတ် တစ်ပြည်၊ ဆား ပိဿာ ၄၀၊ ဆီ ၁၃ ပိဿာ၊ ကြက်သွန် ၁၅ ပိဿာ၊ ဆပ်ပြာမှုန့်ထုပ်အသေး ၇၂ ထုပ်၊ အကြီး ၅၀ ထုပ်၊ ဆပ်ပြာတောင့် ၁၀ တောင့်၊ ခေါက်ဆွဲထုပ်အသေး ၃၀၀၊ ခေါက်ဆွဲထုပ်ကြီး ၃၂ ထုပ်၊ ခေါက်ဆွဲခြောက် နှစ်ဖာ၊ ထန်းလျက်တစ်ပိဿာ၊ သကြားနီး (ဒွိစုံ) တစ်စုံတို့ကို ရှစ်အိမ်တန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

ဆိပ်ဖြူမြို့နယ်တွင် မြစ်ရေတိုက်စားမှုကြောင့် နေအိမ်များ ဆက်လက်ရွှေ့ပြောင်းပေးနေ

ဆိပ်ဖြူ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးရှိ သံဇလုံကျေးရွာသည် မြစ်ရေလျှံတက်မှု လျော့ကျသွားသော်လည်း ကမ်းပါးများအဆက်မပြတ်ပြိုကျနေခြင်းအတွက် အန္တရာယ်ရှိသည့် နေအိမ်များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ကယ်ဆယ်ရေးအဖွဲ့တို့က စက်တင်ဘာ ၂၀ ရက်မှ စတင်ကာ ပြောင်းရွှေ့ပေးရန် လိုအပ်သည့် နေအိမ်လေးလုံးကိုထပ်မံ၍ စနစ်တကျပြောင်းရွှေ့ပေးခဲ့သည်။

ယခုအချိန်တွင် ဧရာဝတီမြစ်ရေလျှံတက်ကာ ကမ်းပါးပြိုမှုကြောင့် စိုးရိမ်ရသည့် သံဇလုံကျေးရွာမှ နေအိမ်ပေါင်း ၁၄ လုံးကို ဆိပ်ဖြူ-စလင်းကားလမ်းဘေးတွင် ခေတ္တရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ရာ ၎င်းစိုးရိမ်ရသော နေအိမ်များကို သက်ဆိုင်ရာဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်ကျေးရွာလူငယ်များက ကူညီရွှေ့ပြောင်းပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကြောင့် လူ၊ နေအိမ်၊ တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ကျေးရွာဖွံ့ဖြိုးရေးစက်ရေတွင်းတူးဖော်ပေး

မြိုင် စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တောင်စုံအုပ်စု မြောင်းဖျားကျေးရွာ၌ စက်တင်ဘာ ၂၃ ရက်က လေးလက်မ ပေ ၄၂၀ စက်ရေတွင်းသစ်တပ်ဆင်ခဲ့ကြောင်း သိရသည်။

မြောင်းဖျားကျေးရွာသည် လူဦးရေ ၂၇၇ ဦး၊ အိမ်ထောင်စု ၅၉ စုနှင့် အိမ်ခြေ ၄၂ အိမ်တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၅၉ သိန်းဖြင့် တူးဖော်ပေးခဲ့ပြီး ရေစုပ်စက်၊ ရေလှောင်ကန်အမြင့် ခြောက်ပေ၊ အလျား ၁၅ ပေ၊ အနံ ရှစ်ပေနှင့် စက်ခန်းအဆောက်အအုံတို့ကို မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဟန်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးမြင့်နှင့်ရွာသူရွာသားတို့ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းရေတွင်းမှာ တစ်နာရီ ရေဂါလန် ၂၀၀၀ ရရှိကြောင်း သိရသည်။

စိန်မြိုင်

အုတ်ဖိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

ပဲခူး စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် မှက္ကဒန်ကျေးရွာ၊ ဘောဂကုန်းကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲက မှက္ကဒန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အုတ်ဖိုမြို့နယ် ဓမ္မဝိဇယနာရေးကူညီမှုအသင်းနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ဆန်၊ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ မုန့်မျိုးစုံ၊ ရေသန့်၊ ဆပ်ပြာ၊ ဖိနပ်၊ လက်ဖက်ခြောက်နှင့်ဆေးဝါးများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀ သိန်းခွဲခန့်ကို ရေဘေးသင့်ပြည်သူများသို့ ပေးအပ်လှူဒါန်းခဲ့ပြီး မှက္ကဒန်ကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းဆရာတော် ဦးပညာသီရိအား သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဆားလင်းကြီး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ချမ်းသာရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ ကျန်းမာရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုနှင့် အသင်းဝင်များ၊ အခြားလူမှုရေးအသင်းများပါဝင်သောအဖွဲ့များသည် ချမ်းသာရပ်ကွက်အတွင်းရှိ နေအိမ်များရှိ ပြည်သူများသို့ သွေးလွန်တုပ်ကွေးရောဂါပိုးဖြစ်ပွားနိုင်သည့် ခြင်ပေါက်ပွားနိုင်သောနေရာများ၊ ခြင်ပေါက်ပွားသည့်နည်းလမ်းများကို ရှင်းလင်းအသိပညာပေး ဟောပြောပြီး ဘုရားပန်းအိုးများ၊ ရေကန်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို လက်တွေ့သရုပ်ပြ လဲလှယ်ပေးပြီး နေအိမ်များ၊ ကျောင်းများရှိ ရေတွင်း၊ ရေကန်များသို့ ခြင်ပေါက်ပွားမှုမှ ကာကွယ်ရန် အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တန်းမြို့နယ်တွင် တောင်သူပညာပေးဆွေးနွေး

ကျောက်တန်း စက်တင်ဘာ ၂၆

စပါးစိုက်တောင်သူများ အထွက်နှုန်းတိုးရေးအတွက် သိပ္ပံနည်းကျ ၁၄ ချက်နှင့်အညီစိုက်ပျိုးရေး၊ လာမည့်ဆောင်းရာသီ သီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်းနှင့်နေကြာသီးနှံ အထွက်တိုးရန် နည်းလမ်းများနှင့်သီးနှံပိုးမွှား ကာကွယ်ရေးနှင့်ပတ်သက်သော တောင်သူပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပန်းတောစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဌေးမောင်၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်မှ တိုင်းတာဝန်ခံ ဦးတင်မောင်မြင့်၊ ဘိုင်အိုစူပရင်းကုမ္ပဏီမှ ဦးကံမြင့်၊ ပန်းတောစံပြကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးစိုးပိုင်နှင့်တောင်သူ ၁၁၅ ဦးတို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးပညာပေးအဖွဲ့ခေါင်းဆောင် ဦးကျော်သောင်း (ဒုဦးစီးမှူး)၊ သီးနှံမျိုးစေ့တာဝန်ခံ ဒေါ်ခင်ထွေးလွင်၊ သီးနှံပိုးမွှားတာဝန်ခံ ဒေါ်စုစုစံနှင့်မြေအသုံးချရေးတာဝန်ခံ ဒေါ်လဲ့ဝါဦးတို့က ဆွေးနွေးကြပြီး တောင်သူများက သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(၀၁၉)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

ကော့ကရိတ် စက်တင်ဘာ ၂၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့ နောင်တပွဲကျေးရွာဘုန်းကြီးကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ နေ့ချင်းပြီးထုတ်ပေးခြင်းကိုစက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာကော့ကရိတ်မြို့နယ်အတွင်းရှိကျေးရွာများမှပြည်သူ ၅၂၆ ဦးတို့ကို ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထိန်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

ခင်လေးနွယ်(ကော့ကရိတ်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

1.	50 W TV Transmitter & Accessories	3 Lots
2.	အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ	29 Items
3.	(a) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ	25 Items
	(b) Tape & Disc	1 Lot
	(c) HD Camera & Accessories	10 Sets
4.	ရုံးသုံးစက်ကိရိယာများ	10 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၀-၂၀၁၃ ရက်မှစတင်၍ နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၁၀-၂၀၁၃ရက် နံနက် ၀၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၀၇၉၊ ၇၉၁၃၅

ဖခင် အမည်မှန်

ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးမိတ်ုရှုရှုယ် ၁/ဗမန(နိုင်)၀၆၃၃၄၇ ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့ (၁၅)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၃) (၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)

၁။ မြစ်ကျောက်စရစ် ၂၈၂ ကျင်း
၂။ မြစ်သဲ ၁၃၇ ကျင်း
၃။ တောသစ် ၁၁၆ တန်
၄။ **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၂၇-၉-၂၀၁၃ ရက်
၅။ **တင်ဒါလျှောက်လွှာရယူနိုင်သည့်နောက်ဆုံးရက်** - ၁၀-၁၀-၂၀၁၃ ရက်
၆။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၁-၁၀-၂၀၁၃ ရက် (ရုံးချိန်အတွင်း)
၇။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
၈။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅) မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉-၆၈၀၇၆၅၇၊ ၀၉-၄၀၀၀၂၁၀၁၄

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၄/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပြုပြင်ခြင်းလုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့် ပြုပြင်ခြင်းလုပ်ငန်း
- အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တွင် 33/ 3.3 KV Transformer (3000 KVA) ပြုပြင်ရန်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၁၂း၃၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၀၇၊ ၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးကော်မတီမှ (၁၆၈'×၄၀'×၂၂') အတိုင်းအတာ၊ အိမ်ခန်းရှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းနေအိမ်တစ်လုံးအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၄-၁၀-၂၀၁၃ ရက် (၁၃း၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၅၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အသုတ်ချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

ပုသိမ် စက်တင်ဘာ ၂၆

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ် စပါးခင်း၊ အင်းချောင်းသဘာဝ ရေပြင်နှင့် တစ်ပိုင်တစ်နိုင် ငါးမွေးကန်များသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အသုတ်ချောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စိုက်/တိုးမြှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ငါးလုပ်ငန်းမှ တာဝန်ရှိသူများက ကျေးရွာသူကျေးရွာသားများထံသို့ ငါးမျိုးသားပေါက်များ ပေးအပ်သည်။

ထို့နောက် ငါးမျိုးများစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းအကောင် ၁၅၉၀၀၀၀၊ ရွှေဝါငါးကြင်း ၃၆၇၅၀၀၊ ငါးခုံးမကြီး ၂၂၂၅၀၀၊ တီလားပီးယား ကောင်ရေ ၄၂၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၂၆၀၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၈၁)

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေ ပေးအပ်

ရှားင် စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားင်မြို့နယ် ဆည်ကျေးရွာအုပ်စု ဆည်ကျေးရွာ အလက (ခွဲ)ကျောင်း စုပေါင်းခန်းမ၌ ကျောင်းဆောင်သစ်အတွက် နိပ္ပန်ဖောင်ဒေးရှင်း စေတနာအဖွဲ့က အလှူငွေပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ငွေ၊ နိပ္ပန်ဖောင်ဒေးရှင်းစေတနာအဖွဲ့မှ ဒေါ်အေးအေးသန်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်လင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အဆိုပါ ကျောင်းဆောင်သစ် မှာ အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ အခန်းသုံးခန်းပါ နံကပ်အုတ်စီ ကျောင်းဆောင်သစ် တစ်လုံး၊ ငါးခန်းတွဲ ရေလောင်းအိမ်သာ တစ်လုံး၊ ပေ ၂၀ပတ်လည် အနက် ၁၅ ပေရှိ မိုးရေလှောင်ကန် တစ်လုံးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၃၅ သိန်းကို ပေးအပ်ခဲ့ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်လင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့်အလျင် အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

သံဖြူဇရပ်မြို့ ပရဟိတလူငယ်များ ဆီဆွမ်းလောင်းလှူပွဲကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၂၆

နှစ်စဉ် ကျင်းပပြုလုပ်သည့် သံဖြူဇရပ်မြို့၏ (၃၈)နှစ်မြောက် ဆီဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက စတင်ကျင်းပရာ ပရဟိတလူငယ်များ ဆွမ်းလောင်းအသင်းက ဦးစီး၍ သံဖြူဇရပ်မြို့ ရာပြည့်ဇရပ်ရှေ့၌ မြို့သူမြို့သား စေတနာရှင်များနှင့် စုပေါင်းပြီး မြို့ပေါ်နှင့်အနီးဝန်းကျင်ကျေးရွာမှ ဘုန်းတော်ကြီးနှင့်သီလရှင်စာသင်တိုက်ကျောင်းပေါင်း ၉၉ ကျောင်း၊သံဃာ/သီလရှင်၁၄၆၅ ပါးတို့ကိုတန်ဖိုးငွေကျပ်၂၉သိန်းကျော်ရှိ စားသုံးဆီလီတာ၃၀၀၀ခန့်ကိုလောင်းလှူခဲ့ကြသည်။ ပရဟိတလူငယ်များ ဆီဆွမ်းလောင်းလှူမှုသည် ငါးနှစ်မြောက်လှူဒါန်းမှုဖြစ်ပြီး နှစ်စဉ် ဝါတွင်းကာလအတွင်း တစ်လလေးကြိမ်မြို့ပေါ်၌ သီတင်းသုံးနေကြသည့် ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းများအားလုံးကို အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူနေကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီနိုင်ရေး ညှိနှိုင်းစည်းဝေး

ပျဉ်းမနား စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့မြို့နယ်လုံးဆိုင်ရာ (၉၅) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ကြွချီပွဲ ကျင်းပနိုင်ရေး အစည်းအဝေးပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးဦးစန်းမော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မြို့ပေါ်ရှိ ဝတ်ဖြူတော်အသင်း ရှစ်သင်းနှင့် ယခုနှစ်တွင်ပါဝင်မည့် နေပြည်တော် အက်ဖ်စီအသင်းရပ်မိရပ်ဖများကလည်း အသေးစိတ်တင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုကြီးကျော်**

ရေဘေးသင့်ပြည်သူများကို ထောက်ပံ့မှုများ ပေးအပ်

နတ်တလင်း စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့နေရသည့် တောင်ယာတောကျေးရွာအုပ်စု အိမ်ထောင်စု ၃၉၆ စု၊ လူဦးရေ ၁၅၈၇ ဦး၊ ရေမွှေးကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၄၀၅ စု၊ လူဦးရေ ၁၃၅၆ဦးတို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ပညာရေးမှူး၊ ကြက်ခြေနီတပ်ဖွဲ့၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့်အခြားလူမှုရေးအဖွဲ့အစည်းများက သွားရောက်၍ ဆန်၊ အဝတ်အထည်၊ ကြာဆံထုပ်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငွေကြေးနှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **တင်မြင့်**

ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်ဖွင့်

ယင်းမာပင် စက်တင်ဘာ ၂၆

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေး၊ စာဖတ်သည့်အလေ့အထများ စွဲမြဲစေရေးနှင့် စာဖတ်သူတိုးပွားရေးတို့အတွက် လည်ငေါက်ကျေးရွာ မူလတန်းလွန်ကျောင်း၌ စက်တင်ဘာ ၂၀ ရက်က ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာရှိ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သုတ၊ ရသ စာအုပ် စာစောင်များကို စိတ်ပါဝင်စားစွာ လာရောက်ဖတ်ရှုခဲ့ကြသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက စာဖတ်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား စာတော်ပြီး ဗဟုသုတကြွယ်ဝသော လူတော်လူကောင်းများဖြစ်ရေး၊ ကျောင်းစာကို ကြိုးစားရန်နှင့် အားလပ်ချိန်များတွင်လည်း ဗဟုသုတရရှိစေနိုင်သည့် စာပေများ ဖတ်မှတ်လေ့လာပြီး အကောင်းအဆိုးဆင်ခြင်တတ်စေရန် ပညာပေးဟောပြောခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက် (အင်္ဂါနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လေလံကြော်ငြာ

၁။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရာသီ သီးနှံနှင့် ကော်ဖီပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ၊ လေးထောင့်ကန် ဘက်စုံခြံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စတိုရုံအဟောင်း (၆)လုံးအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်သွင်းလွှာနှင့် စည်းကမ်းချက်များကို လေးထောင့်ကန်ဘက်စုံခြံတွင် ၁-၁၀-၂၀၁၃ရက်မှ ၁၅-၁၀-၂၀၁၃ရက် ၁၅:၀၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
လေးထောင့်ကန်ဘက်စုံခြံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
ဖုန်း-၀၁-၅၉၉၄၃၀၊ ၀၉-၂၅၀၀၂၉၃၇၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ တင်ဒါသုံးခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) EAF အတွက် Water Cooled Cable (2) Nos
(ခ) ထုံးကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း (ပြည်ညောင်ဒေသ)
(ဂ) Turbo Compressor Oil-Shell Turbo (T-46)-1000 Lits

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၀-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံဆေးပေးခန်း ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသောကုမ္ပဏီများသည် တင်ဒါစည်းကမ်းပုံစံများကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်သည်။ အသေးစိတ်သိရှိလိုပါက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၄၃-၂၃၃၆၆
တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၁၀-၂၀၁၃ရက် ညနေ ၄နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(F)မှ မခိုင်ရတနာသိမ့်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ဖြစ်ပါကြောင်း။

ဦးသန်းဝင်း

ဖခင်အမည်မှန်

အထက(၂) လယ်ဝေး၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်လှဋ္ဌေးဦးနှင့် န၀မတန်း(E)မှ မအေးအေးသန်းတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်ထွေး ဖြစ်ပါသည်။

ဦးကြည်ထွေး ၉/လဝန(နိုင်)၀၃၈၈၉၀

ဖခင်အမည်မှန်

ရေစကြိုမြို့၊ အထက(ခွဲ)၊ စိတ္တသုခကျောင်း ပဥ္စမတန်း(က)မှ မောင်ရဲထွဋ်အောင်နှင့် ဒုတိယတန်း(ခ)မှ မောင်ညီထွဋ်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၈/ရစက(နိုင်)၁၂၅၄၅၇ ဖြစ်ပါသည်။

ဦးမြင့်ဆွေ

အမည်မှန်နှင့် မိဘအမည်မှန်

တာမွေ၊ အထက(၃) ဒုတိယတန်း(က)မှ မောင်ဘုန်းဟန်စိုး၏အမည်မှန်မှာ မောင်ဘုန်းဟန်စိုးနိုင် ဖြစ်ပါကြောင်းနှင့် မိဘအမည်မှန်မှာ ဦးကျော်မိုးဇော် ၁၂/ဒဂတ(နိုင်)၀၂၄၉၈၇နှင့် ဒေါ်နှင်းဝတ်ရည်အောင် ၁၂/တမန(နိုင်)၁၀၁၆၃၂ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင် ၃ လမ်း၊ တိုက်(၆၄/၉)နေ ဒေါ်မြမြဝင်း(လပြ)နှင့် မမြဝင်း ၉/မလန(နိုင်)၀၉၇၆၄၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့ အလက(၇)လှိုင်မှ အလယ်တန်းပြဆရာမ ဒေါ်မြမြဝင်း၏ဖခင်အမည်မှန်မှာ ဦးကြောင်နှင့် ဦးအကြောင် DW-၀၀၃၅၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် အ/၁၇၉၉၊ Toyota Corolla STATION WAGON ယာဉ် လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၂/ရကန(နိုင်)၀၆၃၆၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

နယ်သတင်းနှင့်ဆောင်းပါး

ကျေးရွာချင်းဆက်လမ်း စုပေါင်းလုပ်အားဖြင့် ပြုပြင်

မော်လူး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ဖြတ်သန်းသွားရာ စတင် ဖောက်လုပ်သည်မှ နှစ်ကာလကြာသောကြောင့် အင်းတော်-မော်လူးလမ်းပိုင်းမှာ ပျက်စီးယိုယွင်းလျက်ရှိသည်။

ထိုပြည်ထောင်စုလမ်းမကြီး၏ ဝဲယာတွင် အင်းတော်မြို့နယ် မော်လူးဒေသ မော်လူးအုပ်စု ကျေးရွာပေါင်း ၄၃ ရွာရှိရာ ထိုရွာများရှိ ကျေးရွာချင်းဆက်လမ်းများမှာ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားကြရသော မြေသားလမ်းများဖြစ်ပြီး နေ့စဉ် စက်တပ်ယာဉ်များ အသွားအလာများခြင်းနှင့် မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ကျေးရွာချင်းဆက် လမ်းများသည် ပျက်စီးရသည်။ ထို့ကြောင့် ဒေသခံတို့က နှစ်စဉ်လုပ်အားဒါနဖြင့် မော်လူးအနောက် သုံးမိုင်ခန့်ဝေးသော ထုံးကျောက်တောင်မှမြေများကို ထော်လာဂျီများ၊ တုံဖုံးများဖြင့် လူလုပ်အားနှင့် တူးဆွသယ်ဆောင်၍ ခင်းကြရသည်။

စက်တင်ဘာ ၂၀ ရက်ကစ၍ မော်လူးစံပြကျေးရွာ၏အနောက်သက်ရင်းတာ၊ ပဲခူး၊ ရွာရှည်၊ မလူး၊ ဝွေ့ကြီး၊ နန့်ရုံ၊ ကူးဆိပ်၊ ခိုးကောင်စသော ရွှေလေးတန်ချောင်းရိုးရှိ ခုနစ်ရွာဆုံလမ်းအရှည် လေးမိုင်ကျော်ခန့်ကို ကျေးလက်ဒေသခံအင်အား ၁၀၀ကျော်ဖြင့် လေးရက်တိုင်လုပ်အားလှူဒါန်း၍ လမ်းဖို့ပြုပြင်ခဲ့ကြောင်း သိရသည်။

ဤရွှေလေးတန်ရိုး ခုနစ်ရွာဆုံလမ်းသည် မလူး၊ မာန်ဟဲ၊ မြေပလွှင် ကျေးရွာများကို ဖြတ်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်နယ်စပ် နန့်စီးအောင် ပေကုန်းထိ တစ်ဆက်တည်းဖောက်လုပ်ထားသော လမ်းဖြစ်ကြောင်း၊ နန့်စီးအောင်တွင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် ဆုံရာအထိ ခရီးတာ ရှစ်မိုင်ရှိကြောင်း သိရသည်။

ဝင်းရွှေ(စစ်ကိုင်း)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် ရပ်ရွာ၏ပါဝင်မှုအခန်းကဏ္ဍအရေးပါမှု အလုပ်ရုံဆွေးနွေး

မော်လမြိုင် စက်တင်ဘာ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ကမ်းနားလမ်းရှိ Strand Hotelခန်းမ၌ ဂျာမနီနိုင်ငံ Hanns Seidel Foundation မှ ဦးစီးပြုလုပ်သော ကမ္ဘာလှည့်ခရီးသွားတွင် ရပ်ရွာ၏ပါဝင်မှုအခန်းကဏ္ဍ၌ မွန်ပြည်နယ်၏ အရေးပါမှုအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ရာ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယအထွေထွေ မန်နေဂျာ ဦးဌေးဝင်း၊ ဂျာမနီ Hanns Seidel foundation မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr.Munz Achim၊ ခရီးသွားလာမှုကျွမ်းကျင်သူများဖြစ်သည့် Ms. Haeusler Nioole, Mr. Siegner michael, Mr.Metrich Martin Herbert နှင့် မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဌေးဝင်း ဒုတိယအထွေထွေမန်နေဂျာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန နှင့် Mr. Munz Achim တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီးMs. Haeusler Nioole နှင့် ဒေါ်ကြည်ကြည်အေး (ဟို/တယ်)ခရီးညွှန်ကြားရေးမှူး(ငြိမ်း)တို့က ခရီးသွားလုပ်ငန်းတွင်ရပ်ရွာ၏အခန်းကဏ္ဍဆိုင်ရာမူဝါဒအပိုင်း(၁/၂)ဖြစ်သောနောက်ခံအချက်အလက်၊အခွင့်အလမ်း၊စိန်ခေါ်မှုများ၊ ရပ်ရွာ၏အခန်းကဏ္ဍအဓိပ္ပာယ်သတ်မှတ်ချက်များကိုရှင်းလင်းသည်။ဆက်လက်၍ တက်ရောက်လာသူများက အုပ်စုသုံးစုခွဲ၍ ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲရလဒ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

(လ/၀၁၂)

စစ်မှုထမ်းဟောင်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

မော်လမြိုင် စက်တင်ဘာ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မော်လမြိုင်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကိုကိုနိုင်(ငြိမ်း)က တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းသားသမီးများကို ထောက်ပံ့ကြေးများ ပေးအပ်ရာ စစ်ရေးချုပ်မှ ကျောင်းသား ကျောင်းသူ ၅၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၃၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မုဒုံမြို့တွင် ဆိုင်ကယ်တိုက်၍ လူသေဆုံး

မော်လမြိုင် စက်တင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၁) ရပ်ကွက် မြမာလာလမ်းနေ စိုးမွန်လတ် (၃၆ နှစ်)သည် ဝေ့ဖ်(၁၀၀) အမျိုးအစားဆိုင်ကယ် ၂၃ယ/--- ဖြင့် မော်လမြိုင်-သံဖြူဇရပ်ကားလမ်းမှ ဗိုလ်ချုပ်လမ်းအတိုင်း မြို့တွင်းသို့ မောင်းနှင်လာစဉ် မုဒုံမြို့ မြို့မ(၃) ရပ်ကွက်ရှိ ဘိုတဲဘုရားအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်သံတိုင်ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁ နာရီခွဲက တိုက်မိကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် စိုးမွန်လတ်မှာ ဦးခေါင်းတွင်ဒဏ်ရာများရရှိသဖြင့် မုဒုံမြို့ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လ/၀၁၂**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကယ်တင်ခြင်းတပ်အသင်းတော်ခန်းမ၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးဆိုးကျိုးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။ အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်အရှေ့မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်ဆန်းဦးက မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများသုံးစွဲမှု အန္တရာယ်ဆိုးကျိုးများနှင့် ကော်ရှူသုံးစွဲခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာမွေမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကယ်တင်ခြင်းတပ်အသင်းတော်မှ အသင်းသူ အသင်းသား စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကိုရဲ)

စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ခန္တီး စက်တင်ဘာ ၂၆

ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများမှ နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ ရက်က ခန္တီးမြို့နယ် မှန်ပင်ကျေးရွာ လပြည့်ဝန်းစာကြည့်တိုက်၌ ကျင်းပရာ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆွေးနွေးခဲ့ကြသည်။

ချန်လော(Pr)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးစစ်ဆေး

ရေစကြို စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် ယာဉ်အန္တရာယ်ထိခိုက်မှုလျော့နည်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျလိုက်နာစေရေးတို့အတွက် ဒုရဲအုပ်အောင်မျိုးသိန်း ဦးဆောင်သော မြို့နယ်ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်၊ စည်ပင်သာယာရေး၊ မထသတို့မှ တာဝန်ရှိသူများ၊ မြေဖြူ-မုံညင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက်က ဖူလုံမထသဂိတ်၌ မော်တော်ယာဉ်အမျိုးမျိုးတို့ကို ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်နှင့် တန်ပိုတင်ဆောင်ခြင်းများကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်များကို ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်၊ ဦးထုပ်ဆောင်းရန်၊ လူနှစ်ဦးထက် ပိုမစီးရန်၊ မနိုင်ဝန်များ တင်ဆောင်ခြင်းကိုလည်းကောင်း ပညာပေးကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပျောက်ဆုံး

ကျွန်တော် မောင်သန်းထွန်းအောင် ၉/ဝတန(နိုင်)၁၂၆၆၄၄၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၁၂၄၃၉

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၄) တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ဝေကျော်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးစိုးထွန်း ၁/ဗမန(နိုင်)၀၂၉၉၀၃ ဖြစ်ပါသည်။

ကရင်ပြည်နယ်မြေစာရင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနလက်အောက်ရှိ ဘားအံမြို့နယ်၊ ရှမ်းရွာသစ်မြို့နယ်ခွဲ၊ ဝေါလေမြိုင်မြို့နယ်ခွဲတို့တွင် မြို့နယ်/မြို့နယ်ခွဲ မြေစာရင်းဦးစီးဌာနမှူးရုံးများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၅-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကရင်ပြည်နယ်မြေစာရင်းဦးစီးဌာန
ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၀၄၄၊ ၂၂၇၀၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
(က)	အမျိုးသမီးနှစ်ထပ်ဆောင်ဆောက်လုပ်ခြင်း (၁၇၃'×၃၂'×၂၁.၅') RC နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့	၂
(ခ)	ရေချိုးခန်းရေအိမ်ဆောက်လုပ်ခြင်း (၃၀'×၂၀'×၁၀') RC နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့	၆

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၃ ရက်၊ ၁၁:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၃၊ နေပြည်တော်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်မှင်၊ စာရေးကိရိယာများ 100 KVA မီးစက်၊ လေအေးပေးစက်နှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၀-၂၀၁၃ ရက် ၁၁:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၉၇

ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ကားရပ်နားရန် အဆောင်ဆောက်လုပ်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ကားရပ်နားရန် အဆောင်ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

ကားရပ်နားရန်အဆောင်

၁။ အလျားပေ ၁၀၀×အနံ၂၅ပေ×အမြင့် ၁၅ပေရှိ ကားရပ်နားရန်အဆောင် တစ်လုံး
(အခန်း ၁၀ ခန်းတွဲပါ) (သံတိုင်၊ သွပ်မိုး၊ သံဇကာ)

၂။ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်သို့ ပေးပို့ရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၄၆၊ ၀၆၇-၄၀၄၁၇၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၉၆၈/က၊ မြေကွက်တည်နေရာအမှတ်(၉၆၈/က)၊ လမ်း ၃၀၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လှအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်လှနှင့် ခင်ပွန်း ဦးဘကြူးကွယ်လွန်သဖြင့် ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၀၈၃၀၁၀၊ ဒေါ်ခင်မြင့်ဆွေ ၁၂/ဥကတ(နိုင်)၁၅၂၃၄၁၊ ဒေါ်ဆွေဆွေဝင်း ၁၂/ဥကတ(နိုင်)၀၈၃၀၇၀၊ ဒေါ်ဝါဝါဝင်း ၁၂/မရက(နိုင်)၀၀၈၇၇၅၊ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၈၂၀၃၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၉၇၆၆ (၁၇-၆-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်မြေတ်သူ ၉/ခအဇ(နိုင်)၀၀၂၁၃၈က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၅၉၄(၂၅-၇-၂၀၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မှုခင်းသတင်းနှင့်ကြော်ငြာ

မိုးသည်းထန်စွာရွာသွန်း၍ ကျောင်းရှေ့ခြံစည်းရိုးအုတ်တံတိုင်း ပြိုလဲ

ရန်ကုန် စက်တင်ဘာ ၂၆

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီခန့်က ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်းရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အရှေ့ဘက်၌ ကာရံထားသည့် ခြံစည်းရိုးအုတ်တံတိုင်း အမြင့် ခုနစ်ပေ၊ အလျားပေ ၆၀ ခန့်မှာ ပြိုလဲခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ခြံစည်းရိုးအုတ်တံတိုင်းလဲကျမှုကြောင့် လမ်းပိတ်ဆို့ခြင်းနှင့် လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

တန့်ယန်း စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်ရှိန်မြင့်မားတိုးတက်ရေး အသိပညာပေးဟောပြောပွဲကိုစက်တင်ဘာ ၂၀ ရက်က နမ့်ဟူးလွယ်ကာကျေးရွာ၌ ကျင်းပသည်။ အဆိုပါဟောပြောပွဲတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအသိပညာများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုင်းထွန်းကျော်ကလည်းကောင်း၊ စာဖတ်ရှိန်မြင့်မားတိုးတက်ရေးနှင့် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာများကို စာထောက်-၃ ဒေါ်နန်းယင်းစံပွင့်ကလည်းကောင်း ဟောပြောပြီး ကျေးရွာစာကြည့်တိုက်နှင့် ပြည်သူများ စာဖတ်ရှုနိုင်ရန် ဂျာနယ်မျိုးစုံစောင်ရေ၁၀၀နှင့် နေ့စဉ်ထုတ်သတင်းစာစောင်ရေ၅၀တို့ကိုပေးအပ်လှူဒါန်းခဲ့သည်။ယင်းနောက် နမ့်ဟူးလွယ်ကာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူ ဖတ်ရှုနိုင်ရန် သုတ၊ ရသစာအုပ်မျိုးစုံတို့ကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓားနှင့်ထောက်ခြိမ်းခြောက်၍ ငွေ ၅၅သိန်း လုယူထွက်ပြေးသွားသူကိုဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ရင်းငွေကျပ်သိန်းပေါင်း ၅၅သိန်းလုယူထွက်ပြေးသူကို ဖမ်းဆီးရမိကြောင်းသိရသည်။ **(ယာပုံ)**

စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဦးမြင့်အောင် (၆၀ နှစ်)နှင့် ကိုစိုင်း၊ ကိုမင်းတို့သုံးဦးသည် သံကိုနိုင်သောကျောက် ဝယ်ရန် POSSIBLE အမျိုးအစား BB/. . ယာဉ်ဖြင့် ပျဉ်းမနားမြို့နယ် အရှေ့ဘက် ဆိတ်ဖူးတောင်ရွာ တောင်ခြေအရောက် စောမွန်ခမ်း (၄၅ နှစ်)၊ လော့ပလေ (၄၀ နှစ်)၊ ကိုဝင်းရွှေ(၄၈ နှစ်)တို့နှင့် တွေ့ရပြီး တောင်ပေါ်တွင် ကျောက်ကို စမ်းသပ်ပြမည်ဟုပြောကာ လော့ပလေ၏ ဆိုင်ကယ်နောက်မှဦးမြင့်အောင်လိုက်ပါပြီး စောမွန်ခမ်း ဆိုင်ကယ်နောက်မှ ကိုမင်းကလိုက်ခဲ့သည်။ တောင်ပေါ်အရောက်တွင်အမည်မသိလူနှစ်ဦးကိုထပ်မံတွေ့ရပြီး ၎င်းတို့က သံကိုနိုင်သောကျောက်ကို စမ်းသပ်ပြရန် လူမစုံသေးကြောင်းပြောကာ စောင့်နေသော်လည်း မည်သူမျှရောက်မလာသဖြင့် ဦးမြင့်အောင်က တောင်အောက်သို့ဆင်းပြီး အရောင်းအဝယ်

ပြုလုပ်မည်ပြောရာ သဘောတူပြီး အမည်မသိ(၃၀နှစ်)ခန့်မောင်းနှင်သော ဆိုင်ကယ်တွင် ကိုမင်းလိုက်ပါသွားသည်။ တောင်ပေါ်တွင်ဦးမြင့်အောင်နှင့်အတူ စောမွန်ခမ်း၊ လော့ပလေနှင့်အမည်မသိ(၃၀နှစ်)ခန့်အမျိုးသားတစ်ဦးတို့ ကျန်ခဲ့စဉ် ဦးမြင့်အောင်လွယ်ထားသော ဘေးလွယ်အိတ်ကို လော့ပလေကယူကာ ဓားနှင့်ထိုးမည်ဟု ခြိမ်းခြောက်၍ ဆိုင်ကယ်မောင်းနှင် ထွက်သွားစဉ် စောမွန်ခမ်းက ပြန်လည်တောင်းပေးမည်ပြော၍အမည်မသိလူတစ်ဦးနှင့်အတူလော့ပလေနောက်သို့လိုက်သွားပြီးပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ဘေးလွယ်အိတ်ထဲတွင်ငွေစက္ကူရောရာ ငွေကျပ် ၅၅ သိန်း၊ ဦးမြင့်အောင် မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်၊ ကမ္ဘောဇဘဏ်စာအုပ်တစ်အုပ်ပါရှိသွားသဖြင့် ခြိမ်းခြောက်ကာ ငွေကိုယူဆောင်သွားသော လော့ပလေ၊ စောမွန်ခမ်းနှင့် အမည်မသိလူတစ်ဦးအား အရေးယူပေးပါရန် ဦးမြင့်အောင်က ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းရာနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မင်းကိုထွေးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်နေရာ ဆိပ်ဖူးတောင်ကျေးရွာသို့ စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီ ၂၅ မိနစ်က သွားရောက်၍ ဆိတ်ဖူးတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေက ရွာအတွင်း၌ မသင်္ကာဖွယ်လူသုံးဦးတွေ့ရှိကြောင်း ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားလာသဖြင့် ပူးပေါင်း၍ ၎င်းတို့ကို စစ်ဆေးရှာဖွေရာ နိုင်ကြီး(ခ)ဝင်းနိုင်(ခ)လော့ပလေ(၄၀ နှစ်) မိုးဆွေကျေးရွာ ဥတ္တရသီရိမြို့နေသူနှင့် ကျော်ကျော်ဦး(ခ)ကျော်ကြီး(ခ)ကျော်ရီ(၃၃ နှစ်) အေးကြီးရွာ ရေတာရှည်မြို့နယ်နေသူတို့ကို ဖမ်းဆီးမိခဲ့သည်။ ပြစ်မှုကျူးလွန်ရာတွင် ဝင်းရွှေ(ခ)လုဖိနှင့် စောမွန်ခမ်း (ခ)ကျော်မြတ်သူ၊ အောင်သာမင်း (၃၀နှစ်)နှင့်မအေးအေးမူ (၂၇ နှစ်)တို့ပါဝင်ကြောင်း၊ စောမွန်ခမ်း(ခ)ကျော်မြတ်သူမှာ ခေါင်းဆောင်ဖြစ်ကြောင်း သိရသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဝင်းရွှေ(ခ)လုဖိကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဆိတ်ဖူးတောင်ရွာချောင်းအတွင်းမှလည်းကောင်း၊ အောင်သာမင်းနှင့် အေးအေးမူ(ခ) စောမွန်နန်းကို နံနက်၁ နာရီခွဲတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကလေးတစ်ဦး ယာဉ်တိုက်သေဆုံး

တောင်သာ စက်တင်ဘာ ၂၆

မြင်းခြံမြို့နယ် ဂွေးပင်ရိုးကျေးရွာအနီး မြင်းခြံ-တောင်သာလမ်းမကြီးတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက ကလေးတစ်ဦး ယာဉ်တိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းကိုကျော်ကျော်လင်း (ခ)သဲကို မောင်းနှင်လာသော ၉င/------လင့်ခရူဇာသည် မြင်းခြံ-တောင်သာလမ်းမကြီးအတိုင်း အရှိန်ပြင်းစွာမောင်းနှင်လာစဉ် မိုင်တိုင် ၄၄၉/၄၅၀ကြားတွင် မောင်စောရဲနောင် (၇နှစ်) ဒုတိယတန်း ကျောင်းသားကို တိုက်မိရာမှ ပေ ၉၀ ခန့်အထိ ချိတ်ပါသွားပြီး ဦးခေါင်း ဒဏ်ရာများဖြင့် မြင်းခြံဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။ ယင်းသေဆုံးမှုနှင့်ပတ်သက်၍ ယာဉ်မောင်းကို မြင်းခြံအမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ခိုးမှုဖြင့်မသင်္ကာသူနှစ်ဦးကို လှည့်ကင်းအဖွဲ့က ဖမ်းဆီးအရေးယူ

တောင်ငူ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်းမှ နယ်ထိန်းအဖွဲ့သည် နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်ရာလူနှစ်ဦးကို တွေ့ရှိစစ်ဆေးရာ ခိုးရာပါငွေနှင့်အဖိုးတန်ပစ္စည်းများတွေ့ရှိသဖြင့် မသင်္ကာမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက်ည လှည့်ကင်းဆောင်ရွက်နေသည့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းထိုက်ထွေးနှင့် အဖွဲ့သည် နံနက် ၂ နာရီခွဲက သက်သေများဖြစ်ကြသော (၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဦး၊ (၁၃) ရပ်ကွက် ဆယ်အိမ်စုမှူး ဦးမြင့်လွင်တို့နှင့်အတူ ကေလဇာတီဘုရားအနောက်ဘက်မုခ်ရှိအလှူခံမဏ္ဍပ်ထဲတွင်မသင်္ကာဖွယ်ရာလူနှစ်ဦးကိုတွေ့ရှိခဲ့ကြသည်။၎င်းမသင်္ကာဖွယ်ရာလူနှစ်ဦးမှာ အုတ်တွင်းမြို့နယ် ဘန့်ဗွေးကုန်းရွာမှ မောင်ဖိုးထူး (၂၁ နှစ်) နှင့် ကိုဦး(၂၅ နှစ်) ဆိုသူတို့ဖြစ်ကြပြီး အလုပ်အကိုင် အတည်တကျမရှိသူများဖြစ်ကြသည်။ ၎င်းတို့ကို သက်သေများနှင့်အတူရှာဖွေရာ ငွေကျပ် ၅၀၀၀၀၀ခန့်တန်ဖိုးရှိ နိုကီရာလက်ကိုင်ဖုန်းအနက်တစ်လုံး၊ ကလပ်စစ်တိုင်ကပ်နာရီတစ်လုံး၊ ငွေကျပ် ၇၆၈၂၀၊ စီးကရက်ငါးဘူးနှင့်အတူ တွေ့ရှိရကာ အထောက်အထားတစ်စုံတစ်ရာ ပြောပြနိုင်ခြင်းမရှိကြသဖြင့် တစ်နေရာမှ ခိုးယူလာသည့် ပစ္စည်းများဖြစ်နိုင်၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ၎င်းအမှုအား အမှတ်(၂)ရဲစခန်းက အရေးယူဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **၁၁၅**

ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ရွာသစ်ကုန်းတွင် လူတစ်ဦး ရေနစ်သေဆုံး

ကသာ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အမှတ်(၂) ရပ်ကွက် ရွာသစ်ကုန်းတွင်နေသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ရွာသစ်ကုန်းတွင် လူတစ်ဦးရေနစ်သေဆုံးသွားကြောင်း သတင်းအရထီးချိုင့်ရဲစခန်းမှရဲတပ်ကြပ်ကြီးတင်ဝင်းလှိုင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးမင်းဦး (၅၅နှစ်) ဖြစ်ပြီး ၎င်းသည် ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ပြီး ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) (၁) **Lightning Protection System (Earthing & ESES)** — **(9) Lots**
- မွိုင့် ၃၀၆၉-မွိုင့် ၇၅၀-ဟုမ္မလင်း-မွိုင့် ၇၁၅-မွိုင့် ၈၄၅-ခန္တီး မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း
- မွိုင့် ၆၂၀၀-တုံတာ မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း

(၂) **Lightning Protection System (ESES)** — **(24) Lots**
- နဘား-ဗန်းမော် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း
- မော်လမြိုင်-ထားဝယ် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း
- မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း
- ပဲခူး-မုပ္ပလင်-သထုံ မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း
- မကွေး-မင်းဘူး-စစ်တွေ-မောင်တော မိုက္ကရိုဝေ့ဖ်ဆက်ကြောင်း

(၃) **Avait GbE IP မိုက္ကရိုဝေ့ဖ်စက်အရန်ပစ္စည်း** — **(3) Items**
- IF Interface Unit (RAC 6X) — 6 Nos
- GE/FE Interface Unit(DAC GE) — 6 Nos
- Standard INU (with 400 Mbs License Card) — 2 Nos

(ခ) **စက်ပစ္စည်း** — (6) Items
- (၁) 12 Cores Fiber Optics Joint Closure (Single) 7 Ø ~18Ø(mm) (Horizontal) — 200 Nos
- (၂) FC/PC-FC/PC (Single mode) 10 Meter (0.3 dB) (45 dB) — 50 Nos
- (၃) FC/PC-LC/PC (Single mode) 10 Meter (0.3 dB) (45 dB) — 50 Nos
- (၄) FC/PC-LC/PC (Single mode) 20 Meter(0.3 dB) (45 dB) — 50 Nos
- (၅) 16E1, PDH Fiber Optics Multiplexer (2 Cores) (16x2.048 Mbps) (HDB 3) (120 ohm) up to 60 km — 4 Nos
- (၆) 8E1, PDH Fiber Optics Multiplexer(2 Cores) (8x2.048 Mbps) (HDB 3) (120 ohm) up to 60 km — 4 Nos

(ဂ) **Gbe IP Microwave Equipment** — **(7) Hops**
မကွေး-မင်းဘူး-စစ်တွေ-မောင်တောဆက်ကြောင်း

(ဃ) **ငွေစာရင်းပုံစံ** — **(12)Items**
(TRA-93, TRA -9, ACE-104(A), ACE-104(B), ACE-40, etc...)

(င) **သံတံဆိပ်ဆံ** — **(4) Items**
- (၁) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ (အင်္ဂလိပ်) — 3705 Nos
- (၂) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ (အင်္ဂလိပ်) — 1799 Nos\
- (၃) ၂၀၁၄-နှစ်တိုတံဆိပ်ဆံ (မြန်မာ) — 4134 Nos
- (၄) ၂၀၁၄-နှစ်ရှည်တံဆိပ်ဆံ (မြန်မာ) — 1873 Nos

(စ) **မော်တော်ယာဉ်** — **6 Items**
- (၁) Bucket Crane (1-Ton) (Gasoline/ Diesel) (2012-Model) (Brand New) — 4 Units
- (၂) Double Cab (Toyota) (Diesel) (3000 cc) (2003-Model) — 2 Units
- (၃) 1-Ton Light Truck (Toyota) (Diesel) (3000cc-4000cc) (2003 & Above Model) — 2 Units
- (၄) 2-Ton Light Truck (Dyna/Canter) (Diesel) (4000cc) (2004 & Above Model) — 2 Units
- (၅) Crane (10-Ton) (Diesel) (2002-Model) (Japan/Korea) — 1 Units
- (၆) 1-Ton Light Truck (KIA) (Bongo 111) (Diesel) (2500 cc) (2008& Above Model) — 2 Units

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ပြင်ဆင်ချက်

၂၄-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)ပါ ကြည့်မြင်တိုင်မြို့နယ် ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် ဒေါ်ညွန့်ရီအစား ဒေါ်ညွန့်ရွှေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့ စိုးစံကိုယ်ပိုင်အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မရွှန်းလဲ့နန္ဒာ(11F/65)၏ဖခင်အမည်မှန်မှာ ဦးမျိုးနောင်ဆန်း ၁၂/အစန(နိုင်)၁၄၆၈၀၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်လမ်း၊ မြေကွက်အမှတ် ၃-၆၀၆၀၊ ၃-၆၀၅၈ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကျော်ဝင်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးကျော်ဝင်းက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးဘုန်းဇေယျာဝင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဘုန်းဇေယျာဝင်း ၁၂/ဒဂန(နိုင်)၀၃၁၄၀၂

ထိုင်းတောင်ပိုင်း ရော်ဘာခြံတွင် အလုပ်လုပ်ကိုင်ရင်း ဒုက္ခိတဖြစ်ခဲ့ရသူ လူမှုရေးအသင်းပြန်လည်ပို့ဆောင်ပေး

တာချီလိတ် စက်တင်ဘာ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်းရှိရော်ဘာခြံတစ်ခြံတွင် အလုပ်လုပ်ကိုင်ရင်း မတော်တဆဖြစ်မှုကြောင့်ခြေတစ်ဖက်ဆုံးရှုံးကာ ဒုက္ခိတဖြစ်ခဲ့ရပြီး စားဝတ်နေရေး ခက်ခဲနေသည့် မောင်နိုင်စိုး (ခ)စောလှနိုင်သည် မိဘရပ်ထံပြန်လိုသည့်အတွက် ကူညီမှုပေးနိုင်ပါရန် တာချီလိတ်မြို့ရှိ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက်မြန်မာနိုင်ငံသားများအား ကူညီစောက်ရှောက်ရေးကော်မတီထံသို့ ဆက်သွယ်အကူအညီ တောင်းခံခဲ့ရာ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့်တာဝန်ရှိသူများ ကော်မတီဝင်များက ၄င်း၏အကူအညီတောင်းခံမှုအား နွေးထွေးစွာ ကြိုဆိုခဲ့ပြီး စက်တင်ဘာ ၂၁ရက်တွင် လက်ခံဆောင်ရွက်ပေးခဲ့သည်။**(အပေါ်ယာပုံ)**

မောင်နိုင်စိုး၏ မိဘများရှိရာ မွန်ပြည်နယ် မုတ္တမမြို့နယ် ဇက်ဆိပ်(၂)ရပ်ကွက်သို့ ပြန်လည်သွားရောက်နိုင်ရေးနှင့် ၄င်း၏ အသက်မွေးဝမ်းကျောင်းအတွက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေး ကော်မတီ (တာချီလိတ်)မှ ငွေကျပ်ငါးသောင်းနှင့် လေယာဉ်လက်မှတ်ခ ကိုးသောင်းငါးထောင်ကျပ်၊မဖြိုမလူမှုရေးအသင်းမှ ငွေကျပ်ခုနစ်သောင်း၊ ကိုစည်သူနှင့် မိတ်ဆွေများမှ ငွေကျပ်ငါးသောင်းတို့အား စက်တင်ဘာ ၂၂ ရက်က တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်ပေးအပ်လှူဒါန်းခဲ့ပြီး တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအားကူညီစောင့်ရှောက်ရေး ကော်မတီ(တာချီလိတ်)မှ ကော်မတီဝင်များက ၄င်းအားမိဘရပ်ထံပြန်နိုင်ရေးအတွက် တာချီလိတ်လေဆိပ်အထိ ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ စနစ်တကျအပ်နှံကာ ကမ္ဘောဇလေကြောင်းလိုင်းဖြင့် စက်တင်ဘာ ၂၂ ရက်က ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ် စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထက (၂)၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့်သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂၁ရက်က အထက(၂)ပညာရွှေရည်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပညာရေးညွှန်ကြားရေးမှူး ဦးကြည်အောင်နှင့်တာဝန်ရှိသူများက ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘဆရာအသင်း တာဝန်ရှိသူများက ဆရာဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

ပုသိမ်မြို့ အထက(၂) ကျောင်းသည် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဘာသာစုံ ရှစ်ဦး၊ ငါးဘာသာ ခြောက်ဦး၊ လေးဘာသာ ၁၀ ဦး၊ နှစ်ဘာသာ ၁၇ဦး၊ တစ်ဘာသာ ၄၅ဦး ထူးချွန်စွာပေါ်ထွက်လာပြီး အောင်ချက်ရာနှုန်းမှာ ပုသိမ်မြို့တွင် ပထမ၊ တိုင်းဒေသကြီး အဆင့်တွင် ဒုတိယရရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လယ်ကွင်းတွင် မိုးကြိုးပစ်ခံရ၍ လူသေဆုံး

မင်းလှ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊မင်းလှမြို့နယ်တွင် စက်တင်ဘာ ၂၂ ရက် ည ၇ နာရီ ခန့်က အလယ်ကုန်းကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာနေ ဦးခင်မောင်သန်း (၃၅)နှစ်သည် ရွာ၏အနောက်မြောက်ဘက်လယ်ကွင်းအတွင်း တစ်ဦးတည်းငါးထောင်သွားရာမှ မိုးကြိုးပစ်ခံရပြီး သေဆုံးကြောင်း သိရသည်။ စုံစမ်းချက်အရ သေဆုံးသူ၏ အလောင်းကို မင်းလှဆေးရုံသို့ ပို့ဆောင်ထားရှိကာ ဖြစ်စဉ်နှင့် ပတ်သက်၍ မင်းလှရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပင်လည်ဘူးမြို့နယ် တောင်ဘို့လှကျေးရွာတွင် ချဲထီ လောင်းကစားပြုလုပ်သူ ဖမ်းဆီးရမိ

ကသာ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ဘို့လှကျေးရွာတွင် ချဲထီလောင်းကစားပြုလုပ်သူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၂၂ရက် နံနက် ၆နာရီက ပင်လည်ဘူးရဲစခန်းမှ ရဲအုပ်ကျော်ထွေးနှင့် အဖွဲ့သည် သတင်းအရ သက်သေနှင့်အတူ မနရမှူး၏ လောင်းကစားဖမ်းဝရမ်းအမှတ် ၅/၁၃ဖြင့် တောင်ဘို့လှရွာနေ စန်းဦးဆိုသူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းစားပွဲခုံပေါ်မှ သက်သေခံပစ္စည်းများ ဖမ်းဆီးရမိသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ချဲထီ ဂဏန်းများ ရေးသားထားသော ဘောက်ချာဖြတ်ပိုင်းစာရွက်နှစ်ရွက်၊အိမ်ဂျယ်စာတန်းပါ ချဲထီဂဏန်းများ ရေးသားထားသော စာအုပ်တစ်အုပ်၊ ချဲထီဂဏန်းများနှင့် ငွေတန်ဖိုးများရေးသွင်းထားသော ပြေစာအုပ်အသေးနှစ်အုပ်တို့ဖြစ်ကြောင်း သိရသည်။

အထက်ပါ အမှုအား နန့်တပ်ရဲစခန်းမှ စခန်းမှူး ဒုရဲအုပ် ကျော်မြသန်းက တရားလိုနှင့် သက်သေများစစ်ဆေးခြင်း၊ အချုပ်ရီမန်တောင်းခံခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ရဲလုပ်ငန်းစဉ်များ ပြည့်စုံစွာဆောင်ရွက်ထားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ချဲထီ လောင်းကစားပြုလုပ်သူစန်းဦး (ဘ) ဦးပွဲမောင်၊ တောင်သူ၊ တောင်ဘို့လှရွာ၊ လိပ်ပုအုပ်စု၊ ပင်လည်ဘူးမြို့နယ် နေသူအား (ပ) ၁၂၅/၁၃ လောင်းကစား၊ (၁၅)က/၁၆ (က) အရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင် (ကသာ)

နယ်သတင်းနှင့်ကြော်ငြာ

မြန်မာ-လာအိုဒေသဆိုင်ရာ နယ်ခြားကော်မတီစည်းဝေး

တာချီလိတ် စက်တင်ဘာ ၂၆

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် မြန်မာ-လာအိုဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးတက်ရောက်ရန် လာအိုပြည်သူ့တပ်မတော်ဒေသဆိုင်ရာ နယ်ခြားကော်မတီဥက္ကဋ္ဌ Col, Fiththal Phoutthavong ဦးဆောင်ပါဝင်သော ကိုယ်စားလှယ် ၁၆ ဦးတို့သည် လာအိုနိုင်ငံ တုံဖိန်မြို့နယ် မိန်းမောဆိပ်ကမ်းမှ မြန်မာနိုင်ငံ ဝမ်ပုံဆိပ်ကမ်းသို့ လာအိုပြည်သူ့တပ်မတော်ရေယာဉ်ဖြင့် ရောက်ရှိလာရာ တာချီလိတ်မြို့ စစ်ဗျူဟာအဖွဲ့ (အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သောင်းထိုက်ရွှေနှင့် အဖွဲ့က လာရောက်ကြိုဆိုကြပြီး နှစ်နိုင်ငံနယ်ခြားကော်မတီအဖွဲ့မှ အပြန်အလှန်မိတ်ဆက်ကြပြီး မွန်းလွဲ ၁ နာရီတွင် စစ်ဗျူဟာအဖွဲ့(အခြေချ) တပ်နယ်ဧည့်ရိပ်သာ-ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့မြန်မာနိုင်ငံဘက်မှ တာချီလိတ်စစ်ဗျူဟာမှူး ဒေသဆိုင်ရာနယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းထိုက်ရွှေ၊ ဦးစိုးလင်းဟန်၊ ညွှန်ကြားရေးမှူး နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယရဲမှူးကြီး ကျော်ထွန်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇော် လက်/ထောက်စစ် ဥပဒေချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ဦးစည်သူအောင် ဌာနစုမှူး (၂) ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗိုလ်ကြီးဇင်မင်းထွန်း စစ်ဦးစီးမှူး (တတိယတန်း)၊ စစ်ဗျူဟာအဖွဲ့ တာချီလိတ်၊ ဦးမျိုးသက်အောင် ဦးစီးအရာရှိ (ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တာချီလိတ်)၊ ဒေါ်ခင်လပြည့်ထွန်း ဌာနစုမှူး(၂)နိုင်ငံရေးရာဦးစီးဌာန နိုင်ငံရေးရာဝန်ကြီးဌာနတို့ တက်ရောက်ခဲ့သည်။ လာအိုနိုင်ငံအဖွဲ့ခေါင်းဆောင် လာအိုနိုင်ငံနယ်ခြားရေးရာနှင့် မြေပုံဌာန ဥက္ကဋ္ဌ၊ လာအို-မြန်မာ ဒေသဆိုင်ရာအဆင့် နယ်ခြားကော်မတီ ဗိုလ်မှူးကြီးဆီဖန်ဖုဝုံးနှင့်အဖွဲ့ ၁၀ဦးတို့ တက်ရောက်ခဲ့ကြသည်။

မြန်မာ-လာအို ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို စက်တင်ဘာ ၁၆ရက် ညနေ ၄နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

(လ/ဝ၁၅)

ကလေး၌ အာဟာရနို့ချိုတိုက်ကျွေး

ကလေး စက်တင်ဘာ ၂၆

ကလေးမြို့ အောင်သစ္စာရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ အာဟာရနို့ချို(နွားနို့) တိုက်ကျွေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက် ၁၀နာရီခွဲကကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ဆရာဝန်ကြီးနှင့် ဆရာမများ၊ ခရိုင်ပညာရေးမှူးများနှင့် ဒုလက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့်ဆရာဆရာမများ၊ အသင်းအဖွဲ့များ၊အလှူရှင်မိသားစုများတက်ရောက်ပြီး ကျောင်းသားကျောင်းသူများကို အာဟာရနို့ချို(နွားနို့) တိုက်ကျွေးကြကြောင်းသိရသည်။**(အောက်ပုံ) ဂျူနိုင်း**

အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားလမ်းနှင့် ယောအတွင်းဝန်ဦးဘိုးလှိုင်လမ်းထောင့်၊ အမှတ် ၂၈၂ တန် ၃၆၀ ဆန်စက်၊ စက်ရုံဘေး တိုးချဲ့မြေနေရာတွင်ရှိသော ဘောလုံးကွင်း အမှတ်(၁)ပြိုင်ကွင်း၊ ဘောလုံးကွင်း အမှတ်(၂)လေ့ကျင့်ရေးကွင်း၊ နှစ်ထပ်အိပ်ဆောင်၊ ထမင်းစားဆောင်(တွဲလျက်) မီးဖိုချောင်နှင့် ဧည့်ခန်းဆောင်(ကွင်း+အဆောက်အအုံ) တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း တစ်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်- (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် တရားဝင်ဖွဲ့စည်းထားသော ဘောလုံးကလပ်အသင်းများသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။)

(က)	တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၇-၉-၂၀၁၃ရက်မှ ၉-၁၀-၂၀၁၃ရက်အထိ
	အချိန်	-	နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ)	တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း	-	၁၀-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီ
(ဂ)	တင်ဒါပိတ်မည့်ရက်/အချိန်	-	၁၀-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီ
(ဃ)	တင်ဒါပုံစံရောင်းချမည့်နေရာ	-	ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၁၈၂၄
(င)	Deposit ပေးသွင်းရမည့်နေရာ	-	Deposit ငွေကို တင်ဒါပုံစံတစ်စောင်နှုန်းလျှင် ကျပ်သိန်း ၃၀နှုန်းဖြင့် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)နှင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တို့မှ (P.O) cheque ဝယ်ယူပေးသွင်းရမည်။
(စ)	တင်ဒါတင်သွင်းရမည့်နေရာ	-	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
		-	ရုံးအမှတ် ၃၊ နေပြည်တော်

၂။ အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောအတွင်းဝန်ဦးဘိုးလှိုင်လမ်းထောင့်၊ အမှတ် ၂၈၂ တန် ၃၆၀ ဆန်စက်၊ စက်ရုံဘေးတိုးချဲ့မြေနေရာတွင်ရှိသော ဘောလုံးကွင်းအမှတ်(၁)ပြိုင်ကွင်း၊ ဘောလုံးကွင်းအမှတ်(၂) လေ့ကျင့်ရေးကွင်း နှစ်ထပ်အိပ်ဆောင်၊ ထမင်းစားဆောင်(တွဲလျက်) မီးဖိုချောင်နှင့် ဧည့်ခန်းဆောင် (ကွင်း+ အဆောက်အအုံ)တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၃-၆-၂၀၁၃ရက်စွဲပါ တရားလွှတ်တော်ရှေ့နေ ဦးသိန်းဝင်း၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာအပေါ် ကန့်ကွက်ချက်

အင်းစိန်မြို့သစ်၊ (ဂ)ရပ်ကွက်နေ ဦးတင်မောင်(ခ)ဦးဆပ်သီး GBK-၀၉၁၃၆၉၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာမရပ်ကွက်၊ ပဲခူးလမ်းအမှတ် ၂၂၅ဟုခေါ်တွင်သည့် မျက်နှာစာပေ(၃၀)၊ ရှေ့နောက်အလျားပေ(၁၂၅) ရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကွယ်လွန်သူ ဦးမောင်စိန်နှင့်ဇနီး ဒေါ်လှရင်၊ ဒေါ်တင်အေးတို့ပိုင်ဆိုင်ခဲ့သော အမွေဆိုင်ပစ္စည်းများ ဖြစ်ကြပါသည်။

ဦးမောင်စိန် ကွယ်လွန်ပြီးနောက် ၂၈-၈-၁၉၉၄ခုနှစ်တွင် ဇနီးနှစ်ဦးနှင့် ကျန်သားသမီးငါးဦး၊ မြေးတစ်ဦးတို့ မိသားစုစီမံမှုအရ အမွေခွဲဝေရန်သဘောတူစာချုပ် ပြုလုပ်ခဲ့သော်လည်း အမွေမခွဲရသေးမီ ဒေါ်လှရင်၊ဒေါ်တင်အေးနှင့် သား ဦးအောင်ကြည်တို့ ထပ်မံကွယ်လွန်သွားခဲ့ရာ အဆိုပါမြေနှင့်အိမ်တို့တွင် ဒေါ်လှရင်၊ ဒေါ်တင်အေး၊ ဦးအောင်ကြည်တို့ရထိုက်သော အမွေဝေစုများကို ကျန်သားသမီးများ၊ ညီအစ်ကိုမောင်နှမများနှင့် မြေးများကအမွေဆက်ခံရရှိသဖြင့် အမွေဆိုင်ပစ္စည်းများအဖြစ် ရှိမြဲရှိလျက်ရှိပါသည်။

ထို့ကြောင့် အဆိုပါအမွေဆိုင်မြေနှင့် တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆိုင်တစ်ဦးဖြစ်သော ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးတင်မောင်(ခ) ဦးဆပ်သီး၏ သဘောတူညီမှုမရှိဘဲ လွှဲပြောင်းရောင်းချခြင်း မပြုရန်နှင့်ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကန့်ကွက်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ညွှန်ကြားသူ
ဦးတင်မောင်(ခ)ဦးဆပ်သီး
GBK-၀၉၁၃၆၉

ဦးအကောက် (ခ) ဦးစိုးထွန်း
တရားလွှတ်တော်ရှေ့နေ (၁၄၉၄/၇၆)
အမှတ် ၈၊ ဘီးလင်းတန်းလမ်း၊
မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့၊
ဖုန်း-၀၅၃-၃၂၀၇၆၊ ၀၉-၅၁၄၄၃၉၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လက်ဝဲသုန္ဒရလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၄၀၆၊ ဧရိယာပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေအမျိုးအစား ပါမစ်မြေဟုခေါ်တွင်သောမြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြင့်မောင် ၁၂/ဥကတ(နိုင်)၁၄၄၄၄၁မှ အမည်ပေါက်ပြီး ၄င်းထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဦးခင်မောင်ထွန်း ၁၂/ကတတ(နိုင်)၀၂၁၅၃၆က ဝယ်ယူပိုင်ဆိုင်ကာ ၄င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B,D.B.L ဒေါ်ဌေးဌေးဝင်း LL.B,D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၇[ဆ]၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိ ဦးစိန်၊ မရှမီအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမြင့်ဟန် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ၉/ပမန(နိုင်)၀၃၃၉၃၆ (ဘ)ဦးစိန်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မွေးနေ့ရှင်
သုခဝေ(ခ)သုခဆာယာရေ

၂၇-၉-၂၀၁၃ ရက်မှာ ရောက်ရှိသော ချစ်သုသုလေးရဲ့ မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး ဘေးရန်အပေါင်းမှ ကင်းငြိမ်းပါစေ။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ နေ့စဉ် ပို့သသော မေတ္တာများလည်း **သုသု** လေးပြည့်ဝစွာ ခံစားရရှိပြီး အေးချမ်းသာယာသော ဘဝပိုင်ရှင်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သုသုရဲ့
ဘွားဘွားကြီး- ဒေါ်သန်းသန်းဦးနှင့်
သုသုကိုချစ်သော ဘဘနှစ်ယောက်၊ ကြီးကြီးသုံးယောက်
ဦးဦး၊ မမများ၊ ကိုကိုများ

အမည်ပြောင်းလဲခေါ်ပါရန်

အထက(၁)ဒဂုံ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်သုခဆာယာအား ယနေ့မှစ၍ မောင်သုခဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သုခဝေ**

ဖခင်အမည်မှန်

အထက၊ဇီးဖြူကုန်း တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်နိုင်လင်းဦး ၇/လပတ(နိုင်) ၁၆၃၂၇၀ ၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာစီမံကိန်းအတွင်းရှိ လေးခန်းတွဲ လေးထပ်၏ တိုက်အမှတ် ၃၊ အခန်းအမှတ် ၃၂၊ တတိယထပ်ရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဦးအောင်ဝင်းသိန်း ၁၂/လမတ(နိုင်)၀၀၄၇၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၁၁၆၄၄၄

မွေးနေ့မင်္ဂလာဆုတောင်း

စက်တင်ဘာ ၂၇ ရက်မှာ ကျရောက်တဲ့ ချစ်သမီးလေး မအေးချမ်းမိုး (Grade-10B) အထက-၂၊ စမ်းချောင်း၏ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် အသက်ရာကျော်တိုင် ထူးချွန်ထက်မြက်ပြီး လိုအင်ဆန္ဒအဝဝပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်ရသူ သမီးကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ-ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)
မေမေ-ဒေါ်ထွေးထွေးခိုင်(BA.Eco)
မောင်လေး-မောင်ကျော်ပုညဟိန်း
Grade-4(B)၊ အထက-၅၊ မရမ်းကုန်း

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်မြို့သစ်(ခ)၊မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာ အမှတ်၃၈၊ ၂လမ်း၊ မြို့သစ်(ခ)၊ အင်းစိန် ဒေါ်သိန်းလှအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းလှကွယ်လွန်သဖြင့် ဦးလေးကြိုင် ၁၁/ကဖန(နိုင်)၀၀၃၄၂၂ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၀၊ လူနေရပ်ကွက်-၁၊ မြေကွက်အမှတ် ၉/ခ၊ ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဒေါ်မိမိစံအမည်ပေါက် နှစ် ၆၀ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ရန် ၁၅-၉-၂၀၁၃ရက်တွင် စရန်ငွေပေးအပ်ခြင်းကတိစာချုပ်ချုပ် ဆိုခြင်းနှင့် ၂၀-၉-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ(ကြော်ငြာကဏ္ဍ)တွင် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခဲ့ပါသည်။ ယခုအခါအထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုရန် အဆင်မပြေမှုများရှိပါသဖြင့် ၁၅-၉-၂၀၁၃ရက်စွဲပါ စရန်ငွေပေးအပ်ခြင်းကတိစာချုပ်ကို နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ ဖျက်သိမ်းပြီးကြောင်းနှင့် ၂၀-၉-၂၀၁၃ရက်စွဲပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းအားယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကလျာဦး LL.B,DB.L အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၂)
အမှတ်(၂၂)၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၉-၇၃၀၀၄၂၅၈

တေဇ(၂၃)မှသူငယ်ချင်းများ

တေဇ(၂၃)၏ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်ရှိ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာတွင် ၁၃-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက်ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ရဲကျော်မိုး-၀၉-၇၃၀၀၈၆၃၁၊ လင်းဇော်မင်း-၀၉-၄၉၂၂၉၃၁၆၊ မျိုးအောင်စန်း ဖုန်း-၀၉-၈၆၂၉၇၀၉၊ ကျော်စိုးလွင် ဖုန်း-၀၉-၅၁၈၈၀၉၄၊ ထူးအောင်ကြည် ဖုန်း-၀၉-၅၁၉၉၁၆၇၊ သန်းထွဋ်ညို ဖုန်း-၀၉-၇၃၂၀၇၈၄၈



မြေကွက်ရောင်းမည်

ဒဂုံတက္ကသိုလ်အနီး ပေ(၄၀×၆၀) ကျပ်သိန်း ၉၉၊ ပွဲစားဝယ်ရောင်းမလို
တိုက်သစ်ရောင်းမည်
ဒဂုံမြောက်ပိုင်း ပေ(၁၅×၆၀)(အသင့်နေ)ရေမီးစုံ၊ အဲကွန်းသုံးလုံး ကျပ် ၄၈သိန်း။
ဖုန်း-၀၉-၃၁၅၉၇၉၁၁

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အယ်လ်-၁၈/၆၁)၊ မြေကွက် အမှတ် ၁၅၅၇မြေအမည်ပေါက် ဦးကိုကိုကြီး ၁၂/ဗတထ(နိုင်)၀၂၁၉၂၈ သည် နိုင်ငံတော်စီမံကိန်းအတွင်း ပါဝင်သွားသဖြင့် ပြန်လည်အစားထိုးချထားပေးသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၃/၂)မြေကွက်အမှတ် ၁၉၆ အား ဝယ်ယူထားသူ ဦးခင်ရွှေ ၁၂/တမန(နိုင်)၀၈၀၃၄၂ အမည်ဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၂၄-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာအချပ်ပိုစာမျက်နှာ(ခ)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မို့မို့လွင်၏ ဒေါ်အိအိချောနှင့် အများသိစေရန် ကြေညာခြင်းအပေါ်ကန့်ကွက်ပါကြောင်းနှင့် ပြန်လည်ရှင်းလင်းကြေညာခြင်း

လူကြီးမင်း ဒေါ်မြင့်မြင့်စန်းနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိချောတို့သည် ၄-၄-၂၀၁၂ရက်တွင် နှစ်ဦးသဘောတူ အခန်းပေးအခန်းယူ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းကတိစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် စာချုပ်ချုပ်ဆိုပြီးအချိန်မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများပြုလုပ်ဆောင်ရွက်ပြီး ၁၀-၈-၂၀၁၂ရက်တွင် လူကြီးမင်းအားခေါ်ယူ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံဌာန၌ ဆောက်လုပ်ခွင့်အား တရားဝင်တင်သွင်းခဲ့သည်ကို လူကြီးမင်းအသိပင် ဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်၍ ၂၀-၁-၂၀၁၃ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ ဌာန၏ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအား ထည့်သွင်းကြော်ငြာခဲ့ရာတွင် လူကြီးမင်းရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူများ ကန့်ကွက်ခဲ့သည်ကို လူကြီးမင်း အသိပင်ဖြစ်ပါသည်။ ကန့်ကွက်သည့်လုပ်သားပြည်သူများ၊ လူကြီးမင်းနှင့်ကျွန်ုပ်မိတ်ဆွေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တို့အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးဖြေရှင်းခဲ့ရသည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။ ထိုကာလများအတွင်း စာချုပ်ချုပ်ဆိုသည့်မြေပေါ်၌ မြေတူးခြင်း၊ ပန္နက်ချခြင်း အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည်ကိုလည်း လူကြီးမင်း အသိပင်ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည်စာချုပ်စတင်ချုပ်ဆိုသည့်အချိန်မှ ယနေ့အချိန်အထိ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့်လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်နေသူဖြစ်ပါသည်။ ယခုကာလသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ပြုမိန့်အား စောင့်ဆိုင်းနေသည့်ဌာနဆိုင်ရာ ကြန့်ကြာချိန်ကာလလည်း ဖြစ်ပါသည်။ လူကြီးမင်းနှင့်ကျွန်ုပ်မိတ်ဆွေတို့ ချုပ်ဆိုသည့်စာချုပ်၏ စာမျက်နှာ-၂ စည်းကမ်းချက်(၃)၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုမိန့်ကျပြီး (၁)နှစ်အတွင်း အပြီးဆောက်လုပ်ရန်ဟု ဖော်ပြပါရှိသဖြင့် စာချုပ်ပဋိညာဉ်ဖောက်ဖျက်ခြင်းလည်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေသည် လူကြီးမင်းကြော်ငြာတွင်ပါရှိသည့်အတိုင်း တိုက်ဆောက်လုပ်ရန် ယခုအချိန်အထိ ပျက်ကွက်နေသည်ဟု ဖော်ပြချက်မှာ မှားယွင်းနေသည့်အပြင် နှစ်ဦးသဘောတူစာချုပ်အား လူကြီးမင်းဘက်မှ တစ်ဖက်သတ် ဖျက်သိမ်းခြင်းအား ကန့်ကွက်ပါသည်။ ထို့ပြင် လူကြီးမင်း၏ကြော်ငြာကြောင့် ကျွန်ုပ်မိတ်ဆွေသည် ဂုဏ်သိက္ခာများစွာ ထိခိုက်နိုင်သဖြင့် လူကြီးမင်း၏ကြော်ငြာအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက လူကြီးမင်းအားတည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း ကာယကံရှင်ဖြစ်သူ ဒေါ်မြင့်မြင့်စန်းနှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မို့မို့လွင်သိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်မော် အထက်တန်းရှေ့နေ
အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၃၁၈၂၀၇၂၊ ၇၃၀၂၂၃၄၆

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ဦးသောင်းညွန့် ၁၂/ဒပန(နိုင်)၀၁၅၂၉၆ (မှ) ဒေါ်မွန်ရည်အောင် ၁၃/တခလ(နိုင်)၀၀၀၆၉၀(မှ) ဒေါ်နုနုရီ ၁၃/ကမန(ဧည့်)၀၀၀၂၄၇	ဦးတင်ထွန်း ၁၂/သကတ(နိုင်)၀၈၉၉၀၇	တိုက် ၁၀၊ အခန်းအမှတ် ၅၄ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၁၅၃၊ မြေကွက်တည်နေရာအမှတ် ၁၅၃၊ ရာဇဓိရာဇ်လမ်း၊ ၁၄/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်ဆွေဝင်း ၁၂/ဥကမ(နိုင်)၀၈၇၄၃၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ခင်ဆွေဝင်း-ဖခင်ဦးကျော်ဝင်း(ခ)ချန်ဟင်မော(ခ)ချန်ဟင်မော် ကွယ်လွန်သဖြင့် ဦးသန့်ဇင် ၁၂/ဥကမ (နိုင်)၁၂၅၉၉၈၊ ဒေါ်နုနုထွေး ၁၂/ဥကမ(နိုင်)၁၇၉၁၄၇၊ ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်)၀၁၇၈၂၄တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းနှင့်ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၁၅၂၁၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဌေး ၁၄/ညတန(နိုင်) ၁၂၅၇၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

၂၃-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ၂၀-၉-၂၀၁၃ရက်စွဲဖြင့် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများပါ ဦးဝင်းနိုင် ASIA ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၏ ကြေညာချက်နှင့်ပတ်သက်၍ သက်ဆိုင်သူအများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် အဖြစ်မှန်အတိုင်း ထပ်မံ၍ တုံ့ပြန်ရှင်းလင်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ပြည်လမ်း၊ အမှတ် (၁၁၅)၊ တတိယထပ်နေ ဦးဝင်းနိုင် ၁၂/မဘန(နိုင်)၀၇၆၄၄၉၊ ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အဖြစ်မှန်အတိုင်း ထပ်မံ၍ တုံ့ပြန်ကြေညာသည်မှာ-

၁။ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်နှင့် လူကြီးမင်း OK ဆန်စက် ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၀၈၆၇၇တို့သည် ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့ရှိ OK ဆန်စက်အမှတ် ၃၈၈အပါအဝင် မြေနေရာနှင့်ဆန်ဂိုဒေါင်သိုလှောင်ရုံများနှင့် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သော စက်ပစ္စည်းများအားလုံးအတွက် တန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀(ကျပ်သုံးထောင့်ငါးရာတိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက် သဘောတူခဲ့ကြ၍ (၉-၁၁-၂၀၁၁)ရက်စွဲပါ အင်းမမြို့တွင် OK ဆန်စက်အရောင်းအဝယ်အတွက် စရန်ငွေလက်ခံရရှိခြင်း စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ထိုသို့ ချုပ်ဆိုသည့် စာချုပ်တွင် ဝယ်ယူသူ (၂)အဖြစ် ဦးမြတ်ထွန်း၏အမည်ကို ဖော်ပြခဲ့သော်လည်း ထိုသို့ စာချုပ်ချုပ်ဆိုသည့်အချိန်၊ ချုပ်ဆိုသည့်နေရာတွင် ဦးမြတ်ထွန်း(ဝယ်ယူသူ-၂)ပါဝင်ခဲ့ခြင်းမရှိ၍ စာချုပ်၌ပင် လက်မှတ်ရေးထိုးထားခြင်းမရှိခဲ့ပါ။ OK ဆန်စက်တန်ဖိုးငွေများ စုစုပေါင်းငွေကျပ် ၂၅၀၀၀၀၀၀(ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ)ကိုလည်း ကျွန်ုပ်အမှုသည် ဦးဝင်းနိုင် (ASIA ဆန်စက်လုပ်ငန်းရှင်)ကိုယ်တိုင်ပင် ပေးချေ၍ နှစ်ဦးတည်း လက်မှတ်ရေးထိုးခဲ့သည့် ငွေရပြေစာအားလုံးသည် ဦးဝင်းနိုင် (ASIA ဆန်စက်လုပ်ငန်းရှင်)၏ လက်ဝယ်တွင်ရှိပါသည်။ ငွေပေးချေသည့်အချိန်များတွင် ဦးမြတ်ထွန်း တစ်ကြိမ်တစ်ခါမျှ ပါဝင်ခဲ့ခြင်းမရှိသည်ကို လူကြီးမင်း သိပြီးဖြစ်သည့် ဖြစ်ရပ်မှန်ဖြစ်ပါလျက် မြန်မာ့အလင်းသတင်းစာတွင် စရန်ငွေပေးပြီးနောက်တွင်လည်း လူကြီးမင်း ဦးဝင်းနိုင် ASIA ဘက်မှ ငွေအပြေအကျေ ပေးချေရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သဖြင့် ဦးမြတ်ထွန်းမှ အရောင်းအဝယ်ကို ဖျက်သိမ်း၍ပေးထားသော အရောင်းဖိုးစရန်ငွေများကို OK ဦးဝင်းနိုင်ထံမှ ပြန်လည်ရယူသွားပြီးဖြစ်ပါသည်ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါ။

၂။ ဦးမြတ်ထွန်း ငွေများကို ပြန်ယူသွားကြောင်း အဆိုပါအချိန်က ဆန်စက်ဝယ်သည့် ငွေများဖြစ်သည့် ကျပ် ၂၅၀၀၀၀၀၀(ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ)ပေးချေခဲ့သူ ဦးဝင်းနိုင် (ASIA)အား လူကြီးမင်းမှ မည်သည့်အကြောင်းကြားချက် တစ်စုံတစ်ရာစာဖြင့် ပေးပို့ခဲ့ခြင်းမရှိပါ။ အဆိုပါကြေညာချက်မှာ လူကြီးမင်း၏ ယုတ္တိမတန်သော အကြောင်းပြဖြေရှင်းချက်သာ ဖြစ်ပါသည်။ ထို့အပြင် လူကြီးမင်းဘက်မှ ရောင်းဖိုးကျန်ငွေလက်ခံ၍ တရားဝင်အပြီးသတ် စာချုပ်ချုပ်၍ ကျွန်ုပ်တို့၏ အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း (၂)ကြိမ်တိတိ နို့တစ်စာ ပေးပို့ထားပြီးဖြစ်သော်လည်း လူကြီးမင်းမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါ။

၃။ ဦးဝင်းနိုင် (ASIA ဆန်စက်လုပ်ငန်းရှင်)နှင့် ဦးမြတ်ထွန်းတို့ နှစ်ဦးနှစ်ဖက်အကြား ငွေကြေးအငြင်းပွားသည့်ကိစ္စသည် OK ဆန်စက်ရောင်းဝယ်မှုနှင့် လုံးဝသက်ဆိုင်ပတ်သက်နေသောကိစ္စ မဟုတ်ကြောင်းမှာလည်း အဆိုပါနှစ်ဦးနှစ်ဖက် အပြန်အလှန်အမှုဖွင့် အရေးယူဆောင်ရွက်သည့်အမှုများအရ ရှင်းလင်းပေါ်ပေါက်ပြီးဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။ သို့အတွက်ကြောင့် OK ဆန်စက် ဦးဝင်းနိုင်သို့ နောက်ဆုံးပေးချေရန်ကျန်သည့် ရောင်းဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ)ကို လက်ခံရယူပြီး တရားဝင်အရောင်းအဝယ် အပြီးသတ်စာချုပ် ချုပ်ဆို၍ အမည်ပေါက်ပိုင်ဆိုင်ရေးကို ဆောင်ရွက်ပေးရန်နှင့် ပျက်ကွက်ပါက ပထမသတင်းစာ ကြေညာချက်များပါအတိုင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law, Dip in Applied Psychology,
Dip in Maritime Law, WIPO (Switzerland)
ဥပဒေအကြံပေးတရားလွှတ်တော်ရှေ့နေကြီးနှင့်စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄

ဦးသန်းဌေး LL.B
D.L. 101, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေနှင့်
ဥပဒေအကြံပေး(စဉ်-၃၈၅၁/၁၉၈၆ခုနှစ်)
အမှတ် ၅၀၁၊ ယမုံနာလမ်း၊
မြို့သစ်ရပ်ကွက်၊
(ဗန္ဓုလတံတားအနီး) ဒေါပုံမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၈၁၁၁၀၇၊ ၀၁-၅၅၃၂၁၆

စီးပွားရေးကြော်ငြာ

နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

သိဒ္ဓိလက်ထဲ + ဘင်္ဂလားဒက်ရှ်ခရီးစဉ် (၅)ရက်ခရီး – (၁၂.၅)သိန်း

ဖိတ်ခေါ်ခြင်း

ဂျာမန်ပညာတော်သင်ကျောင်းသားများတွေ့ဆုံပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၆-၂၇ ရက်နေ့များတွင် ပြုလုပ်မည် ဖြစ်ပါသဖြင့် စာတမ်းခေါင်းစဉ်များနှင့်စာတမ်းအကျဉ်းကို အီးမေးလ်လိပ်စာ w.maung96@gmail.com သို့ပေးပို့ကြပါရန်နှင့် ဖုန်း- ၀၉၅၀၁၀၃၁၆၂ သို့ဆက်သွယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ စာတမ်းခေါင်းစဉ်သည် ဘာသာရပ်ဆိုင်ရာ ဖြစ်ပြီး power point တင်ပြချက် သည် (၁၅) မိနစ်အချိန် အတွက်ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၆၈၂၄ UCM Popular L/T PU (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းမင်းသူ ၉/အမဇ(နိုင်)၀၂၂၂၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

"ဓာတ်ပုံပညာကို ဒီဂျစ်တယ်နည်းပညာက စိန်ခေါ်မှု" အပေါ် အဓိကထား ဆွေးနွေးဖလှယ်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များအနေဖြင့် ဓာတ်ပုံပညာနှင့်ပတ်သက်သည့် ဗဟုသုတများကို ရယူနိုင်မည့်အပြင် မိမိတို့သိရှိလေ့လာကျွမ်းကျင်ထားသော ဓာတ်ပုံပညာများကို မျှဝေပေးနိုင်မည့်အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

စင်ကာပူနိုင်ငံမှ ဓာတ်ပုံပညာရှင်လည်းဖြစ်ပြီး နည်းပြတစ်ဦးလည်းဖြစ်သည့် Willion Wai Aung နှင့် မစ္စတာ ဖီးလစ်တို့က ဓာတ်ပုံနှင့်ပတ်သက်သည့် အယူအဆများ၊ နည်းပညာများကို ဆွေးနွေးမည်ဖြစ်ပြီး စင်ကာပူနိုင်ငံမှ ဓာတ်ပုံပညာရပ်နှင့် ပတ်သက်သည့် သင်တန်းသား ၃၀ တို့ကလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

စင်ကာပူမှ ဓာတ်ပုံပညာရှင်များနှင့် မြန်မာနိုင်ငံမှ ဓာတ်ပုံအသင်း

စာမျက်နှာ ၁၃ ကော်လံ ၅ ◆

စစ်တောင်းမြစ်ရေ ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ရောက်နိုင်

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၃ စင်တီမီတာ (၀ ဒသမ ၄ ပေခန့်) တွင်ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကိုဝင်းဇော်ဦး ဆေးကုသမှုခံယူပြီး ပြန်လည်ရောက်ရှိ

သတင်း-မောင်စိန်လွင်အောင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံမှ အရပ် ၇ ပေ ၁၀ လက်မရှိ ကိုဝင်းဇော်ဦးသည် ဇူလိုင်လဆန်းပိုင်းက မြန်မာနိုင်ငံ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်ဝင်းမိသားစု၏ ကူညီပံ့ပိုးမှုဖြင့် စင်ကာပူနိုင်ငံ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူခဲ့ရာ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံခွဲစိတ်ကုသမှုပိုင်းဆိုင်ရာတို့တွင် ခွဲစိတ်အောင်မြင်မှု ဆေးမှတ်တမ်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ကိုဝင်းဇော်ဦးသည် အရပ်အမြင့် ၇ ပေ ၁၀ လက်မရှိသဖြင့် လူအများက လူထူးလူဆန်းကြီးတစ်ဦးဖြစ်သည်ဟု ယုံကြည်နေကြသည်။ ၎င်း၏အရပ်ရှည်မှုသည် မျိုးရိုးဗီဇကြောင့်လည်းမဟုတ်၊ ထူးခြားဆန်းပြားသည့် လူမျိုးတစ်ဦးလည်းမဟုတ်ဘဲ ရောဂါတစ်ခုကြောင့် အခုလိုအရပ်ရှည်နေခြင်းဖြစ်သည်ဟု ကိုဝင်းဇော်ဦးအား စင်ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသရာတွင် အကုန်အကျခံကူညီပံ့ပိုးပေးသည့် အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ဝင်းက ပြောပြခဲ့သည်။

"အခုတော့ အားလုံးကောင်းသွားပါပြီ။ မျက်လုံးနည်းနည်းမှုန်တာပဲ ရှိပါတယ်။ အခုလို အောင်အောင်မြင်မြင်နဲ့ ဆေးကုသမှုခံယူနိုင်ခဲ့တာ ဆရာကြီးရဲ့ ကျေးဇူးရယ်၊ စင်ကာပူနိုင်ငံက ဆရာဝန်ကြီးတွေရဲ့ အထူးဂရုစိုက်မှုတွေကြောင့် ဖြစ်ပါတယ်။ ကျွန်တော်ဟိုမှာ နှစ်လကျော်ကြာခဲ့တယ်။ ဆေးရုံတက်ခွဲစိတ်ကုသတာကတော့ ၁၀ ရက်ပဲ ကြာပါတယ်။

စာမျက်နှာ ၉ ကော်လံ ၃ ❍

ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကူညီ

ဘုတ်ပြင်း စက်တင်ဘာ ၂၆

ပြည်ကြီးမဏ္ဍိုင် မြို့နယ်ခွဲတွင် စက်တင်ဘာ ၂၃ ရက်က မိုးသည်းထန်သဖြင့် လေညှာမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများမှ မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကူညီခြင်းအစီအစဉ်ကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ ရေဘေးသင့်မိသားစုများအား ယာယီနေရာချထားပေးသည့် ကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ရပ်မိရပ်ဖစေတနာရှင်များမှ ဝိုင်းဝန်းပေးအပ်ကူညီသည့် အဝတ်အထည်များ၊ ဆန်နှင့်ရိက္ခာခြောက်များ၊ အခြားအိမ်သုံးပစ္စည်းများအား ရေဘေးသင့်မိသားစုများဖြစ်သည့် ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်မှ အိမ်ထောင်စု ငါးစုနှင့် လူဦးရေ ၃၂ ဦး၊

လေညှာအရှေ့ရပ်ကွက်မှ အိမ်ထောင်စု ၃၅ စုနှင့်လူဦးရေ ၁၅၃ ဦး၊ ထောင်ငါးသိုင်းချောင်းကျေးရွာအုပ်စု၊ ချောင်းမွန်ကျေးရွာမှ အိမ်ထောင်စု ၃၂ စုနှင့် လူဦးရေ ၁၂၄ ဦးတို့ကို သွားရောက် ထောက်ပံ့ပေးအပ်ကူညီခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဦးမောင်မောင်ဆုနိုးမြင့် (ဆရာဆုနိုး)၏

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

Thousand Islands Business Group ... (Yangon Lifestyle Furniture Fair) ...

Asia Wood Co.,Ltd	Hla Kabar Furniture	Pwint Oo Modern Furniture Co.,Ltd
a.g.u.p Co.,Ltd	Hla Tha Pho Furniture	Royal Furniture
Brightex Wood Coating Paints	Htang Myitta & Great Summit Co.,Ltd	Sein & Mya Mattress Trading Co.,Ltd
Chan Myae Thar Co.,Ltd	In House Industry Co.,Ltd	Shwe Chain Co.,Ltd
Classic Home Co.,Ltd	Lin Win Co.,Ltd	Sinma Furnishings Co.,Ltd
Cupido Furniture	Lucky Man	Star Tek Co.,Ltd
Dain Co.,Ltd	Myanma Timber Enterprise (MTE)	Sun Power Co.,Ltd
Gold Home Family	Nat Ray	Sweety Home Furniture & Bedding
Gold Sleep S' pure	National Wood Industries Ltd	Timber Land Co.,Ltd
Great Wall Int'l Co.,Ltd	Orion (Wun Yan Kha Manufacture)	United Wood Industries Co.,Ltd
Hla Bayin Furniture		

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ ကွင်းအမှတ်(၅၉၈/က)၊ ငန်းတေး(က)ကွင်း၊ ဦးပိုင်အမှတ် ၁၅၈၊ ဧရိယာ ၉၁ ဒသမ ၂၅ ဧကနှင့် ဦးပိုင်အမှတ် ၁၁၉၊ ဧရိယာ ၁ ဒသမ ၉၁ ဧကရှိ မြေသည် DROP NO (ငါး)၄၄၅/၁၉၄၀-၁၉၄၁ အရ မော်လမြိုင်ဂေါက်ကလပ်အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ရရှိထားပါသည်။ နှစ် ၃၀ အငှားဂရန် သက်တမ်းကုန်ဆုံးနေပြီးဖြစ်သော မော်လမြိုင်ဂေါက်ကလပ်မြေအား မော်လမြိုင်ဂေါက်ကလပ် အတွင်းရေးမှူး ဦးစိုးဝင်းမှ နှစ် ၃၀ အငှားဂရန် သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင် အထူးဇုန်(၂)၊ ကွင်းအမှတ်(၅၁၁-ခ)နှင့်(၅၁၉-က)၊ စီ(၁၆)လမ်း၊ မြေကွက်အမှတ်(၂၀၅)၊ ဧရိယာအကျယ်အဝန်း (၁)ယူနစ်(၅)ဧကရှိ စိုက်ပျိုးရေးမြေကွက်၏ တရားဝင်အမည်ပေါက် ဒေါ်အေးသန်း ၉/မခန(နိုင်)၁၃၃၂၆၇အမည်မှ ဒေါ်ကျင်ယု ၁၂/သဃက(နိုင်)၀၁၅၁၈၃အမည်သို့ အမည်ပြောင်းလုပ်ပိုင်ခွင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် အထူးဇုန်(၂) ကြီးကြပ်ရေးကော်မတီထံတွင် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဒေါ်ကျင်ယု
၁၂/သဃက(နိုင်)၀၁၅၁၈၃
ဖုန်း-၀၉-၅၀၁၉၄၃၂၊ ၀၉-၄၃၁၇၇၄၅၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ရာဇဌာနီလမ်း၊ ဘောဂသီရိကားကြီးဝင်းအနီးရှိ မြေကွက်အမှတ် ၄၁၄၅၊ ဧရိယာပေ (၄၀×၆၀)အကျယ်အဝန်းရှိ ဦးအုန်းရွှေအမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြနွယ်(ဘ) ဦးသိန်းမောင် ၉/ပမန(နိုင်)၁၀၃၂၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသူမြင့်
LL.B, LL.M, C.B.L
အထက်တန်းရှေ့နေ (စဉ်-၂၉၂၂၆)
အမှတ် (၁၄/၆၂၈)၊ ပေါင်းလောင်း ၄ လမ်း၊
ရွာကောက်ရပ်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၀၉၀၆၁

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မဒေါ်သန်း(ခ)ဒေါ်သံနံ ၉/မကန(နိုင်)၀၇၂၂၁၆၊ အမှတ် ၂၄၊ ပြည်တော်သာလမ်း၊ (င/ခ-ရပ်ကွက်)၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူမှ ဒေါ်နီလာ(ခ)ကျော်ရှုချင်း ၉/မရတ(နိုင်)၁၀၆၇၃၉ အမှတ် ၂၄၄၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၇-၁၁-၂၀၀၈ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၂၁၃၇၇/၂၁၃၇၆ ဖြင့် အထွေထွေကိုယ်စားလှယ်အား လွှဲအပ်ခဲ့ပါသည်။

အဆိုပါ ကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင်ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်း(ခ)ဒေါ်သံနံ
၉/မကန(နိုင်)၀၇၂၂၁၆
အမှတ် ၂၄၊ ပြည်တော်သာလမ်း၊ (င/ခ-ရပ်ကွက်)၊
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၉၃၂၈၆၁၀

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၅၉

ဒေါ်အေးမြင့် အမှတ် ၆၈၊ ခုနစ်လွှာ၊ ခြေရင်းခန်း၊ ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**နှင့်**	၁။ ဒေါ်စန်းစန်းအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်လှိုင်) ၂။ ဦးမြင့်အောင် အမှတ် ၆၈၊ ခုနစ်လွှာ၊ ခြေရင်းခန်း၊ ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

အမှတ် ၆၈၊ ခုနစ်လွှာ၊ ခြေရင်းခန်း၊ ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ လျှောက်ထားခံရသူ (၂)ဦးမြင့်အောင် (ယခုလိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူများက ဤရုံးသို့ ၂၀၀၀ပြည့်နှစ်တရားစီရင်ရေး ဥပဒေပုဒ်မ ၁၈နှင့်တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၁၅တို့အရ ပြင်ဆင်မှုလျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ခေင်ညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၄၁၄/ခ၊ ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေအမျိုးအစား-ပါမစ်မြေဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သောင်းကြည် AA-၁၀၆၂၁၈က အမည်ပေါက်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဒေါ်တင်အောင်ကြည် ၁၂/ဗဟန(နိုင်)၀၅၂၇၀၀က ဝယ်ယူပိုင်ဆိုင်ကာ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B	**ဒေါ်ခင်မာနွယ် LL.B, D.B.L**	**ဒေါ်ဌေးဌေးဝင်း LL.B, D.I.L**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ၊ ပင်လုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၉၀၃၊ ခြံနှင့်တိုက်နေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးအောင်ညွှန့် ၁၂/မဂတ(နိုင်) ၀၁၁၂၈၂ ထံမှ ကျွန်ုပ်ကဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးအောင်မြတ်စိုး ဖုန်း-၀၉-၅၀၅၀၈၈၆

ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာ၊ တက္ကသိုလ်ဝင်တန်းမှ မဌေးဌေးယု၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဌေးဦးဖြစ်ပါကြောင်း။

ဦးသန်းဌေးဦး ၁၄/ဘကလ(နိုင်)၂၄၂၀၀၈

MONEY EXCHANGE SERVICES

Now Open (Yankin Branch)

HEAD SHOP & OFFICE

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ဒက္ခိဏသီရိခရိုင်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၈
ကွယ်လွန်သူ ဒေါ်နီနီသန်း၌ ကျန်ရှိသောပစ္စည်းအကြောင်း

ဦးခင်မောင်ဆွေ **လျှောက်ထားသူ**

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး-၅၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပုဗ္ဗသီရိမြို့နေ ဦးခင်မောင်ဆွေက ကွယ်လွန်သူ ဒေါ်နီနီသန်း၏ အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်နီနီသန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဒေါ်နီနီသန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးခင်မောင်ဆွေ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးလှိုင်)
ဒုတိယခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၂၁၄၊ သုံးလွှာ၊ ခေါင်းရင်းခန်း(၁၂½ပေ×ပေ၆၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်တရားဝင်ပိုင်ဆိုင်သူ ဒေါ်စိမ်းမြတ်မွန်(ဘ)ဦးသိန်း(ခ)ဦးမြတ်သိန်း ၁၂/ဒဂန(နိုင်)၀၀၁၄၅၁ထံမှ ကျွန်ုပ်မိတ်ဆွေသည် အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ရန် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို လက်ရောက်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း မိမိပိုင်ရေးဆိုင်ခွင့်ရှိကြောင်း သက်သေခံစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် တရားဝင်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

မဟာအလှူတော် ကုသိုလ်ဖြစ်ဆေးခန်းမှ အထူးကျေးဇူးတင်ရှိခြင်း

[illegible]

စဉ်	[illegible]	စဉ်	[illegible]	စဉ်	[illegible]	စဉ်	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဦးသန့်ဇော် B.Sc, IC, Q.DA, DMP, MBA, AECA (Intl)
LCCI I & II
Sec A-
Sec B-
3 Oct 2013
MYOB/Excel
ORION Business School
09 73154401, 09 5115997

ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A)မှ မမာရီယာမြနိုင်၏ ဖခင်အမည်မှန်မှာ ဦးလာသွက်(ခ)ဦးသွယ် ၂/လကန(နိုင်)၀၃၄၈၄၀ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးညီကော်၏သမီး လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မမာယော့ထိုက်နှင့် မဘယ်နက်ဒက်တာတို့သည် တစ်ဦးတည်းဖြစ်ပါသည်။

ဦးကျော်စိုးနိုင် ၁၂/တမန(နိုင်)၀၇၄၀၅၀ နှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဒွန်းလမ်း၊ အမှတ်(၇၁၅/၇၁၆)နေ ဦးစိုးမိုး ၁၂/တမန(နိုင်)၀၇၉၃၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇ လမ်း၊ အမှတ်(၁၁၆)မှ အကျယ်အဝန်း ၁၂ ၁/၂ပေ×၅၀ပေခန့်ရှိ မြေညီ(ဘယ်အစွန်+အလယ်)နှင့် ပထမထပ်(အလယ်)ပေါင်း တိုက်ခန်းသုံးခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏အမှုသည်မှ ၁-၇-၂၀၁၂ ရက်စွဲပါ **တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်**ဖြင့် တိုက်ခန်းများ လက်ရှိပိုင်ဆိုင်သူ ဦးကျော်စိုးနိုင်ထံမှ စရန်ငွေသိန်း ၆၁၀ အား ၄ရစ်ခွဲပေးကာ ဝယ်ယူထားသောတိုက်ခန်းများဖြစ်ပါသည်။

တိုက်ခန်းများအတွက် ကျန်ငွေအားလုံးကို ပေးချေရန်သတ်မှတ်ရက်ဖြစ်သော ၁-၁၁-၂၀၁၂ ရက်တွင် ကျွန်ုပ်၏အမှုသည်မှ ကျန်ငွေအားလုံးကို ပေးချေ၍ တိုက်ခန်းသုံးခန်းကို လက်ရောက်လွှဲပြောင်းယူရန်အသင့်ဖြစ်သော်လည်း တိုက်ခန်းရောင်းချသူ ဦးကျော်စိုးနိုင်နှင့်ဇနီးတို့မှ လူမှုရေးအရ အခက်အခဲရှိကြောင်း မေတ္တာရပ်ခံတောင်းဆိုချက်အရ ပထမအကြိမ်တွင် ၂၅-၁၁-၂၀၁၂ရက်သို့လည်းကောင်း၊ ဒုတိယအကြိမ်တွင် ၂၅-၂-၂၀၁၃ ရက်သို့လည်းကောင်း စောင့်ဆိုင်းပေးခဲ့ပါသည်။ သို့သော် သတ်မှတ်ရက်တွင် လက်ကျန်ငွေရယူ၍ တိုက်ခန်းများ လွှဲပြောင်းပေးခြင်းမရှိပါသဖြင့် ၂၈-၃-၂၀၁၃ ရက်တွင် တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ ၂၅-၇-၂၀၁၃ ရက်ကို နောက်ဆုံးထား၍ လက်ကျန်ငွေလက်ခံပြီး တိုက်ခန်းသုံးခန်းအားပေးအပ်ရန် နှစ်ဦးသဘောတူ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါသည်။

ဦးကျော်စိုးနိုင်သည် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၂၅-၇-၂၀၁၃ ရက်တွင် ကျွန်ုပ်၏ အမှုသည်မှပေးအပ်မည့်ငွေအား လက်ခံခြင်းမရှိဘဲ တိုက်ခန်းသုံးခန်းကိုလည်း လွှဲပြောင်းပေးအပ်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် သိရှိသဘောတူခွင့်ပြုခြင်းမရှိဘဲ ဦးကျော်စိုးနိုင်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါတိုက်ခန်းသုံးခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ဦးစိုးမိုး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့လှိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၉)
အမှတ် ၈၅၊ ၁၃လမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၅၀၄၉၆၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ မြေကွက်အမှတ်(၈၉၉)၊ ဧရိယာ ပေ(၄၀×၆၀)ခန့်ကျယ်ဝန်းသော နှစ် ၆၀ မြေငှားဂရန်မြေကွက်သက်သက်ကိုဝယ်ယူရန် အမည်ပေါက်ပိုင်ရှင် ဒေါ်နိုင်နိုင်မော်[ယခင်-MDGN-၀၁၉၃၆၁၊ ယခု-၁၂/မဂဒ(နိုင်)၀၂၁၂၇၈]သို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ အထက်ပါမြေကွက်သက်သက်ကို ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးနှစ်ဆန်းဦး ၁၄/ဇလန(နိုင်)၀၈၁၃၃၆၊ ဖုန်း-၀၉-၄၉၇၄၇၃၄၄

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၁၉၇၊ SM Super mann(SMLT-01) ပစ်ကပ်(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၉/မနမ(နိုင်)၀၈၃၀၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

မိခင်အမည်မှန်

ဦးကျန်အောင်၏သား မြစ်ကြီးနားမြို့၊ အထက(မန်ခိန်) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ရဲမင်း၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်ကြည်အေးဖြစ်ပါသည်။

အမည်ပြောင်း

ဦးလောရိုင်း၏သား လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်အားနှစ်အား မောင်သိုင်ဇိုဝါးနီဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သိုင်ဇိုဝါးနီ**

အမည်ပြောင်း

ဦးကဲရယ်၏သား လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်တင်အောင်စိုးအား မောင်ငါးရယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ငါးရယ်**

အမည်ပြောင်း

ဦးဘောဒူ၏သား လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မောင်အယ်ဖောရှီအား မောင်အယ်ဖောဆိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အယ်ဖောဆို**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၄၀၉၂၊ ကမ-၃ စာအုပ်ပျောက်လျှောက်ထား ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၉/မနတ(နိုင်)၀၀၀၃၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် ၇၆၊ ဧရိယာ ၁ဒသမ၆၇၈ဧကကို အမည်ပေါက် ဦးနိုင်ထွန်းဦး ၁၂/လသန(နိုင်)၀၀၇၆၀၂ ထံမှ ဒေါ်သန်းမြင့် ၁၂/မရက(နိုင်)၀၇၉၉၃၈က ဝယ်ယူခဲ့ပြီး ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉B၊ မြေကွက်အမှတ် ၅၁၊ မြေကွက်တည်နေရာအမှတ် ၅၁၊ အကောက်ခွန်(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးခင်စိုး (၃) CJ-၀၂၉၂၈၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်စိုးနှင့်ဇနီး ဒေါ်မြသွင် ကွယ်လွန်သဖြင့် (၁)ဒေါ်လဲ့လဲ့ဝင်း ၁၂/ပဇတ(နိုင်)၀၀၂၉၇၇၊ (၂)ဒေါ်နီနီစိုး ၁၂/ပဇတ(နိုင်)၀၀၃၄၀၅၊ (၃)ဒေါ်ရီရီစိုး ၁၂/ပဇတ(နိုင်)၀၀၃၁၅၈၊ (၄)ဦးအောင်ကျော်မိုး ၁၂/ပဇတ(နိုင်)၀၁၃၃၈၀၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၉၅၈၀၁ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/မနတ(နိုင်)၀၃၇၅၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

မိဘအမည်မှန်

ညောင်လေးပင်မြို့နယ်၊ အထကကျောင်းရွာ၊ တက္ကသိုလ်ဝင်တန်း(A)မှ မကေသွယ်နှင်း၏ မိဘအမည်မှန်မှာ ဦးခင်မျိုးနှင့် ဒေါ်ချိုချိုဝင်း ဖြစ်ပါသည်။

ဦးခင်မျိုး-ဒေါ်ချိုချိုဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်းအိမ်ရာ၊ တိုက်အမှတ်(၆၇/၈၃)၊ အခန်းအမှတ် ၄၀၁၊ (စတုတ္ထထပ်)အခန်းကို ဒေါ်ခင်ခင်ရီ ၇/ပခန(နိုင်)၁၁၉၅၅၉ ထံမှ ဒေါက်တာဦးဟန်ထွန်းဦး ၁၂/လသန(နိုင်)၀၀၀၆၄၀ က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်အိမ်ရာ)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် ၅၃၂ က+ခ+ဂ၊ မြေကွက်တည်နေရာအမှတ် ၅၃၂၊ ရှုခင်းသာမြို့ပတ်လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းခင်(ဖခင်)နှင့် ဒေါ်မြိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးတင့်လွင် ၁၂/သကတ(နိုင်)၀၆၁၅၅၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၃၄၊ မြေကွက်တည်နေရာအမှတ် ၆၃၄၊ ဝရဏာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသန်းမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင်နှင့်(ဇနီး) ဒေါ်သောင်းကွယ်လွန်သဖြင့် ဒေါ်ကြည်အေး ၁၂/ဥကတ(နိုင်)၀၆၈၅၇၂၊ ဒေါ်မြသိန်း ၁၂/ဥကတ(နိုင်)၀၆၈၇၈၀၊ ဦးခင်မောင်ကျော် ၁၂/ဥကတ(နိုင်)၁၄၀၇၈၂၊ ဦးခင်မောင်လှ(ခ)ဦးလှအောင် ၁၂/ဥကတ(နိုင်)၀၆၅၁၅၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်၊(အပြန်အလှန်)စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဂျီ၁၊ မြေကွက်အမှတ် ၄၃၈W၁/၁-A၊ ၄၃၈W၂/၁-A၊ ၄၃၈W၃/၁-A၊ မြေကွက်တည်နေရာအမှတ် ၆၅၊ နတ်မောက်လမ်းသွယ်(ပါတ်ကလိုင်း)၊ ဗဟန်းမြို့နယ် ဦးပေါအောင်(ခ)ဦးပေါအွန်-ဒေါက်တာဒေါ်ကင်အိမ်း အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ(ခင်ပွန်း) ဦးပေါအောင်(ခ)ဦးပေါအွန် ကွယ်လွန်သဖြင့် ဒေါက်တာဒေါ်ကင်အိမ်း ၁၂/ဗဟန(နိုင်)၀၈၀၂၂၆ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၇၅/၁၄-၃-၁၃ ရသူ ဒေါ်ဟန်စုယဉ် ၁၂/ဗဟန(နိုင်)၀၇၈၉၀၇၊ ဒေါ်ပန်သုခင် ၁၂/ဗဟန(နိုင်)၀၇၈၆၀၂ တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၈၅၊ မြေကွက်တည်နေရာအမှတ် ၁၅၉၊ ခိုင်ရွှေဝါလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဧရိယာပေ(၂၅×၄၉)ရှိ မြေကွက်အား ဦးဟုတ်ခင်(ဇနီး) ဒေါ်စိမ်းမြထံမှ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူခဲ့သူ ဦးစိန်ဝ ၁၂/တကန(နိုင်)၀၂၈၈၂၈ နှင့် ဦးမောင်ပြုံး ၁၂/မဂဒ(နိုင်)၀၂၄၂၅၆တို့က အရပ်ကတိစာချုပ်များနှင့် ရပ်ကွက်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၂၁၁၊ မြေကွက်တည်နေရာအမှတ်-၂၁၁၊ ကောလိယ(၂၇)လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်တင်ရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရွှေ(အပျိုကြီး)၊ မောင်များဖြစ်သော ဦးစောမြိုင်(လူပျိုကြီး)နှင့် ဦးလှသောင်းတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ရီသန်း ၁၂/ဥကတ(နိုင်)၀၆၄၅၆၉က ဦးလှသောင်း၏ဇနီး(ယောက်မ)တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် ၈၄၇၊ မြေကွက်တည်နေရာအမှတ် ၈၄၇၊ သုဇာတာ ၇လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးထွန်းရီ +၉ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၇၅၆၂၅က ပါမစ်ပျောက်ဆုံး ကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

SAYA TONY (Since 1989)

IELTS Exam Training (12, Oct) & (9,Nov) Exam Dates

TOEFL Exam Training (11th Jan 2014) Exam Date

GMAT/ GRE Essay Test Practice

- Elementary Spoken English
- Intermediate General English
- Advanced General English
- Basic Grammar & Essay
- Basic Translation Course

☎ 245178, 09-5138867, 09-5061343, 09-448000419

☎ 01-532443, 09-73037656

[illegible]

Ks 22000/

ဖခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ဆဋ္ဌမတန်း(A) မှ မောင်ရှိန်းထက်ကိုကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကို ဖြစ်ပါကြောင်း။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ကျိုက္ကဆံလမ်းမကြီးပေါ်၊ ဈေးနီး၊ ပေ(၄၀×၉၀)၊ နှစ်ဖ၀ဂရန်၊ ရေ မီးစုံ၊ နေရာအလွန်ကောင်းသည်။

၂။ ပေ(၅၀×၅၀) RCသုံးထပ်ခွဲ၊ နှစ် ဖ၀ဂရန်မြေ၊ ပြင်ဆင်ပြီး၊ တာမွေမြို့နယ်အတွင်း။ ဆက်သွယ်ရန်-

ဖုန်း-၀၉-၇၃၁၅၃၂၂၁၊ ၀၉-၄၂၀၂၃၀၂၅၅၊ ၀၉-၃၁၂၅၈၉၈၄၊ ၀၉-၄၂၅၂၈၉၇၇၁

အမည်ပြောင်း

ဦးမြင့်ဦး၏သား ကသာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မောင်သက်ဦးနိုင်အား မောင်သက်နိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သက်နိုင်ဦး

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(B) မှ မောင်သန်းဌေး၏ မိခင်အမည်မှန်မှာ ဒေါ်ပြုံးပြုံးရွှေ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၇၈၂၄၊ Toyota HILUX SURF, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး ၁၂/လမတ(နိုင်)၀၀၈၁၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

မိဘအမည်မှန်

ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်ဦးဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ခင်ဝင်း ဖြစ်ပါသည်။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ဆဋ္ဌမတန်း(B)မှ မောင်အောင်တင်ဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်ညို ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း အဋ္ဌမတန်း(B) မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း အဋ္ဌမတန်း(A) မှ မောင်ကျော်ဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်း ဖြစ်ပါကြောင်း။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈၆
ကွယ်လွန်သူဒေါ်မြင့်မြင့်စန်း၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်မေဘရဏီသော် — **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ TOSTA အိမ်ရာ၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်(၁)၊ အခန်း(၁၀၁)နေ ဒေါ်မေဘရဏီသော်က ကွယ်လွန်သူ ဒေါ်မြင့်မြင့်စန်း၏သမီးဖြစ်သည်ဟူ၍ ဖော်ပြပါအရပ်နေ ၎င်းကွယ်လွန်သူ ဒေါ်မြင့်မြင့်စန်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မြင့်မြင့်စန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မေဘရဏီသော်၏ လျှောက်ချက်ကို နားကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးခင်မောင်ညို ... ဦးထိန်ဝင်း ...

LL.B, D.B.L, D.I.L ... LL.B, D.B.L, D.I.L, D.M.L ...

Hein Htet Soe Law Firm

[illegible]

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၇)ရပ်ကွက်၊ စံပယ်မြိုင်(၂)လမ်း၊ အမှတ်(၅၁၀)နေ ဦးဇော်မင်းထွန်း ၁၂/ဒဂတ(နိုင်)၀၄၉၆၆၅သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ၎င်းနေထိုင်ရာအရပ်ဒေသတွင်လည်းကောင်း၊ ၎င်းအလုပ်တာဝန်ထမ်းဆောင်ရာအရပ်ဒေသများတွင်လည်းကောင်း ကောင်းမွန်သောဂုဏ်သတင်းဖြင့် နေထိုင်သူတစ်ဦးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေအား လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် ရည်ရွယ်လျက် မဟုတ်မမှန်သတင်းများ လီဆယ်ဖန်တီးဖြန့်ဖြူးနေကြောင်းကြားသိရပြီး ထိုသို့ပြုလုပ်ခြင်းများအား ထပ်မံမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခဲ့ပါကလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွား ဂုဏ်သိက္ခာနှင့်လူမှုရေးတို့ ထိခိုက်နစ်နာခဲ့ပါကလည်းကောင်း၊ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်းထန်စွာ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပန်းဝါ(LL.B,D.M.L)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၃၁၁၅၅၇၁
အိမ်အမှတ်(၁၁၂)၊ ခြံအမှတ်(၈၁၁)၊ ကျွန်းရွှေမြိုင်လမ်း(၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊မြေကွက်အမှတ် ၂၄၈၁ အမည်ပေါက် ဒုတကစိန်သန်း၊ လ-၁၂၉၉၈၇၏ မြေကွက်ကိုလက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းမြင့် ၅/မမန(နိုင်)၀၅၂၅၄၆က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီးမြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၃၀၂၊ အမည်ပေါက် ဒုတကမြင့်လွင် လ-၁၂၁၉၁၇၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းမြင့် ၅/မမန(နိုင်)၀၅၂၅၄၆က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း) နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

LL.B, D.B.L, D.I.L ... LL.B, D.B.L, D.I.L, D.M.L ...

[illegible]

မွေးသက္ကရာဇ်အမှန်

ဗန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(H) မှ မောင်ကျော်မြင့်သန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၄-၁၉၉၈ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ စင့်ကင်ရွာ အထကခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မနီလာဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးဦး ဖြစ်ပါသည်။

ဦးဖိုးဦး
၁/ဗမန(နိုင်)၀၀၃၇၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အိမ်အမှတ်(၇၆-အေ)နေ အငြိမ်းစား ပဲခူး-ရွှေဝါထွန်းဟိုတယ်ဝန်ထမ်း ဦးသောင်းရင် ၁၂/ရကန(နိုင်)၀၂၇၄၉၂၏ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၄)၊ မြေကွက်အမှတ်(၈၇၄) မြေပေးမိန့်မှာ ၅-၅-၂၀၀၈ရက် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူ ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လျှောက်ထားခဲ့ပါသည်။

အဆိုပါလျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ရေးပိုင်ခွင့်အထောက်အထားခိုင်မာပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

ဦးသောင်းရင်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းသန့် ၁၄/ပသန(နိုင်)၀၀၆၂၆၉သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၄၈/ခ)တွင် နေထိုင်သော ဒေါ်မြကြည် ၁၂/ဗဟန(နိုင်)၀၆၅၃၄၀ ကိုင်ဆောင်သူပိုင်ဖြစ်သော ကရင်ချောင်းရိုးတောင်၊ ကွင်းအမှတ်(၅၃၃)၊ ဧရိယာ ၄၁၈ပေရှိသော မြေ၏ခွဲစိတ်မြေ အစိတ်အပိုင်းဖြစ်သော အရှေ့ဘက်ခြမ်း(ဘယ်ဘက်)၊ မျက်နှာစာပေ(၄၄×၈၄)အား ရောင်းသူဒေါ်မြကြည် ၁၂/ဗဟန(နိုင်)၀၆၅၃၄၀က ရောင်းချမည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ ခွဲစိတ်မြေကွက် အရောင်းအဝယ်ပြုလုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးငြိမ်း(LL.B) — **ဒေါ်ချိုမိုင်ဖုဏ်း(LL.B)**
စဉ်(၃၀၈၂၉) — **စဉ်(၃၀၈၂၅)**

အမှတ်(၁)၊ သမာဓိလမ်းနှင့် ခေမာသီလမ်းမကြီးထောင့်၊
မြောက်ဥက္ကလာပမြို့နယ် တရားရုံးအနီး၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၃၉၉၇၂၊ ၀၉-၇၃၁၅၅၈၀၈

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ် ၁/၅-၁၊ မြေကွက်တည်နေရာအမှတ်-၃၂၊ ဓမ္မာရုံလမ်း၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ် ဦးသန်းမောင်၊ ဒေါ်ခင်ရီရီ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်အမှတ်- ၇၁၉/၈၄ (၁၉-၉-၁၉၈၄)၊ အမှားပြင်စာချုပ်အမှတ်-၈၂၁/၀၅ (၁၁-၃-၂၀၀၅) ဖြင့် ပိုင်ဆိုင်သူ အွန်တိန်ယွန်(ခ)ဦးအုန်းစိန်နှင့်ဇနီး ဒေါ်ရှုရင်တို့ကွယ်လွန်သဖြင့် အွန်ပန်ဟီး(ခ)ဦးမြင့်ဝေ ၁၂/လမန(ဧည့်)၀၀၀၄၀၉က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အွန်ပန်ဟီး(ခ)ဦးမြင့်ဝေ၏ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၄၂၁/၇-၁၂-၂၀၁၂ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှမြင့် ၁၂/ဒဂန(နိုင်)၀၁၄၃၁၀က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည့်ပြည့်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

အထက်မြန်မာပြည်ရုံးချုပ် ကို ၂၄-၉-၂၀၁၃ရက်နေ့တွင်

မန္တလေးတိုင်းဒေသကြီး-မန္တလေးမြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မန္တလေးတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်း

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၉-၂၀၁၃ရက်မှ ၃၀-၉-၂၀၁၃ရက်အထိ နေ့စဉ် ၁၀နာရီမှ ၁၃း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၃ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ စွန့်ပစ်ပစ္စည်းရောင်းချမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၈၄-၂၂၄၈၂ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
တာချီလိတ်လမ်း၊ ကျိုင်းတုံမြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၁၉၂၈၊ Honda C90, M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာထွဋ်အောင် ၁၄/ပသန(နိုင်)၁၃၃၈၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း
အများသိစေရန် ကြေညာချက်

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

"(၅.၆.၂၀၁၃)နေ့ ကြေးမုံသတင်းစာပါ မိစောသီတာအောင်(၁၂/မရက(နိုင်)၁၀၄၅၅၄) အခန်း၀၀၂၊ တိုက်(၂)၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာလမ်းမကြီး၊ ၈/သုမင်္ဂလာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ နှင့် အများသိစေရန်ကြေညာချက်အားပြန်လည်ရုပ်သိမ်းခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစောလွင် (၉/မမန(နိုင်)၀၀၀၄၀၅)အမှတ်(၁၆/၄၀၃) ဒဂုံစင်တာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာ အပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းနှင့်အောင်ဆီဗိုလမ်းထောင့်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၃၈+၂၈ သမိုင်း)မြေကွက်အမှတ် - ၂ ခ/၁ (က) အကျယ်အဝန်းရှိ အလျား - ၂၀၀ ပေ၊ အနံ - ၁၀၀ ပေ ရှိ နှစ်(၆၀) ဂရန်မြေကွက် ပေါ်ရှိ တွင်ရှိသောမင်းဓမ္မလမ်း၊ အမှတ် ၄ နှင့် ၉ ခြံကွက်အရောင်းအဝယ်ကိစ္စ နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစောလွင်က (၅.၆.၂၀၁၃) နေ့ထုတ်ကြေးမုံသတင်းစာတွင် မိစောသီတာအောင် (၁၂/မရက(နိုင်)၁၀၄၅၅၄)နှင့် အများသိစေရန်အညွှန်းကြော်ငြာခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစောလွင် နှင့် မိစောသီတာအောင်တို့သည် အထက်ပါ မြေကွက်ကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းခဲ့ကြရာ နှစ်ဦးနှစ်ဘက် တစ်စိတ်တစ်ပိုင်းပြေလည်မှုရရှိခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၅.၆.၂၀၁၃)နေ့ရှိပါ ကြေးမုံသတင်းစာကြော်ငြာအားပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထင်အောင်ဝင်း	ဦးဇော်ဝင်းမြိုင်
B.A (Law), LL.B	B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(၁၃၃၈)	တရားလွှတ်တော်ရှေ့နေ(၁၃၅၃)

W - TWO Legal Group
တိုက် ၁၈/၁၂ အခန်း B-3 ၊ ပထမထပ်၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၈၅၀၉၆၊ Kenbo-125, M/Cယာဉ်လက်ဝယ်ရှိသူ ဦးစိန်စတင်း ၁၄/သပန(နိုင်)၁၃၉၄၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဃ/၅၃၇၂၃၊ Luojia 110, M/Cယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မင်း ၁၄/ပသန(နိုင်)၂၀၄၉၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၉၃၇၄၊ JLM-125, M/Cယာဉ်လက်ဝယ်ရှိသူ ဦးဟဲရစ်ကြီး ၂/လကန(နိုင်)၀၀၀၁၇၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

မြန်မာ့အလင်း

၂၀၁၃ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ သောကြာနေ့။

SUPER
စူပါလီမွန်တီး

ပြည်တွင်းရေးရာ

သံလွင်ကိုဖြတ် ကုန်းမြင့်ကိုကျော် 'ဝ'သွေးချင်းတို့ ပျော်ရာမြေ

စာ-၃



လူမှုစီးပွား

ပုသိမ်ခရိုင်အတွင်း ရေကြီးရေလျှံမှု လျော့ပါးရေး ဆည်မြောင်းဦးစီးဌာန၏ကြိုးပမ်းမှု

စာ-၄

ကြော်ငြာ

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

ကမ္ဘာ့သစ်မီဒီယာ စီးပွားရေးရောင်စုံ ကြော်ငြာများ

တိုက်စစ်ပိုင်းပြဿနာများကြားက ပရီမီယာလိဂ်

ဆွမ်ဆီးတိုက်စစ်မှူး မီချူး

ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲဟာ အကြိတ်အနယ်ရှိသတဲ့လား။ ဒီလိုမေးရင် ခေါင်းညိတ်သူက နည်းပြီး ခေါင်းခါသူကများမယ်။ အထူး သဖြင့် ဘောလုံးကစားနည်းဆိုတာက ရင်ခုန် စိတ်လှုပ်ရှားစရာကစားနည်း။ တုံ့ပြန်ခြိမ်းခြောက်မှု၊ အပြန်အလှန် ဂိုးသွင်းယူမှုတွေနဲ့ ဖျော်ဖြေပေးတဲ့ ကစားနည်း။ နိုင်ပွဲနဲ့ အသက်ဆက်ရတဲ့ ကစားနည်းဖြစ်လို့ အနိုင်ရရှိရေး ဂိုးရအောင် အားစိုက်ကြိုးစားမှုတွေကိုက ပရိသတ်ကို ဆွဲဆောင်မှုရှိစေတဲ့အချက်။ အခုတော့ ဒီလိုကစားနည်းက ပရီမီယာလိဂ်မှာ သွင်းဂိုးတွေ ပျောက်ဆုံးလာမှုနဲ့ အတူ ရသတွေပျက်စပြုလာတယ်။

တခြားမကြည့်နဲ့၊ အခု ပရီမီယာလိဂ်ပြိုင်ပွဲကစားပြီးတာက ပွဲစဉ်ငါးခု။ စုစုပေါင်း ပွဲ၅၀။ ဒီလိုပွဲ ၅၀မှာ ပရီမီယာလိဂ်အသင်းတွေ စုစုပေါင်း ဘယ်နှဂိုးသွင်းထားသလဲပဲကြည့်။ သွင်းဂိုးပေါင်းက ၁၀၇ဂိုးပဲ ရှိတယ်။ ဒီနှုန်းက မနှစ်ကပြိုင်ပွဲအစ ပွဲစဉ်ငါးခုအပြီးမှာ သွင်းယူခဲ့တဲ့ ဂိုးအရေအတွက် ၁၄၀နဲ့ ယှဉ်ကြည့်ရင် အတော်ကို နည်းတယ်။ မနှစ်က ဒီလိုပွဲစဉ် ငါးခုအပြီးမှာ ဂိုးလုံးဝမသွင်းနိုင်တဲ့ပွဲက လေးပွဲသာရှိပေမယ့် ဒီနှစ်ခြောက်ပွဲ အထိရှိလာပြီ။ ဒါကပရီမီယာလိဂ်အသင်းတွေရဲ့ တိုက်စစ်အား တစ်နှစ်ထက် တစ်နှစ်ကျဆင်းလာမှု။ *စာမျက်နှာ ၇ သို့*

ဘင်နီတက်ဇ်ရဲ့လုပ်ကွက်သစ်တွေနဲ့ စိတ်ဝင်စားဖွယ်ကောင်းနေတဲ့နာပိုလီ

စာ - ၂

ဒီကာနီယို သွားရာလမ်း

စာ - ၂



မှန် ဒေါက်တာ

ကားမှန် မှန်စပေါ့ နှင့် အတ်ကြောင်းရှည် များကို ...
U.S. ဆေး + စက် + နည်းပညာ ဖြင့် ပြုပြင်ပေးပါသည်။
(+ အာမခံ ၅၀၀၀ ကျပ်)
ရန်ကုန် - ... ရန်ကုန်။
✆ : 09-4211 51119, 09-4500 54449
မန္တလေး - ... မန္တလေး။
✆ : 09-7322 9563, 09-7312 0514
www.MhanDoctor.com facebook.com/MhanDoctor



T-Bar, L-Bar
... - 01-541 018, 01-450 783, 09-730 20031
www.Thamardi.com facebook.com/Thamardi

ဒီကာနီယို သွားရာလမ်း

အသင်းတစ်သင်းနိုင်ပွဲမရတဲ့အခါ မန်နေဂျာ တစ်ဦးတစ်ယောက်တည်းအပေါ်မှာသာ အပြစ်ရှိသတဲ့လား။ ရှုံးပြီဆိုရင် ဘာကြောင့်ရှုံးသလဲ။ ခြေခြေမြစ်မြစ်မတွက်ကြဘူး။ အသင်းရဲ့ရပ်တည်မှုမမြင့်ရင် ဘာကြောင့်လဲဆိုတာ စေ့စေ့ငုငု မလေ့လာကြဘူး။ ပြောရရင် အသင်းတစ်သင်း ရှုံးပွဲကြုံပြီး ရပ်တည်မှုနိမ့်လာတာနဲ့တစ်ပြိုင်နက် အခြေခံအကြောင်းတရားတွေကို စဉ်းစားတွေးခေါ်မှုမရှိဘဲ မန်နေဂျာကို အပြစ်ရှာ။ ရာထူးကထုတ်။ အသစ်ခန့်ဆိုတာက ခေတ်သစ်ဘောလုံး ယဉ်ကျေးမှုတစ်ခုလို့တောင် ဖြစ်မှန်းမသိဖြစ်လာတာက မကောင်းဘူး။

တခြားမကြည့်နဲ့။ အခုပရီမီယာလိဂ်ကစားပြီးတာကမှ ငါးပွဲ။ ဒီအချိန်မှာ ဒီကာနီယိုကို ဆန်းဒါးလန်းကထုတ်ပစ်လိုက်ပြီ။ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။ အဓိကပြစ်ချက်က ငါးပွဲအပြီးမှာ နိုင်ပွဲမရှိ။ သရေတစ်ပွဲ၊ အရှုံးလေးပွဲနဲ့ အမှတ်ပေးဇယားအောက်ဆုံးရောက်နေရတာက အကြီးမားဆုံးတရားခံ။ ဒီလိုအခြေအနေဟာ လက်ခံနိုင်စရာ အကြောင်းမရှိတဲ့ အနေအထား။ ပြောရရင် တန်းတက်ခရစ္စတယ်ပဲလေ့စ်ကိုတောင် ၃-၁နဲ့ ရှုံးရတဲ့ဘဝ။ အဆင့်တူ ဝက်စ်ဘရွန်းကိုတောင် သုံးဂိုးပြတ်အရေးနိမ့်ခဲ့ရတဲ့ အခြေအနေ။ ဒါပေမယ့် ဒီလိုဖြစ်နေခြင်းဟာ မန်နေဂျာ အပြောင်းအလဲလုပ်ရုံနဲ့ ဖြေရှင်းနိုင်၊ ပြေလည်နိုင်မတဲ့လား။ ခပ်ရှင်းရှင်းပြောရရင် ဘာကြောင့်ဒီလိုဖြစ်သလဲဆိုတဲ့ အခြေခံအချက်ကိုမတွေးဘဲ ရလဒ်တစ်ခုတည်းကို ကြည့်ဆုံးဖြတ်ပြီး ဒီကာနီယိုကို ထုတ်လိုက်တာကတော့ မကောင်းပါဘူး။

တကယ်တော့ ဒီလိုဖြစ်မလာခင်မှာကိုက သူ့ရဲ့ အခက်အခဲကို ဒီကာနီယိုက ရှင်းပြပြီးသား။ အထူးသဖြင့် ဒီရာသီမှာ ဆန်းဒါးလန်းရဲ့ အားဖြည့်မှုက သိပ်များတယ်။ ဒီယာကစ်တီ၊ ဒန်ကန်ဝတ်မိုး၊ ကယ်လင်ထင်ရောဘတ်၊ ကာဘရယ်၊ကာလ်ဆန်၊ မန်နီနီ၊ အယ်တီဒေါ၊ အယ်ဟတ်ဂျီဘာ့၊ ဂီယာချီရီနီ၊ ဆယ်လက်စ်ကာ၊ ခရစ်မာရက်စ်၊ ကီဆောင်ယန်း၊ ဘိုရီနီ၊ ဒေါ့ဆီနီ။ အားလုံး ၁၄ ယောက်၊ ဘယ်အထိများတဲ့ အားဖြည့်မှုလဲ။ ဒါတောင် အားဖြည့်မှုတစ်ခုတည်း။ ဒီလိုအားဖြည့်ဖို့အတွက် ထုတ်ရောင်းရမှုတွေကလည်း ဒုနဲ့ဒေး။ အယ်မာဟာမာဒီ၊ ဂျိမ်းမက္ကလန်၊ ဘရမ်ဘဲလ်၊ ကီဂါလောင်း၊ ရိုင်ယန်နိုဘယ်၊ အန်ဒါယီ၊ မစ်နိုလက်၊ ဒန်နီဂရာဟန်၊ ဘီလီကာနက်၊ စတီဗင်၊ ဆက်ဆက်ညော။ အားလုံး ၁၀ဦးတိတိ။ ပြောရရင် ၁၄ ဦးအဝင်၊ ၁၀ ဦးအထွက်။ အသင်းတစ်သင်းအတွက် ဘယ်လိုမှ မတည်ငြိမ်နိုင်တဲ့ အပြောင်းအလဲ။ အခြေခံစုဖွဲ့မှုကိုပါ ပျက်ပြားလောက်တဲ့ ပြောင်းလဲမှုနှုန်း။

တခြားမကြည့်နဲ့။ ဆန်းဒါးလန်းကစားပြီးခဲ့တဲ့ ပရီမီယာလိဂ် ငါးပွဲကိုပဲ လေ့လာကြည့်။ အဲဒီငါးပွဲမှာ ပုံမှန်ပွဲထွက်ခွင့်ရတဲ့ ကစားသမားဆိုလို့ ဂိုးသမား ဝက်စ်ဝုဒ်၊ ဆယ်လက်ကာ၊ အဒမ်ဂျွန်ဆင်နဲ့ ကောဘတ်တို့ လေးဦးသာရှိတာကိုကြည့်ရင် ဒီကာနီယိုဟာ အခုမှ အသင်းကို အထိုင်ချဆဲဆိုတာ ရှင်းခနဲ တွေ့ရမယ်။ တခြားမကြည့်နဲ့ မနှစ်က ခြေစွမ်းပြပြီး ငါးပွဲကစားပြီးချိန်မှာ ဆန်းဒါးလန်းရတဲ့ ငါးဂိုးစလုံးကို သွင်းပေးခဲ့တဲ့ ဖလက်ချာတောင် ဒီနှစ် နှစ်ပွဲပဲ ပွဲထွက်ကစားခွင့်ရတယ်။ အဲဒီနှစ်ပွဲမှာလည်း တစ်ပွဲက အယ်တီဒေါနဲ့ တွဲရပြီး တစ်ပွဲက ဘိုရီနီနဲ့ တွဲရတယ်။ ဒါဟာ တိုက်စစ်ပိုင်းကအစ ဒီကာနီယိုဟာ စမ်းသပ်နေရတုန်းဆိုတာ ရှင်းတယ်။ ကစားပြီးသမျှ ငါးပွဲအတွင်း တိုက်စစ်အတွဲအဖက်တူတာဆိုလို့ ဖူလ်ဟမ်၊ ဆောက်သမ်တန်တို့နဲ့ နှစ်ပွဲမှာ အယ်တီဒေါနဲ့ ဆက်ဆက်ညောကို နှစ်ပွဲဆက်တွဲသုံးခဲ့တာရှိပြီး ကျန်သုံးပွဲမှာ ပဲလေ့စ်ကို ရင်ဆိုင်တော့ ဝုစ်ခမ်းနဲ့ ဂျီဒေါင်ဝန်း၊ အာဆင်နယ်နဲ့ကျတော့ ဖလက်ချာနဲ့ အယ်တီဒေါ၊ ဝက်စ်ဘရွန်းနဲ့ပွဲကျတော့ ဖလက်ချာနဲ့ ဘိုရီနီ။ ဒီလိုအနေအထားမှာ တိုက်စစ်က သုံးဂိုးသာရတာ ဒီကာနီယို အပြစ်လား။ အသင်းနိုင်ပွဲမရတာ ဒီကာနီယိုကြောင့်လား။

ပြောရရင် မန်နေဂျာတစ်ယောက်ဟာ အသင်းတစ်သင်းရဲ့ ပွဲထွက်လူစာရင်းကို ရွေးချယ်သူ။ ဒီကာနီယိုအနေနဲ့လည်း သူ့ရဲ့ပွဲထွက်မှုကို သူကိုယ်တိုင်တည်ငြိမ်အောင် လုပ်ယူလို့ရတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် အသင်းမှာရှိတဲ့ ၂၈ယောက်အနက် ၁၄ ယောက်က အသစ်။ လူစာရင်းရဲ့ တစ်ဝက်တိတိက ဒီနှစ်မှ ခေါ်ထားသူတွေ။ ဒီလိုအခြေအနေမှာ ဒီကာနီယိုမှ မဟုတ်ဘူး။ ဘယ်သူပဲဖြစ်ဖြစ် အသင်းရဲ့ အထိုင်ကောင်းကို ပြန်ပြီးရှာဖွေရမှာပဲ။ ဒီတော့ ကစားသမားတွေကို ပြောင်းလဲအသုံးပြုလာတာဟာ ဒီကာနီယိုရဲ့ အပြစ်တဲ့လား။ ဒီလိုအသုံးပြုလို့ ရလဒ်မကောင်းတာကရော ဒီကာနီယိုကြောင့်လား။

“ဆန်းဒါးလန်းဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်မှာ မတူညီတဲ့ နိုင်ငံများစွာက ကစားသမား ၁၄ ဦးကို ခေါ်ခဲ့တယ်။ ဒါကြောင့် စုစည်းမှုရှိဖို့ကအစ ပြန်ပြီးကြိုးစားနေရတယ်။ အသင်းအတွင်းမှာ ဘာသာစကားပြောဆိုမှု မတူညီတဲ့ ကစားသမားတွေက အများကြီး။ ဒီလိုအခြေအနေကို ကျွန်တော်က ဝက်စ်ဟမ်းမှာ ကြုံခဲ့ဖူးတော့ ဒီအခက်အခဲဟာ ဖြေရှင်းဖို့ သိပ်ခက်တယ်ဆိုတာ ကောင်းကောင်းသိတယ်”လို့ အထုတ်မခံရခင်ကလေးကမှ ကပ်ပြီးပြောသွားတဲ့ ဒီကာနီယိုရဲ့ စကားကိုပဲ နားထောင်။ အဲဒီစကားထဲမှာ သူ ဘယ်လောက်အခက်အခဲတွေနေရသလဲဆိုတာ ထင်းခနဲ မြင်ရတယ်။ ဒါပေမယ့် ဘုတ်အဖွဲ့ကတော့ ဒါကိုမကြည့်ဘူး။ ရလဒ်ကိုပဲကြည့်ပြီး ဒီကာနီယိုကို ထုတ်တယ်။ ဒါက အမှန်ဖြစ်ပါ့မလား။ နောက်ထပ် ထပ်ခန့်မယ့် မန်နေဂျာကရော ဒီအခက်အခဲတွေနဲ့ ရင်မဆိုင်ရတော့ဘူးတဲ့လား။

တကယ်တော့ ဒီကာနီယိုဟာ ဆန်းဒါးလန်းကို ကိုင်တွယ်ခွင့်ရတာကိုက အခုမှ ၁၃ ပွဲပဲရှိသေးတယ်။ ပြီးခဲ့တဲ့ ရာသီကဆိုရင် ရာသီကုန်ခါနီး ခုနစ်ပွဲအလိုမှ အသင်းကို ကိုင်တွယ်ခွင့်ရတာ။ ဒါတောင် တန်းဆင်းရမယ့်အရေးနဲ့ ရင်ဆိုင်နေရတဲ့အသင်းကို တန်းတင်ကျန်ခဲ့အောင် ကယ်ခဲ့ပြီးပြီ။ အခုလည်း ရာသီအစမှာ ကက်ပီတယ်ဝမ်းဖလား တစ်ပွဲအပါ ခြောက်ပွဲသာကိုင်ရသေးတယ်။ ပြောချင်တဲ့အဓိပ္ပာယ်က ဒီကာနီယိုဟာ ဆန်းဒါးလန်းမှာ လုံလောက်တဲ့ အချိန်မရသေးတဲ့အပြင် အပြောင်းအလဲက သိပ်များတယ်။ ဒီလိုအခြေအနေမှာ ဒီကာနီယိုကို ထုတ်ပယ်မှုဟာ မစောဘူးလား။ အနည်းငယ် အချိန်ထပ်ပေးလို့ အသင်းက အထိုင်ကျပြီး မနှစ်က တန်းတင်ကျန်အောင် စွမ်းဆောင်နိုင်တဲ့ ဒီကာနီယိုရဲ့အစွမ်း ပေါင်းဖက်နိုင်ရင် ပြန်ပြီး ဦးမော့မလာနိုင်ဘူးလား။

ပြောရရင် အသင်းတစ်သင်းရှုံးပြီဆိုတာနဲ့ ဘာကြောင့်ရှုံးသလဲဆိုတာ ခြေခြေမြစ်မြစ်မတွေးကြဘူး။ အသင်းတစ်သင်းရပ်တည်မှုနိမ့်ရင် ဘာကြောင့် နိမ့်သလဲ။ စေ့စေ့ငုငု မလေ့လာဘူး။ အသင်းတစ်သင်းရှုံးပွဲကြုံပြီး ရပ်တည်မှုနိမ့်လာတာနဲ့ တစ်ပြိုင်နက် အခြေခံအကြောင်းတရားတွေကို စဉ်းစားတွေးခေါ်မှုမရှိဘဲ မန်နေဂျာကိုအပြစ်ရှာ၊ ရာထူးကထုတ်၊ အသစ်ခန့်နဲ့ ခေတ်သစ်ဘောလုံးယဉ်ကျေးမှုမှာ မန်နေဂျာတွေက အဖြည့်ခံတွေ၊ ကမ်းနားသစ်ပင်တွေလိုဖြစ်လာကြတယ်။

ဒီအတွက် မော်ရင်ညိုပြောခဲ့ဖူးတဲ့ စကားကလည်း ရှင်းရှင်းလေး။ အသင်းတစ်သင်းဟာ ကစားသမားအမြောက်အမြား ခေါ်ယူထားပြီဆိုတာနဲ့ အဲဒီအသင်းက မန်နေဂျာအတွက် အထောက်အပံ့ကောင်းပြီလို့ မတွက်နဲ့၊ ဒါဟာ အဲ့ဒီမန်နေဂျာကို အပြင်းထန်ဆုံး စိန်ခေါ်မှုဖြစ်သလို အကြီးမားဆုံးဖိအားလည်း ဖြစ်စေတယ်တဲ့။ ဒီစကားက အခု ဒီကာနီယိုအတွက်တော့ မြေကြီးလက်ခတ်မလွဲ။ စံချိန်တင် ပြောင်းရွှေ့ကြေးသုံးစွဲထားမှုတွေရဲ့ ဖိအားတွေကြားက ပရီမီယာလိဂ်မှာ ဒီကာနီယိုနောက်ကို ဘယ်သူတွေလိုက်ကြဦးမလဲ။

ကမ်းနားသစ်ပင်တွေရဲ့ ဘဝက အိပ်ရေးတောင်ဝကြပါ့မလား . . . . ။

ဒီကာနီယို၏ ဆန်းဒါးလန်းရလဒ်

၂၀၁၂ - ၂၀၁၃

ဧပြီ ၇	ချယ်လ်ဆီး	၂ - ၁	ဆန်းဒါးလန်း
ဧပြီ ၁၄	ကာဆယ်	၀ - ၃	ဆန်းဒါးလန်း
ဧပြီ ၂၀	ဆန်းဒါးလန်း	၁ - ၀	အဲဗာတန်
ဧပြီ ၂၉	ဗီလာ	၆ - ၁	ဆန်းဒါးလန်း
မေ ၆	ဆန်းဒါးလန်း	၁ - ၁	စတုတ်
မေ ၁၂	ဆန်းဒါးလန်း	၁ - ၁	ဆောက်သမ်တန်
မေ ၁၉	စပါး	၁ - ၀	ဆန်းဒါးလန်း

၂၀၁၃-၂၀၁၄

ဩဂုတ် ၁၇	ဆန်းဒါးလန်း	၀ - ၁	ဖူလ်ဟမ်
ဩဂုတ် ၂၄	ဆောက်သမ်တန်	၁ - ၁	ဆန်းဒါးလန်း
ဩဂုတ် ၂၇	ဆန်းဒါးလန်း	၄ - ၂	မီလ်တန်
ဩဂုတ် ၃၁	ပဲလေ့စ်	၃ - ၁	ဆန်းဒါးလန်း
စက်တင်ဘာ ၁၄	ဆန်းဒါးလန်း	၁ - ၃	အာဆင်နယ်
စက်တင်ဘာ ၂၁	ဝက်စ်ဘရွန်း	၃ - ၀	ဆန်းဒါးလန်း

ဝေမိုးဆက်

ရှေ့ဖုံးမှ

ဒါကို ပရီမီယာလိဂ်ကလပ်တွေရဲ့ ရှုံးမှာ ကြောက်တဲ့ စိတ်ကြောင့်လားဆိုပြီးမေးလာကြတယ်။

တကယ်တော့ ဒီလို ဖြစ်လာခဲ့ခြင်းဟာ ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲဝင် အသင်းတွေရဲ့ အပြောင်းအလဲတွေနဲ့ အဓိက ပတ်သက်မှုရှိတယ်လို့ ထောက်ပြကြပါတယ်။ အထူးသဖြင့် ဒီနှစ် ပရီမီယာလိဂ်မှာ အဓိကထား ခေါ်ယူခဲ့မှုတွေဟာ ကွင်းလယ်ကစားသမားတွေချည်းပဲဖြစ်ပေမယ့် လက်တွေ့ကျကျ လေ့လာကြည့်။ ပရီမီယာလိဂ် အသင်း အတော်များများဟာ တိုက်စစ်ပိုင်းကို ပြောင်းလဲမှုတွေပြုလုပ်ခဲ့ကြတာကိုတွေ့ရမယ်။

တခြားမကြည့်နဲ့။ ဒီနှစ် အပြောင်းအရွှေ့ဈေးကွက်မှာ ပေါင်သန်း ၁၀၀ ကျော် သုံးပြီး အသင်းကိုအားဖြည့်မှုတွေပြုလုပ်ခဲ့တဲ့ စပါးရဲ့ အနေအထားကို လေ့လာကြည့်။ ပြောရရင် စပါးဟာ မနှစ်က ၅ ပွဲပြီးချိန်မှာ ၈ ဂိုး အထိ သွင်းယူနိုင်ခဲ့ပေမယ့် ဒီနှစ် ၅ ဂိုးသာသွင်းနိုင်တယ်။ ဒါဟာ ဘိုအာ့စ်ရဲ့ တိုက်စစ်ပိုင်းကို ပြောင်းလဲမှုတွေကြောင့် ဖြစ်တည်လာခဲ့တဲ့ အားနည်းမှုလို့ မြင်ကြတယ်။

တကယ်တော့ ဘိုအာ့စ်ဟာ ဒီနှစ်မှာ တိုက်စစ်ပိုင်းတစ်ခုလုံးကို ပြုပြင်ခဲ့တယ်လို့ ဆိုရလောက်အောင် ပြောင်းလဲမှုတွေပြုလုပ်ခဲ့တာဖြစ်တယ်။ မနှစ်က ဘေးလ်၊ ဒီဖိုး၊ လီနွန်၊ ဒမ်ဆေးတို့နဲ့ ဖွဲ့စည်းခဲ့တဲ့ တိုက်စစ်ဇုန်ကို ဘိုအာ့စ်က ဘေးလ်၊ ဒမ်ဆေး တို့ကိုရောင်းပြီး ဒီဖိုး၊ လီနွန်တို့ကို လည်း ပွဲထွက်အသုံးပြုခြင်း နည်းပါးတယ်။ ဆိုဒါဒို၊ ပေါ်လင်ညို၊ အီရစ်ဆန်၊ လာမယ်လာစတဲ့ အသစ် ခေါ်ယူခဲ့တဲ့ကစားသမား တွေနဲ့သာ တိုက်စစ် ဇုန်ကို ဖွဲ့စည်းခဲ့မှုက စပါးကို အခုလို ဂိုး သွင်းအား ကျဆင်း စေတယ်လို့ကောက် ချက် ဆွဲကြတယ်။ အထူးသဖြင့် မနှစ်က ရှစ်ဂိုး ရခဲ့တော့ ဘေးလ်နဲ့ ဒီဖိုးတို့က ၄ဂိုးအထိ သွင်းယူပေးတယ်။ ဒီ နှစ်ဦးအနက် ဘေးလ်ကို ရောင်းချခဲ့ရမှုဟာ စပါးရဲ့ ထိုးစစ်ကို အားပျော့စေခဲ့သလို ဒီဖိုးကို ပွဲထွက် အသုံး မပြုခြင်းဟာလည်း ဂိုးသွင်းအား နည်းပါး စေတယ်။

စပါးတိုက်စစ်မှူး ဒီဖိုး

တကယ်တော့ ဘိုအာ့စ်အနေနဲ့ အသင်းမှာ အထိုင်ကျဖို့ ရုန်းကန်နေရတဲ့ တိုက်စစ်မှူးသစ် ဆိုဒါဒိုထက် ဒီဖိုးကို ဦးစားပေးအသုံးပြုမယ်ဆိုရင် ဂိုးပိုရနိုင်လောက်တဲ့ အခြေအနေရှိတယ်။ ဒါကို တီရွန်ဆိုနဲ့ပွဲက သက်သေပြတယ်။ ပြောရရင် ဆိုဒါဒိုကို ဦးစားပေးအသုံးပြုနေတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ၅ ပွဲ ကစားပြီးချိန်မှာ ၁ ဂိုး အထက် သွင်းယူနိုင်ခဲ့တဲ့ပွဲဆိုလို့ နော့ဝှစ်ချ်ကို ၂ ဂိုးပြတ်နဲ့ နိုင်တဲ့ တစ်ပွဲတည်းသာရှိခဲ့ပေမယ့် ဒီဖိုးကို ဦးစားပေးအသုံးပြုခဲ့တဲ့ တီရွန်ဆိုနဲ့ပွဲမှာ ၃ဂိုးပြတ်နဲ့တောင် အနိုင်ရခဲ့တာက သက်သေ။ အဆိုပါပွဲမှာ ဒီဖိုးက ၂ ဂိုးသွင်းယူသွားခဲ့ခြင်းဟာလည်း ဘိုအာ့စ်ရဲ့ ဆိုဒါဒိုကို ဦးစားပေးသုံးစွဲနေမှု အပေါ် သံသယဖြစ်စေတယ်။

ပြောရရင် ဒီနှစ်ဘောလုံးရာသီမှာ ဂိုးသွင်းအားကျဆင်းလာမှုဟာ စပါးတစ်သင်းတည်းမှာသာ ဖြစ်တည်နေတာ မဟုတ်ဘူး။ မနှစ်က ၅ ပွဲအပြီး ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ မန်ယူဆိုရင် ဒီနှစ် ၇ ဂိုးသာရတယ်။ မနှစ်က ၁၀ ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ဆွမ်ဆီးဟာလည်း ဒီနှစ် ၇ ဂိုးသာရသလို မနှစ်က ၉ ဂိုးရခဲ့တဲ့ ချယ်လ်ဆီးဟာလည်း ဒီနှစ် ၆ ဂိုးသာရပြီး မနှစ်က ၉ ဂိုး သွင်းနိုင်ခဲ့တဲ့ ဆောက်သမ်တန်ဟာလည်း ဒီနှစ် သုံးဂိုးသာသွင်းယူနိုင်မှုတွေအရ ပရီမီယာလိဂ် ကလပ်အသင်းအများစု တိုက်စစ်ပိုင်းပြဿနာနဲ့ ရင်ဆိုင်နေရပြီဆိုတာကို ထင်ထင်ရှားရှားတွေ့ရနိုင်တယ်။

ဒါဟာဘာကြောင့်ဖြစ်သလဲ။ ပြောခဲ့ပြီးသလိုတိုက် စစ်ပိုင်းကိုအပြောင်းအလဲ ပြုလုပ်မှုတွေအပြင် မနှစ်က ခြေစွမ်းပြခဲ့တဲ့ တိုက်စစ်မှူး အများစုဟာ ဒီနှစ်မှာ မနှစ်ကလို ခြေစွမ်းပြနိုင်မှုမရှိခြင်းနဲ့လည်း ပတ်သက်ဆက်နွှယ်နေတယ်။

တခြားမကြည့်နဲ့ မန်ယူတိုက်စစ်မှူး ဗန်ပါစီရဲ့အနေအထားကိုကြည့်။ မနှစ်က ဘောလုံးရာသီမှာ မန်ယူကို ရောက်ရှိပြီးတဲ့နောက် အလျင်အမြန် အထိုင်ကျခဲ့ပြီး ၅ ပွဲမှာ ၅ ဂိုး အထိသွင်းနိုင်ခဲ့ပေမယ့် ဒီနှစ်တော့ ၅ ပွဲမှာ ၃ ဂိုးသာသွင်းယူထားနိုင်တယ်။ ဒါ့အပြင် မနှစ်က ဆောက်သမ်တန်အတွက် ၅ ပွဲမှာ ၄ ဂိုးအထိ သွင်းယူခဲ့တဲ့ လမ်းဘတ်ဆိုရင်လည်း ဒီနှစ်မှာ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး မနှစ် က ၅ ပွဲ အပြီး ဆန်းဒါးလန်း ရရှိခဲ့တဲ့ ၅ ဂိုးစလုံးကို သွင်း ယူ ပေး ခဲ့ တဲ့ ဖ လက် ချာ ဆို ရင် ဒီနှစ် တစ်ဂိုးသာ သွင်း ယူ ထားနိုင်တော့ ဆန်းဒါးလန်း ဟာလည်း ဒီနှစ် ၅ ပွဲအပြီးမှာ ၄ ဂိုးသာရတဲ့ အခြေ အနေနဲ့ ရင်ဆိုင်နေရ တယ်။

ဒါ့အပြင် မနှစ်က ခြေစွမ်းပြပြီး ၄ ဂိုးသွင်းယူခဲ့တဲ့ ဆွမ်ဆီးတိုက်စစ်မှူး မီချူး ဆိုရင်လည်း ဒီနှစ်မှာ ၂ ဂိုးသာ သွင်းယူနိုင်မှုနဲ့အတူ ဆွမ်ဆီးရဲ့ ဂိုး သွင်းအားကလည်း ကျဆင်းလာတယ်။

တကယ်တော့ ပြောချင်တဲ့ အဓိပ္ပာယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အပြောင်းအလဲများမှုပဲ။ ပြောရရင် ပရီမီယာလိဂ်ဟာ ဒီနှစ်နွေရာသီ ဈေးကွက်အတွင်း စံချိန်တင်ငွေကြေး သုံးစွဲကာ အားဖြည့်မှုတွေများပြားခြင်းဒဏ်ကို ခံရတာလို့ လည်းဆိုတယ်။ တခြားမကြည့်နဲ့ မနှစ်ကအသင်း ကြီးတွေကိုတောင် အန်တုနိုင်ခဲ့တဲ့ ဝက်စ်ဘရွန်း ဆိုရင် ဒီနှစ်မှာ ၁ ပွဲသာနိုင်သေးတယ်။ မနှစ်က ၇ ဂိုးသွင်းနိုင်ခဲ့တဲ့ တိုက်စစ်ကလည်း ဒီနှစ် ၅ ပွဲ အပြီးမှာ ၄ ဂိုးသာရတယ်။

ပြောရရင် ဝက်စ်ဘရွန်းဟာ ဒီနှစ်မှာ တိုက်စစ်ပိုင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး အနယ်လ်ကာ၊ အနီချီဘီတို့ကို ခေါ်တယ်။ ဒီမှာ အနယ်လ်ကာ၊ အနီချီဘီတို့ အထိုင်မကျတော့ တိုက်စစ်က အားလျော့လာတယ်။

တကယ်တော့ မနှစ်က ဝက်စ်ဘရွန်းရဲ့ တိုက်စစ်ဇုန် ထက်မြက်ခဲ့ခြင်းဟာ လူကာကူ၊ အိုဒမ်ဝင်ဂီ၊ ရှိန်းလောင်းတို့ ၃ ဦးခြေစွမ်းပြ နိုင်မှုကြောင့်ဖြစ်တယ်။ အခု လူကာကူ၊ အိုဒမ်ဝင်ဂီတို့ကို လက်လွှတ်ခဲ့ရပြီး အနယ်လ်ကာ၊ အနီချီဘီတို့နဲ့ ပြန်လည်အားဖြည့်မှုက အထိုင်မကျ တော့ ရုန်းကန်လာရတယ်။

ပြောရရင် မနှစ်က ဂိုးသွင်းအားထက် ပိုမိုကောင်းမွန်လာခဲ့တဲ့အသင်း ပရီမီယာလိဂ်မှာ မရှိတာတော့မဟုတ်ပါဘူး။ ဂီရောက်ဒ် ခြေစွမ်းပြလာမှု၊ အိုဇေးလ်ရောက်ရှိလာမှုတို့ကြောင့် တိုက်စစ်အားကောင်းလာတဲ့ အာဆင်နယ်ဆိုရင် မနှစ်က ၉ ဂိုးသာရပေမယ့် ဒီနှစ် ၁၁ ဂိုးရထားတယ်။ မန်စီးတီး ဆိုရင်လည်း မနှစ်က ၁၀ ဂိုးသာ ရပေမယ့် ဒီနှစ် ၁၂ ဂိုးအထိ သွင်းယူထားနိုင်တယ်။

ဒါပေမယ့် အနည်းစုသာ အားကောင်းလာမှုရှိပြီး အများစုက ကျဆင်းနေခြင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အရည်အသွေးကို ထိခိုက်စေနိုင်တဲ့ အဓိကအချက် တစ်ခုအဖြစ် ယူဆကြတယ်။

ဒီတော့ သွင်းဂိုးတွေ ပျောက်ဆုံးလာမှုနဲ့အတူ ရသတွေပျက်စပြုလာတဲ့ ပရီမီယာလိဂ်အနေနဲ့ တိုက်စစ်ပိုင်း အားနည်းမှုကြားက ဘယ်လိုရုန်းထွက်လာမလဲ။ ပုံမှန်ခြေ ပျောက်ဆုံးနေတဲ့ တိုက်စစ်မှူးတွေရော ပုံမှန်ခြေပြန် ရလာမလား။ ကျဆင်းလာတဲ့ပြိုင်ပွဲရဲ့ အရည်အသွေးကိုရော ဘယ်လို ပြန်လည် ဆယ်တင်မလဲ။ ဒါကိုတော့ ပရီမီယာလိဂ် ပွဲစဉ် (၆)နဲ့အတူ ဆက်လက် စောင့်ကြည့် သွားရမယ်။

လင်းဆက်

ပရီမီယာလိဂ် ပွဲစဉ် (၆)

(၂၈ - ၉ - ၁၃)			
ည ၆း၁၅	စပါး	-	ချယ်လ်ဆီး
ည ၈း၃၀	ဗီလာ	-	မန်စီးတီး
ည ၈း၃၀	ဖူလ်ဟမ်	-	ကာဒစ်ဖ်
ည ၈း၃၀	ဟားလ်	-	ဝက်စ်ဟမ်း
ည ၈း၃၀	မန်ယူ	-	ဝက်စ်ဘရွန်း
ည ၈း၃၀	ဆောက်သမ်တန်	-	ပဲလေ့စ်
ည ၁၁း၀၀	ဆွမ်ဆီး	-	အာဆင်နယ်
(၂၉ - ၉ - ၁၃)			
ည ၇း၀၀	စတုတ်	-	နော့ဝှစ်ချ်
ည ၉း၃၀	ဆန်းဒါးလန်း	-	လီဗာပူး
(၃၀ - ၉ - ၁၃)			
နံနက် ၁း၃၀	အဲဗာတန်	-	နယူးကာဆယ်

ဘင်နီတက်ဇ်ရဲ့လုပ်ကွက်သစ်တွေနဲ့ စိတ်ဝင်စားဖွယ်ကောင်းနေတဲ့နာပိုလီ

ဒီနှစ်စီးရီးအေရာသီအစကို ကြည့်မယ်ဆိုရင်တော့ အခြားအသင်းတွေထက်စာရင် နာပိုလီအသင်းရဲ့ အောင်မြင်မှုက အခြေအနေကောင်းတွေနဲ့ ရှိနေတယ်လို့ ပြောရမှာပါ။ လက်ရှိပြည်တွင်းအမှတ်ပေးပွဲ တွေမှာအခြေအနေကောင်းရုံသာမကပါဘူး။ ပြီးခဲ့တဲ့ တစ်ပတ်ကကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာလည်း ပြီးခဲ့တဲ့ရာသီက ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိခဲ့တဲ့ ဒေါ့မွန်အသင်းကို ပထမအကျော့မှာ အနိုင်ရရှိအောင် ကစားထားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကကစားခဲ့တဲ့အေစီမီလန် အသင်းနဲ့ပွဲစဉ်မှာလည်း ၂-၁နဲ့အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပါတယ်။ ဒီနိုင်ပွဲဟာ နာပိုလီအသင်းအတွက်တော့ ၁၉၈၆ ခုနှစ် နောက်ပိုင်းမှာအေစီမီလန်အသင်းကို ပထမဦးဆုံး ပြန်လည်အနိုင်ရရှိခဲ့တဲ့ ပွဲစံချိန်တင်နိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒါဟာ နာပိုလီအသင်းကို ပြီးခဲ့တဲ့မေလက နည်းပြမာဇာရီရဲ့နေရာကို အစားထိုးဝင်ရောက်လာတဲ့နည်းပြသစ် ဘင်နီတက်ဇ်ရဲ့စွမ်းဆောင်မှုတွေလို့လည်း ပြောနိုင်ပါတယ်။

တကယ်တော့ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ နာမည်ကြီးကာ အောင်မြင်မှုတွေရရှိလာခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းကို ကိုင်တွယ်ခဲ့စဉ်က ကလပ်အသင်းတွေအတွက် အအောင်မြင်ဆုံးလို့ပြောလို့ရတဲ့ ချန်ပီယံလိဂ်ဆုဖလားအထိရယူပေးခဲ့တဲ့ နည်းပြတစ်ဦးပါ။ ဒါ့အပြင် အင်တာမီလန်အသင်းကို ကိုင်တွယ်ခဲ့စဉ်ကလည်း ပြည်တွင်းစီးရီးအေအမှတ်ပေးဆုဖလားနဲ့ ကမ္ဘာ့ကလပ်ချန်ပီယံများဖလားကိုပါ ရယူပေးခဲ့ပါတယ်။ ဒါတင်မကပါဘူး ပြီးခဲ့တဲ့ရာသီကလည်း မန်နေဂျာအပြောင်းအလဲတွေနဲ့ အထိုင်မကျတဲ့ ချယ်လ်ဆီးအသင်းကိုလည်း ထုတ်ပယ်ခဲ့တဲ့ မန်နေဂျာ ဒီမက်တီယိုရဲ့ နေရာမှာ ခေတ္တအစားထိုး ဝင်ရောက်လာခဲ့ပြီး အသင်းအတွက် ယူရိုပါလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း နာပိုလီအသင်းဟာ သူ့ကိုနည်းပြ မာဇာရီရဲ့ နေရာမှာ အစားထိုးဖို့အတွက် ခေါ်ယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဘင်နီတက်ဇ်ကိုယ်တိုင်ကလည်း နာပိုလီအသင်းဟာ သူ့ရဲ့ အသင်းဟောင်းလီဗာပူးအသင်းလိုပဲ ပရိသတ်အင်အား တောင့်တင်းတဲ့အသင်း ဖြစ်ကြောင်းနဲ့ ကလပ်သမိုင်းကြောင်း ရှည်လျားတဲ့အသင်းဖြစ်တာကြောင့် ပြောင်းရွှေ့ကိုင်တွယ်ဖို့ စိတ်ဝင်စားခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောဆိုခဲ့ပါတယ်။ နာပိုလီအသင်းရဲ့ဥက္ကဋ္ဌ လောရန်တီကလည်း ဘင်နီတက်ဇ်ရဲ့အရည်အချင်းကို ယုံကြည်မှုရှိနေပါတယ်။ ဒါကြောင့်လည်း နွေရာသီဈေးကွက်မှာ ကစားသမားသစ်တွေ ခေါ်ယူနိုင်ဖို့ကို စိတ်ကြိုက် လုပ်ဆောင်ခွင့်ပေးခဲ့တာပါ။

နည်းပြဘင်နီတက်ဇ်ဟာ နာပိုလီအသင်းကို ရောက်ရှိခဲ့တဲ့နောက်မှာ အသင်းအတွက် ၃၈ ဂိုးအထိ သွင်းယူပေးခဲ့တဲ့ အဓိကတိုက်စစ်မှူး ကာဗာနီကို ပီအက်စ်ဂျီအသင်းထံကို ယူရို ၆၄ သန်းနဲ့ ရောင်းထုတ်လိုက်ပါတယ်။ ဒါကြောင့် နာပိုလီအသင်းရဲ့ တိုက်စစ်ပိုင်းဟာ အားလျော့သွားမယ်လို့တော့ ထင်စရာရှိလာပါတယ်။ ဒါပေမယ့် နည်းပြဘင်နီတက်ဇ်ဟာ အသင်းရဲ့လိုအပ်နေတဲ့တိုက်စစ်အတွက် ကစားသမားသစ်တွေ ထပ်မံ ခေါ်ယူလိုက်ပါတယ်။ အဲဒါကတော့ ရီးရဲမက်ဒရစ်အသင်းကနေ ဟီဂွာရင်နဲ့ ဆယ်လီဂွန်၊ ဟော်လန်ကလပ် အိုင်ဟိုဗင့်အသင်းက တိုက်စစ်မှူးမာတန်စ်၊ အာဂျင်တီးနားကလပ် အက်စတူဒီရန်တီအသင်းကနေ ကိုလံဘီယာ တိုက်စစ်မှူး ဇာပါတာတို့ပါပဲ။ ဘင်နီတက်ဇ် အနေနဲ့ အခုလိုတိုက်စစ်မှူးအသစ်တွေ ခေါ်ယူဖို့ အတွက် သုံးစွဲခဲ့တဲ့ငွေကြေးဟာ ယူရို ၆၂ သန်း

ဟီဂွာရင်

အထိရှိတာကြောင့် ကာဗာနီကို ရောင်းထုတ်ခဲ့တဲ့ ငွေနဲ့ယှဉ်ရင်၂သန်းသာကွာတာကို တွေ့ရမှာပါ။ ဒါပေမယ့်ဒါဟာ ဘင်နီတက်ဇ်ရဲ့ လိမ္မာပါးနပ်တဲ့ လုပ်ရပ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်။ ကလပ်အသင်းတစ်သင်းအနေနဲ့ အောင်မြင်မှုတွေရရှိဖို့ဆိုရင် တစ်ဦးကောင်းကစားသမား ရှိရုံနဲ့မလောက်ဘူးဆိုတာကိုလည်း ဘင်နီတက်ဇ် အနေနဲ့ ကောင်းကောင်းနားလည်ထားပါတယ်။ ဒါကြောင့်လည်း သူဟာ ကာဗာနီနဲ့ ကစားသမား လေးဦး လဲလှယ်သလိုမျိုး လုပ်ရပ်ကို လုပ်ဆောင် ခဲ့တာလည်းဖြစ်ပါတယ်။ ဒါဟာ အသင်းကို ရေရှည်မှာ အောင်မြင်မှုရရှိဖို့အတွက် အရန်အင်အား ကောင်းမွန်အောင် ပြုလုပ်ထားတဲ့ သဘောပါပဲ။ အခုခေါ်ယူခဲ့တဲ့တိုက်စစ်မှူးတွေ ထဲမှာတော့ ဈေးအကြီးဆုံး တိုက်စစ်မှူးကတော့ ဟီဂွာရင်ပါပဲ။ ဘင်နီတက်ဇ်အနေနဲ့ ဟီဂွာရင်ကို ပေါင် ၃၇ သန်းပေးဝယ်ခဲ့ရတာပါ။ ဟီဂွာရင်က လည်း ဘင်နီတက်ဇ် တန်ဖိုးကြီးပေးဝယ်ခဲ့သလိုပဲ အသင်းအတွက် ဒီနှစ်ရာသီမှာ အဓိကသွင်းဂိုး တွေကို သွင်းယူပေးနေပါတယ်။ ဒါ့အပြင် ဟီဂွာရင်ရဲ့ ကစားဖော်ဖြစ်တဲ့ ဆယ်လီဂွန်က လည်း ရီးရဲမက်ဒရစ်မှာတုန်းက ပုံမှန်ကစားခွင့် မရရှိလို့ ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ပေမယ့် နာပိုလီအသင်းမှာတော့ ၃ပွဲပါဝင်ကစားပြီး ၃ဂိုး သွင်းယူပေးနိုင်တဲ့အထိ ခြေစွမ်းပြကစားနိုင် နေတာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် ဘင်နီတက်ဇ်ဟာ အသင်းရဲ့ နောက်ပိုင်းခံစစ်အတွက်လည်း ရီးရဲမက်ဒရစ် အသင်းကနေပဲ ခံစစ်မှူးရာအူးလ်အာဘီလိုကို ယူရို၁၂သန်းနဲ့ ခေါ်ယူထားခဲ့ပါတယ်။ ဒါကြောင့် နာပိုလီအသင်းဟာ နွေရာသီဈေးကွက်မှာ တိုက်စစ်ပိုင်းသာမက ခံစစ်ပိုင်းပါအကောင်းဆုံး ပြင်ဆင်ထားတာကို တွေ့နိုင်ပါတယ်။

ဒါကြောင့် လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင်တော့ နာပိုလီအသင်းဟာ အသင်းကို ရေရှည်မှာ အောင်မြင်မှုရရှိဖို့အတွက် ငွေကြေး အမြောက်အမြား သုံးစွဲထားပြီး အစကောင်းနေတယ်လို့ပြောရမှာပါ။ ဒါ့အပြင် လက်ရှိရလဒ်တွေ ကလည်း အားရစရာ ကောင်းနေပါတယ်။ ဒါကြောင့် ဒီရာသီမှာ ဘင်နီတက်ဇ်ရဲ့ လုပ်ကွက် အသစ်တွေနဲ့အတူနာပိုလီအသင်းဟာပြည်တွင်း အမှတ်ပေးပွဲတွေသာမက ချန်ပီယံလိဂ်မှာပါ အောင်မြင်မှုတွေ ရယူပေးနိုင်မလားဆိုတာက တော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အောင်က

စီးရီးအေ ပွဲစဉ်(၆)

(၂၈ - ၉ - ၁၃)			
ည ၁၀း၃၀	ဂျီနိုအာ	-	နာပိုလီ
(၂၉ - ၉ - ၁၃)			
နံနက် ၁း၁၅	အေစီမီလန်	-	ဆမ်ဒိုးရီးယား
ညနေ ၅း၀၀	တိုရီနို	-	ဂျူပင်တပ်
ည ၇း၃၀	အတ္တလန္တာ	-	အူဒီးနီးစ်
ည ၇း၃၀	ကယ်ဂလီယာရီ	-	အင်တာ
ည ၇း၃၀	ကာတာနီးယား	-	ချီယေဗို
ည ၇း၃၀	ဗီရိုနာ	-	လီဗော်နို
ည ၇း၃၀	ဆာစူအိုလို	-	လာဇီယို
(၃၀ - ၉ - ၁၃)			
နံနက် ၇း၀၀	ရိုးမား	-	ဘိုလော့ဂ်နာ
(၁ - ၁၀ - ၁၃)			
နံနက် ၁း၁၅	ဖီအိုရင်တီးနား	-	ပါးမား

ရှမ်းပြည်နယ်

သံလွင်ကိုဖြတ်၊ ကုန်းမြင့်ကိုကျော်၊ ‘ဝ’ သွေးချင်းတို့ပျော်ရာမြေ

တာကော်အက်-ဝိန်းတောင်-ပန်ဆန်းလမ်း

တန့်ယန်းမြို့ အရှေ့ဘက်ယွန်းယွန်းရှိ သံလွင်မြစ်ကူးတံတား တာကော်အက်ကူးတို့ဆိပ်မှ ပန်ဆန်းမြို့အထိ ၈၂မိုင် ၂ဖာလုံလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၉၉၈-၁၉၉၉ ဘဏ္ဍာနှစ်မှ စတင်၍ အပိုင်းသုံးပိုင်းခွဲကာမြေသားလမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သည်။ သံလွင်မြစ်ကို ယခင်က ပွန်တွန်းကူးတို့ဖောင်ဖြင့် ဖြတ်ကူးကြရသော်လည်း အလျားပေ ၆၀၀ ရှိ ဘေလီကြိုးတံတားအမျိုးအစား၊ သံလွင်တံတား (တာကော်အက်)ကို ၁၉၉၅ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ပြည်ထောင်စုနေ့ အခါသမယ၌ ဖွင့်လှစ်နိုင်ခြင်းဖြစ်၍ တံတားဖွင့်ပွဲအခမ်းအနားသည် ပို၍ အနှစ်သာရပြည့်ဝခဲ့သည်။ ဒေသခံတိုင်းရင်းသားများသည် ယူဆောင်လာသော ငွေဒင်္ဂါးအကြွေစေ့များဖြင့် သံလွင်မြစ်အတွင်း ပစ်ပေါက်အောင်ပွဲခံနေကြသည်ကို ထူးဆန်းစွာ မြင်တွေ့ခဲ့ရသည်။ သံလွင်ကို အောင်နိုင်ခြင်း၊ ပျော်ရွှင်ခြင်း အဓိပ္ပာယ်ပဲဖြစ်ပါလိမ့်မည်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၎င်းလမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးပြီးဖြစ်ရာ ယနေ့အချိန်တွင် တာကော်အက်နှင့် လွယ်ပန်လုံအကြား ပြင်ထိန်းလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှလည်းကောင်း၊ မန်မန်ဆိုင်နှင့် ပန်ဆန်းအကြားလမ်းပိုင်းကို ‘ဝ’အထူးဒေသ (၂)မှ လည်းကောင်း ဆက်လက်ပြုပြင်ဖောက်လုပ်လျက်ရှိပါသည်။

ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်း

(၂၀၉)မိုင် ရှည်လျားသော ၎င်းလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်တွင် စတင် ဖောက်လုပ်ပေးခဲ့သည်။ မြေလမ်းဖောက်လုပ်ခြင်း၊ ကျောက်ခင်းခြင်းနှင့် ပြင်ထိန်းလုပ်ငန်းများကို နှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ‘ဝ’အထူးဒေသ (၂)အဖွဲ့က လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၂၇ သန်းခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်လည်း ၎င်းလမ်းများအတွက် ကတ္တရာ တန် ၃၀၀၀ ဝယ်ယူထောက်ပံ့ပေးမည် ဖြစ်သည်။

ဟိုပန်-နမ့်တစ်လမ်း

ဟိုပန်-နမ့်တစ်လမ်း ၉ မိုင် ၂ ဖာလုံကို နတလ ရန်ပုံငွေဖြင့် ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်တွင် စတင်ဖောက်လုပ်ပေးခဲ့သည်။ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၄သန်း ခွင့်ပြု ထုတ်ပေးခဲ့ပြီး ‘ဝ’အထူးဒေသ(၂)အဖွဲ့က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပြီးဖြစ်သည်။ နမ့်တစ်သည် ‘ဝ’ဒေသအတွင်းတည်ရှိနေသော်လည်း နမ့်တိန်ချောင်းကို ဖြတ်ကျော်လိုက်သည်နှင့် ချင်းရွှေဟော်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့သို့လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။ နမ့်တိန်ချောင်းကို ညီနောင်တံတား မှဖြစ်စေ၊ နမ့်တိန်းတံတားမှဖြစ်စေ ဖြတ်ကူးနိုင်သည်။ ညီနောင်တံတားကို ကိုးကန့်အဖွဲ့နှင့် ‘ဝ’အဖွဲ့တို့က ပူးပေါင်းတည်ဆောက်ထားပြီး နမ့်တိန်တံတားမှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော တံတားဖြစ်၏။

ပန်ဆန်း-မက်မန်းလမ်း

ပန်ဆန်း-မက်မန်းလမ်း ၄၈ မိုင် ကျောက်ခင်းခြင်းအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၄၄သန်း ခွင့်ပြုဆောင်ရွက်ခဲ့သည်။ ပန်ဆန်း-မက်မန်းလမ်းသည် မက်မန်းဒေသ (မော်ဖဒေသ)နေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။



ဖွံ့ဖြိုးတိုးတက်လာသော ‘ဝ’ဒေသ ပန်ဆန်းမြို့။

‘ဝ’ဒေသသည် တန့်ယန်းမြို့မှတစ်ဆင့် လားရှိုး-မန္တလေးမြို့များ၊ မိုင်းမော-ဟိုပန်မှ ကွမ်လုံ-သိန်နီ-လားရှိုးမြို့များ၊ ပန်ဆန်း-မိုင်းပေါက်-ဟိုတောင်း-မိုင်းယန်း-မိုင်းလားမှတစ်ဆင့် ကျိုင်းတုံမြို့များသို့ ကူးလူးဆက်သွယ်သွားလာနိုင်။

ဒေသတွင်းလမ်းများ

‘ဝ’ဒေသအတွင်းတွင် နတလအစီအစဉ်ဖြင့် မိုင်းမော-မန်တွန်းလမ်း၊ မိုင်းမော-နားဖန်-နောင်ခစ်လမ်း၊ ပန်ဆန်း-မိုင်းပေါက်လမ်း၊ ပန်ဆန်း-ပန်ယန်းလမ်း၊ မန်မိန်းဟုန်-ပန်ခွန်လမ်းတို့ကိုလည်း ဖောက်လုပ်ပေးပြီးဖြစ်သည်။

မှတ်မှတ်ရရ‘ဝ’ဒေသ

‘ဝ’တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့သည် ၁၉၈၉ခုနှစ် မေလ ၉ ရက်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ‘ဝ’အဖွဲ့နှင့် ပထမဆုံးငြိမ်းချမ်းရေးစကားစတင်ပြောကြားသည့်နေရာသည် ဟိုပန်မြို့ဖြစ်ကြောင်း၊ ဦးကျောက်ညီလိုင်း(ကွယ်လွန်)နှင့် သူ၏အဖွဲ့ဝင်များသည် အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ဆင်၍ လာခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့် မကွယ်လွန်မီက ပြောခဲ့ဖူးသည်။ ၁၉၉၂-၁၉၉၃ ခုနှစ်ကာလများတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့၌ တာဝန်ထမ်းဆောင်ဆဲဖြစ်သော အမျိုးသမီးဝန်ထမ်းများသည် ကိုယ်တိုင်ဆန္ဒပြု၍ ‘ဝ’ဒေသ ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ နမ့်တစ်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည်။ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန့်လွင်၊ ဒေါ်ယဉ်စိန်၊ ဦးစီးအရာရှိများဖြစ်ကြသော ဒေါ်ချိုချို၊ ဒေါ်ဘေဘီစန်း၊ ဒေါ်ခင်နီလာဝင်း၊ ဒေါ်ဥမ္မာအောင်၊ ဒေါ်သိန်းသိန်းရီ၊ ဒေါ်တို့တို့ဝင်းကြည် (တိုးတိုးမဟုတ်ပါ၊ တို့တို့ဖြစ်ပါသည်။)၊ ဒေါ်ခင်ဝါဝါစိုး၊ ဒေါ်ခင်စန်းတင့်၊ ဒေါ်ခင်ကြည်မြင့်၊ ဒေါ်လှမြိုင်တို့က ဝန်ကြီးဌာန ပြောင်းသူပြောင်း၊ အလုပ်မှအနားယူသူယူ ဖြစ်ကုန်ကြပေပြီ။ သည်စာတစ်ကြောင်းလောက်မျှဖြင့် သူတို့ပေးဆပ်ခဲ့သော စေတနာ၊ အပင်ပန်းအဆင်းရဲခံ ဆောင်ရွက်ခဲ့သော အချိန်ကာလ၊ တွေ့ကြုံရသော အခက်အခဲတို့ကို ပြည့်စုံအောင်ဖော်ပြရန် ကျွန်တော်မစွမ်းသာပါ။

မြစ်သံလွင်ခြားသော်လည်း

‘ဝ’ဒေသသည် သံလွင်မြစ်အရှေ့ဘက်ခြမ်း၌ မြင့်မားသီခေါင်သော တောင်ကုန်းတောင်တန်းများ ဝိုင်းပတ်တည်ရှိနေလင့်ကစား နိုင်ငံတော်အစိုးရ ဖောက်လုပ်ပေးထားပြီးဖြစ်သည့် အထက်ပါလမ်းမကြီးများကြောင့် ထီးတည်းရှိမနေခဲ့ပါ။ တန့်ယန်းမြို့မှတစ်ဆင့် လားရှိုး-မန္တလေးမြို့များသို့ လည်းကောင်း မိုင်းမော- ဟိုပန်မှ ကွမ်လုံ-သိန်နီ-လားရှိုးမြို့များသို့လည်းကောင်း၊ ပန်ဆန်း-မိုင်းပေါက်-ဟို တောင်း - မိုင်းယန်း - မိုင်းလားမှတစ်ဆင့် ကျိုင်းတုံမြို့များသို့လည်းကောင်း ကူးလူး ဆက်သွယ် သွားလာလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြင့်စိုး(နတလ)

ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်း (၂၀၉)မိုင်တွင် ပန်ဆန်း-မိုင်းမောလမ်းအပိုင်း ကျောက်ခင်းပြီးစီးမှု အခြေအနေ။

လူမှုစီးပွားအားကစား အချပ်ပိုကြော်ငြာထည့်နိုင်

ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း လူမှုစီးပွားအားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်ခရိုင်အတွင်း ရေကြီးရေလျှံမှု လျော့ပါးရေး ဆည်မြောင်းဦးစီးဌာန၏ကြိုးပမ်းမှု

အေးချမ်းမိုး(ပုသိမ်)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟုဆိုလိုက်သည်နှင့်တစ်ပြိုင်နက် မြစ်ချောင်းပေါင်းများစွာ ယှက်ဖြာပြီး စိမ်းစိုနေသည့် စပါးခင်းကြီးများကို စာဖတ်သူမျက်လုံးထဲတွင် အလိုလိုထင်ဟပ်လာလိမ့်မည်ဟု ယူဆမိသည်။ ဟုတ်ပါသည်၊ ဧရာဝတီမြစ်မကြီးသည် မြစ်ဝကျွန်းပေါ်ဒေသ၌ မြစ်ကြီး မြစ်ငယ်အသွယ်သွယ် ချောင်းကြီးချောင်းငယ်များစွာယှက်ဖြာ၍ စုဖွဲ့ထားပြီး တစ်နှစ်ပတ်လုံး၏သုံးပုံနှစ်ပုံသည် စိမ်းစိုလန်းဆန်းနေသည့် ဒေသအဖြစ် ဖြစ်တည်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးသည် အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ဘက်တွင် ရခိုင်ရိုးမ၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့်တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့ဖြင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်တည်ရှိနေသည်။ ရခိုင်ရိုးမသည် တောင်မြောက်သွယ်တန်းကာ ဘင်္ဂလားပင်လယ်အော်နှင့် ကုန်းတွင်းပိုင်းကို တံတိုင်းကြီးသဖွယ်ကာရံ၍ စည်းခြားပေးလျက်ရှိသည်။ မိုးရာသီအတွင်း အနောက်တောင်မုတ်သုံမိုးကို အပြည့်အဝရရှိသကဲ့သို့ ဧရာဝတီမြစ်ကြီးသည်လည်း တိုင်းအတွင်းသို့ စဉ်ဆက်မပြတ်စီးဆင်းနေသဖြင့် ရေအလုံအလောက်ရရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

ဧရာဝတီမြစ်မကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ရောက်ရှိလာချိန်၌ တိုင်း၏မြောက်ပိုင်းတွင်ရှိသည့် အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုးရွာအနီးတွင် ငဝန်မြစ်အား ပထမဆုံးမြစ်လက်တက်တစ်ခုအနေဖြင့် စတင်ခွဲထွက်လာခဲ့သည်။ ယင်းနောက် ညောင်တုန်းမြို့ အထက်ဘက်မှစတင်၍ မြစ်ချောင်းပေါင်းများစွာ စတင်ခွဲထွက်လာခဲ့တော့သည်။ ယင်းကဲ့သို့ ခွဲထွက်လာသည့် မြစ်ချောင်းများထဲတွင် အဓိကထင်ရှားသည့် မြစ်မကြီးများမှာ ငဝန်မြစ်၊ သက်ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြာမလော့မြစ်၊ ဧရာဝတီမြစ်၊ ဘိုကလေးမြစ်၊ ဖျာပုံမြစ်နှင့် တိုးမြစ်တို့သည် ထင်ရှားသော မြစ်မကြီးများဖြစ်ကြပြီး မြစ်အားလုံးသည် နောက်ဆုံး၌ တောင်ဘက်ရှိ ဘင်္ဂလားပင်လယ်အတွင်းသို့ စီးဆင်းသွားကြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် သုံးစုဝန်းကျင်က ဧရာဝတီတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်မှုသည် ယခုအချိန်လောက်ထိ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသဖြင့် တစ်နေရာနှင့်တစ်နေရာ၊ တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်သွားလာပါက ရေလမ်းခရီးကိုသာ အဓိကအားထားသွားလာခဲ့ကြရသည်။ သို့သော်လည်း လက်ရှိအချိန်တွင် မြို့တစ်မြို့နှင့် တစ်မြို့သာမက များစွာသောကျေးရွာများပင်လျှင် ကျေးရွာအချင်းချင်း လမ်းများချိတ်ဆက်သွားလာနိုင်သဖြင့် နေ့ရောညပါသွားလာရေးအတွက် လွယ်ကူချောမွေ့လျက်ရှိသည်။

ပုသိမ်ခရိုင်ဆည်မြောင်းဦးစီးဌာနသည် ခရိုင်အတွင်းရှိ အများပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များအတိုင်း ပုသိမ်ခရိုင်အတွင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပုသိမ်ခရိုင်အတွင်း နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည့် ရေကြီးနစ်မြုပ်မှုကို အလေးထား၍ ဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သည့် ၂၀၁၂ခုနှစ်တွင် ငဝန်မြစ်ရေလျှံမှုကြောင့် သာပေါင်းမြို့နယ်တွင် ထူးကဲရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းအပြင် ဒါးကမြစ်ရေလျှံမှုကြောင့် ကန်ကြီးထောင့်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့တွင်လည်း ထူးကဲရေကြီးမှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။

"ကျွန်တော်တို့ဘက်က ရေနက်ကွင်းတွေဆိုတော့ တစ်နှစ်ကို စပါးတစ်သီးပဲစိုက်ပျိုးခဲ့ကြရတယ်။ အခု ဒါးကမှာ တာတမံကြီးတစ်ခု တည်ဆောက်ပြီး ရေကိုထိန်းထားပေးတော့ ဒီနှစ် နှစ်သီးစိုက်နိုင်တယ်၊ ကျွန်တော်တို့ဘက်ကလယ်ဧက ၃၀၀၀ကျော်လောက် နှစ်စဉ်နှစ်သီးစိုက်ဖြစ်လာမှာပါ"ဟု ကျောင်းကုန်းမြို့နယ်အတွင်းရှိ လယ်သမားတစ်ဦးက ပြောပြသည်။

တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ယခင်က အတားအဆီးမရှိ လွတ်လပ်စွာစီးဆင်းနေသော မြစ်များ၊ ချောင်းများသည် အတားအဆီးများကို ဖြတ်သန်းစီးဆင်းရခြင်း၊ ရေနုတ်နိုင်သည့် ချောင်းမြောင်းများတိမ်ကောလာခြင်း၊ ချောင်းမြောင်းများအတွင်း နည်းမမှန်သည့် ငါးဖမ်းနည်းများဖြစ်သည့် ခြုံချ၍ ဗေဒါမွေးကာ ငါးဖမ်းခြင်း၊ နည်းလမ်းမမှန်သည့် ငါးဖမ်းကိရိယာများကို အသုံးပြု၍ ငါးဖမ်းခြင်း၊ မြစ်ချောင်းများအတွင်း စက်ရုံကြီးများ၏ စွန့်ပစ်ပစ္စည်းများစွာကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် မြစ်ကြမ်းပြင်မြင့်တက်မှုများ ပိုမိုများပြားလာကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။

ယင်းအပြင် မြစ်ညှာမှစီးဆင်းလာသည့် နုန်းအနည်အနှစ်များ ပို့ချမှုအားကောင်းလာခြင်းနှင့် အများပြည်သူများက မြစ်ချောင်းများအတွင်း အမှိုက်သရိုက်နှင့် အညစ်အကြေးစွန့်ပစ်မှုအားကောင်းခြင်းတို့ကြောင့်လည်း သောင်ဖြစ်ထွန်းမှုကို ပိုမိုအားကောင်းစေလာခဲ့သည်။

"ကျွန်တော်တို့ငယ်စဉ်တုန်းက ဒီချောင်းရေက နွေဆိုလူတစ်ရပ်လောက်အနက်ရှိတယ်။ ဒါပေမယ့် အခုရေကျချိန်ဆို ချောင်းထဲမှာ စက်လှေအစား ထော်လာဂျီတောင်မောင်းလို့ရတဲ့ အခြေအနေပါ၊ ဆည်မြောင်းက အခုလိုစက်တွေနဲ့ လာတူးပေးတော့ ချောင်းပိုနက်သွားတာ နွေဆိုစက်လှေတွေ ပြန်မောင်းလို့ရမယ်"ဟု တံဘူးချောင်းအတွင်း စက်လှေဖြင့် ကုန်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူ ဦးမျိုးကျော်က ပြောပြသည်။

"ဥတုရာသီတောကိုမှီ"ဟူသည့်ဆိုရိုးအတိုင်း ရခိုင်ရိုးမတောင်တန်းများတွင် သစ်တောပြုန်းတီးလာမှုကြောင့် သစ်ကြီးဝါးကြီးများနည်းပါးလာသဖြင့် ရာသီဥတုမမှန်ခြင်း၊ သစ်ကြီးဝါးကြီးများ မရှိတော့၍ မိုးရာသီတွင် မိုးသီးမိုးပေါက်များမှာ မြေသားများအပေါ် တိုက်ရိုက်ကျရောက်သဖြင့် အပေါ်ယံမြေလွှာများတိုက်စားခံရခြင်းကြောင့် မိုးရေနှင့်အတူ မြစ်ချောင်းများအတွင်း စီးဆင်းကာ နုန်းပို့ချမှု ပိုမိုဖြစ်ပေါ်လာစေခြင်းတို့ကြောင့် မြစ်ချောင်းများ၏ ကြမ်းပြင်များတစ်နှစ်ထက်နှစ် မြင့်တက်ကာတိမ်ကောမှုများပိုမိုဖြစ်ပေါ်စေသဖြင့် မြစ်ရေလျှံမှုများ တစ်ဆထက်တစ်ဆ ပိုမိုဖြစ်ပေါ်လာရခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်သူများကြုံတွေ့နေရသည့် ရေကြီးနစ်မြုပ်မှုလျော့ပါးရေးကို ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ပုသိမ်ခရိုင်အတွင်းတွင် ဆည်မြောင်းဦးစီးဌာနမှ တိမ်ကောနေသောချောင်းမြောင်းများကို ပြန်လည်တူးဖော်ခြင်း၊ တာတမံများ ပြုပြင်ခြင်း၊ ရေတံခါးများပြုပြင်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ယခုနှစ်ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်းတွင်ပြည်သူများ ဆက်သွယ်သွားလာနိုင်ရေးအတွက် စုစုပေါင်း အလျား ၁၆မိုင်ကျော်ရှိသည့် ဆက်သွယ်ရေးလမ်းတာ ငါးခု၊ စုစုပေါင်း အလျားအရှည် မိုင် ၇၅ မိုင်ကျော်ရှိသည့် တိမ်ကောနေသည့် ချောင်းမြောင်း ၃၀နှင့် ရေတံခါးတစ်ခုကို ပြုပြင်လုပ်ဆောင်နိုင်ခဲ့သည်။

ယင်းအပြင် ကျောင်းကုန်းမြို့နယ်အတွင်း၌ စုစုပေါင်းအလျားအရှည်မိုင် ၃၀ ကျော်ရှိသည့် တိမ်ကောနေသော ချောင်းမြောင်းများ အပါအဝင် လုပ်ငန်းစုစုပေါင်း ၁၁ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ပုသိမ်ခရိုင်ဆည်မြောင်းဌာနသည် ရေကြည်မြို့နယ်အတွင်း၌လည်း အလျား ၂၈ မိုင်ကျော်ရှိသည့်လုပ်ငန်း ၁၁ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နှစ်စဉ်ရေကြီးရေလျှံမှုဖြင့်ကြုံတွေ့နေရသည့် သာပေါင်းမြို့နယ်တွင်လည်း စုစုပေါင်းအလျား ၈မိုင်ကျော်ရှိသည့် ချောင်းများတူးဖော်ခြင်းလုပ်ငန်းနှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် စုစုပေါင်းအလျား ၄မိုင်ကျော်ရှိသည့် လုပ်ငန်းတစ်ခုကို အများပြည်သူတို့ သွားလာနေထိုင်ဆက်သွယ်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မိုးကာလဝင်ရောက်ခဲ့သဖြင့် ဆည်မြောင်းဌာန၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခေတ္တရပ်နားခဲ့ရသော်လည်း ပွင့်လင်းရာသီရောက်ရှိပါက ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ယင်းကဲ့သို့ ချောင်းမြောင်းများအား ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ရေစီးရေလာများကောင်းမွန်လာသဖြင့် ဒေသခံများအနေဖြင့် သွားလာနေထိုင်ရေး ကောင်းမွန်လာသကဲ့သို့ တောင်သူများ နွေစပါးစိုက်ပျိုးရာတွင်လည်း အောင်ရေရရှိရေးအတွက် အထောက်အကူများ ပိုမိုရရှိနိုင်မည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ အခြေခံအစားအစာဖြစ်သည့် ဆန်စပါးသည် တစ်နေ့ထက်တစ်နေ့ တိုးမြင့်လာသည့် လူဦးရေအတွက် အဓိကလိုအပ်သော စားရေရိက္ခာတစ်ခုဖြစ်သည်။ ဧရာဝတီသည် မြန်မာနိုင်ငံ၏ စပါးကျီတစ်ခုအဖြစ် တည်ရှိလျက်ရှိရာ ပြည်တွင်းလိုအပ်သောပမာဏအပြင် ပြည်ပပို့ကုန်အထိပါ တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ စိုက်ပျိုးမြေများအတွက် အဓိကလိုအပ်သော အောင်ရေရရှိရေးမှာလည်း အရေးကြီးသော အချက်တစ်ရပ်ပင်ဖြစ်သည်။ ပုသိမ်ခရိုင်ဆည်မြောင်းဦးစီးဌာနအနေဖြင့် မြို့နယ်များအတွင်း ရေကြီးရေလျှံမှုလျော့ပါးရေး၊ တောင်သူများကောင်းမွန်စွာ ဆန်စပါးစိုက်ပျိုးနိုင်ရေး၊ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် အထူးကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ချောင်းမြောင်းများအား ပြန်လည်တူးဖော်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် တောင်သူများ နွေစပါး စိုက်ပျိုးရာတွင်လည်း အောင်ရေရရှိရေးအတွက် အထောက်အကူများ ပိုမိုရရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)

(ရှမ်း/မြောက်)နယ်မြေအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အထူးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ အထူးပြုဆောင်ရွက်နိုင်ရန်အတွက် လားရှိုးမူးယစ်အထူးအဖွဲ့၊ တန့်ယန်းမူးယစ်အထူးအဖွဲ့၊ မူဆယ်မူးယစ်အထူးအဖွဲ့၊ ကွမ်းလုံအထူးမူးယစ်အဖွဲ့များသည် မူးယစ်ဆေးဝါးအန္တရာယ်ကို လျော့နည်းပပျောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ၂၀၁၂ခုနှစ်တွင် မူးယစ်ဆေးဝါး အမှုပေါင်း ၉၅၂မှု၊ တရားခံပေါင်း ၁၂၀၃ဦးတို့အား ဘိန်းဖြူ ၃၄ ဒသမ ၇၅ကီလို၊ ဘိန်းစိမ်း ၁၉ကီလို၊ ဘိန်းဆီခဲ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉သိန်း၊ ဖော့စဖော့ရစ်အက်စစ် ၁၂၀လီတာ၊ အက်ဖီဒရင်း ၅၁၈ ကီလို၊ အိုက်စ်(အခဲ) ၇၃ကီလို၊ အိုက်စ်(အရည်) ၂၇၄လီတာ၊ အက်ဆီတစ်အက်စစ် ၁၀ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၇၆ သိန်းတို့ကို ဖမ်းဆီးရမိသည်။

၂၀၁၃ခုနှစ် ဇူလိုင်လအထိ မူးယစ်ဆေးဝါး အမှုပေါင်း ၅၇၉မှု၊ တရားခံပေါင်း ၇၆၆ဦးတို့အား ဘိန်းဖြူ ၁၀ကီလို၊ ဘိန်းစိမ်း ၂၃၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်း၊ အိုက်စ် ၄ကီလို၊ ဒိုင်ရာစီပင်ထိုးဆေး ၁၉လီတာ၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၃၈ သိန်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

လောက်ကိုင်ခရိုင် မန်တုံပါးကျေးရွာမှ အိုက်စ်ချက်စက်ရုံ တစ်ရုံ၊ လားရှိုးခရိုင် သိန္နီမြို့နယ် နားတီးအုပ်စု မန်လင်ကျေးရွာတွင် ဘိန်းဖြူချက်စက်ရုံ တစ်ရုံတို့ကို မူးယစ်ဆေးဝါး/ စိတ်ပြောင်းဆေးဝါး/ ဓာတုအစပြုကုန်ကြမ်းများ ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

နှစ်အလိုက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း ခရိုင်အလိုက် ဘိန်းခင်းများ ဖျက်ဆီးနိုင်မှုမှာ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီတွင် လားရှိုးခရိုင်၁၈၁၀ ဒသမ ၂၁ဧက၊ ၂၀၁၂-၂၀၁၃ ဘိန်းစိုက်ရာသီတွင် ၈၄၄ ဒသမ ၇ဧက၊ ကျောက်မဲခရိုင်တွင် ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီတွင် ၁၇၅ ဒသမ ၁၅ ဧက၊ ၂၀၁၂-၂၀၁၃ ဘိန်းစိုက်ရာသီတွင် ၂၀ ဒသမ ၃ ဧကနှင့် မူဆယ်ခရိုင်တွင် ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီတွင် ၄၈၂ ဒသမ ၉ ဧက၊ ၂၀၁၂-၂၀၁၃ ဘိန်းစိုက်ရာသီတွင် ၄၁၅ ဒသမ ၁၄ ဧကတို့ ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ထိုဘိန်းခင်းဖျက်ဆီးနိုင်မှုနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၁၃ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုလျော့နည်းလာသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေများအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်မအောင်မြင်သေးသော်လည်း ထိုက်သင့်သောအောင်မြင်မှုများ ရရှိနိုင်ပြီဟု ခန့်မှန်းနိုင်ပါသည်။

ပညာပေးခြင်းများအနေဖြင့် ကျောင်းသားလူငယ်များ၊ ရပ်ကွက်/ကျေးရွာရှိ ပြည်သူလူထုများ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းနှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေများတွင် ၂၀၁၂ခုနှစ်က ၁၉၆ကြိမ်၊ အင်အား ၁၂၁၆၈ဦး၊ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ အကြိမ် ၈၀၊ အင်အား ၈၈၇၁ဦးတို့ကို အသိပညာပေးနိုင်ခဲ့သည်။

မူးယစ်ဆေးစွဲလူနာများအား ဆေးဖြတ်ကုသပေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး ပြည်နယ်စိတ်ကျန်းမာရေးအထူးကုဌာနမှ ၂၀၁၂ခုနှစ်တွင် ဆေးဖြတ်ကုသလူနာ ၁၄၄ဦး၊ မက်သဒုံးအစားထိုးသောက်သုံးသူ ၄၂၆ဦး၊ ၂၀၁၃ခုနှစ် ဇူလိုင်လအထိ ဆေးဖြတ်ကုသလူနာ ၁၄၃ဦးတို့အား ဆေးဖြတ်ကုသပေးနိုင်ကြောင်းသိရှိရသည်။

ဘိန်းအစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မည့်အနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေများအတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို လောက်ကိုင်ခရိုင် မန်တုံပါးကျေးရွာနှင့် ရန်လုံကျိုင်းကျေးရွာ၊ လားရှိုးခရိုင် မန်မတ်ကျေးရွာ၊ ကျောက်မဲခရိုင် အားရန်ကျေးရွာနှင့် လောကျိန်းကျေးရွာ၊ မူဆယ်ခရိုင် ကောင်းခါး၊ တာမိုးညဲနှင့် ပန်ဆေးကျေးရွာတို့တွင် အစားထိုးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံထားကြောင်းကို လားရှိုးမြို့မူးယစ်အထူးအဖွဲ့ ဒုရဲမှူးရဲနိုင်ထံက သိရှိရသည်။

ခရိုင်(ပြန်/ဆက်)



ကရင်ပြည်နယ်

သံတောင် - တောင်စခန်းမြို့

သံတောင်ကြီးမြို့နယ်သည် ကရင်ပြည်နယ် ဘားအံခရိုင်တွင်ပါဝင်ပြီး မြို့နယ်ရုံးစိုက်ရာ သံတောင်- တောင်စခန်း (သံတောင်ကြီးမြို့)သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၈၂၄ ပေ) တွင်တည်ရှိပြီး တောင်ကုန်းတောင်တန်း၊ လျှိုမြောင်များထူထပ်ပေါများသောဒေသဖြစ်သည်။ ပင်လယ်ရေမျက်နှာ ပြင်အထက်အမြင့် ပေ ၂၄၀ မှ ပေ ၅၀၀၀ အထိ မြင့်မားသော တောင်ထိပ်များရှိကာ မြို့နယ်အတွင်း ချောင်းများသည် ကုန်းမြင့်ကို အခြေခံ၍ အရှေ့မှအနောက်မြောက်သို့ စီးဆင်းလျက်ရှိပါသည်။ အမြင့်ဆုံး တောင်ထိပ်သည် သံတောင်ကြီး မြို့ရှိ နော်ဘူဘောတောင်ထိပ်ဖြစ်ပြီး ရာသီဥတု ကောင်းမွန်သောအချိန်များ၌ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ လာရောက်အပန်းဖြေခြင်းဖြင့် စည်ကားလျက်ရှိပါသည်။

သံတောင်ကြီးမြို့နယ်၏အရှေ့ဘက်တွင် ဖရူးဆိုးမြို့နယ်နှင့် ဖားဆောင်းမြို့နယ်၊ အနောက်ဘက်တွင် ထန်းတပင်မြို့နယ်၊ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်၊ တောင်ဘက်တွင် ကျောက်ကြီးမြို့နယ်နှင့် ဖာပွန်မြို့နယ်၊ မြောက်ဘက်တွင် ပျဉ်းမနားမြို့နယ်၊ ဖယ်ခုံမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။

သံတောင်ကြီးဒေသနေပြည်သူများ၏အဓိကအသက်မွေးဝမ်းကျောင်းမှုမှာ ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်ပင်လုပ်ငန်းဖြစ်သည်။ ဖာလာ၊ တညင်း၊ ကွမ်း၊ လက်ဖက်၊ ကော်ဖီ၊ ဒူးရင်း၊ ငှက်ပျော၊ ရော်ဘာ စသည့်သီးပင်များမှာ အဓိကအားထားရသည်။

သံတောင်ကြီးဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသေးမီကာလက ရွာပုန်းရွာရှောင်များရှိခဲ့ခြင်း၊ လုပ်ကိုင်စားသောက်မှု ခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမှာ နိမ့်ကျခဲ့ရပါသည်။

နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် သံတောင်ကြီးဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၏ ရလဒ်ကောင်းများကို ပြည်သူများ လက်တွေ့အကျိုးခံစားခွင့် ရလာခဲ့သည်။

၂၀၁၂ ခုနှစ် မေလအတွင်း ကေအင်န်ယူ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်အား ကရင်ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးရှင်းလင်းပွဲကို သံတောင်ကြီးမြို့နယ် ဘောဂလိမြို့တွင် တစ်ကြိမ်နှင့် ရွှေညောင်ပင်ကျေးရွာတွင်တစ်ကြိမ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပွင့်လင်းမြင်သာစွာဖြင့် မေးမြန်းဆွေးနွေးနိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် ဖာလာရာသီအစတွင် အခွံလွတ်အခြောက်တစ်ပိဿာ ငွေကျပ် ၂၅၀၀၀ ဈေးရပြီး အခွံခြောက်တစ်ပိဿာ ငွေကျပ် ၁၅၀၀၀မှ ၁၈၀၀၀သို့ ဈေးကောင်းရခြင်းကြောင့် ဒေသနေပြည်သူများ ဝမ်းသာပီတိဖြစ်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် သံတောင်ကြီးဒေသ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို တောင်ငူမြို့ တောင်ငူ-သံတောင် ဘွဲ့မိုဘ္ဘာသာသနာပိုင်နယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအေဝင်းမြင့်၊ သံတောင်ကြီးဒေသ ကေအင်န်ယူကိုယ်စားလှယ်များ၊ သာသနာရေးဆိုင်ရာ ဆရာတော်များ၊ ရပ်မိရပ်ဖများနှင့် သံတောင်ကြီးမြို့နယ်ရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သံတောင်ကြီးဒေသအတွင်း တစ်နေ့ထက် တစ်နေ့ ပိုမိုတည်ငြိမ် အေးချမ်းလာသည်နှင့်အမျှ ဒေသနေပြည်သူများအနေဖြင့်လည်း ငြိမ်းချမ်းခြင်း၏အကျိုးရလဒ်အသီးအပွင့်များကို ရရှိခံစားကြရမည်မှာမလွဲဧကန်ပင်ဖြစ်သည်။

ကိုတီ (သံတောင်)

ချင်းပြည်နယ်

ဖလမ်းမြို့ကိုအဓိကလျှပ်စစ်မီးပေးနေသည့် ငဆစ်ဗားရေအားလျှပ်စစ်

ချင်းပြည်နယ် ဖလမ်းမြို့ကို အဓိကလျှပ်စစ်ဓာတ်အားပေးနေသော ငဆစ်ဗားရေအားလျှပ်စစ်သည် ဖလမ်းမြို့၏ အရှေ့ဘက် ၁၂ မိုင်အကွာတွင် တည်ရှိပြီး ၁၁-၁၂-၁၉၈၆ ခုနှစ်တွင်စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ငဆစ်ဗားရေအားလျှပ်စစ်သည် ငဆစ်ချောင်းရေကိုပိတ်ဆို့ကာ ဆောင်ရွက်ထားသည်။ ငဆစ်ဗားဆည်သည် ရေဖမ်းဧရိယာ ၂၅ စတုရန်းမိုင်ရှိပြီး ရေစီးနှုန်း ၁၉ ဖိပါစက္ကန့်ရှိကာ ဩစတြေးလျနည်းပညာသုံး Frencis Turbine အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဖလမ်းမြို့တစ်မြို့လုံးကို လျှပ်စစ်ဓာတ်အား အပြည့်ပေးနိုင်ရန်အတွက် ၅၀၀ကီလိုဝပ် နှစ်လုံးတပ်ဆင်ထားသော်လည်း တစ်လုံးပျက်နေကြောင်း သိရသည်။ နောက်ထပ် အသစ်တစ်လုံး တိုးချဲ့ဆောင်ရွက်နေပြီး အားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား ၁ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကာ ဖလမ်းမြို့ ဌာနဆိုင်ရာ အားလုံးနှင့် ရပ်ကွက်အားလုံးကို လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငဆစ်ဗားရေအားလျှပ်စစ်သည် ဖလမ်းမြို့ပေါ်နှင့် ပါရိသဲကျေးရွာ၊ လုံဘမ်းကျေးရွာ၊ ကြောင်ဟင်းကျေးရွာ၊ ဇာမွှာရ်ကျေးရွာ၊ ကြောင်သဲကျေးရွာ၊ လိုင်ဇိုးကျေးရွာ၊ လုံပီးကျေးရွာ၊ ထာနီးယားကျေးရွာ၊ တာရွှန်းကျေးရွာတို့ကို လျှပ်စစ်မီးပေးနေကြောင်း သိရသည်။

သျှင်နေမင်း

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးဒေသနှင့် ချင်းတောင်ထွက်ကြက်သွန်များ အိန္ဒိယဘက်မှ အဝယ်လိုက်နေ

မြန်မာ-အိန္ဒိယနယ်စပ် တမူးနန်းဖာလုံ ဈေးကြီးထဲတွင် ယခုရက်ပိုင်းမှစတင်၍ ကလေးဒေသနှင့် ချင်းတောင်ထွက်ကြက်သွန်များ၊ အိန္ဒိယနယ်ဘက်မှ ကြက်သွန်များ အဝယ်လိုက်လျက်ရှိရာ နေ့စဉ် ကြက်သွန်ပိဿာချိန် ထောင်ချီ၊ သောင်းချီဝယ်ယူနေကြောင်း သိရသည်။

ကြက်သွန်များ အရောင်းအဝယ်ပြုလုပ်နေကြရာတွင် ကလေးဒေသနှင့်ချင်းတောင်ဒေသထွက် ကြက်သွန်များသာမက မုံရွာ၊ ပခုက္ကူ၊ မန္တလေးဒေသထွက် ကြက်သွန်များကိုပါ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။

"ကလေးဒေသနဲ့ချင်းတောင်ထွက်ကြက်သွန်များကို ချင်းတွင်းမြစ်အထက်ပိုင်းကိုသာမက မုံရွာ၊ မန္တလေးမြို့များကိုပါ ပိဿာချိန်သောင်းချီပြီး တင်ပို့ပေးနေရပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်တွင်လည်း သုံးလေးနှစ်တစ်ကြိမ်ဆိုသလို ကြက်သွန်ဈေးကဖြစ်ထွန်းပါတယ်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူက အိန္ဒိယလူမျိုးတွေအတွက် မရှိမဖြစ် ဟင်းချက်ပစ္စည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အိန္ဒိယလူမျိုးတွေက ကြက်သွန်ကို နှစ်ပတ်လည်လုံးသုံးစွဲနိုင်ရန် စုဆောင်းထားကြပါတယ်" ဟု ကြက်သွန်ပွဲရုံ ပိုင်ရှင်တစ်ဦးက ပြောပြသည်။

ယခုရက်ပိုင်း မြန်မာ-အိန္ဒိယနယ်စပ် နန်း ဖာလုံဈေးတွင် ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၈၅၀ ဈေးရှိနေပြီး အလုံးသေးလျှင် ငွေကျပ် ၆၀၀မှ ၆၅၀ ဈေးပေါက်နေကြောင်း သိရသည်။

သျှင်နေမင်း

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ အတုလမဟာမြကျောက်၊ လေးထပ်စာသင်ဆောင် ကျောင်းတိုက်အတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက တရုတ်နိုင်ငံ ပီကင်းယန်အဖွဲ့အစည်း၊ မလေးရှားနိုင်ငံ မလက္ကာပြည်နယ် ဗုဒ္ဓဘာသာ အဖွဲ့အစည်းမှ အရှင်ရှိကောင်ယန်နှင့် တပည့်ဒါယိကာမများ၊ တရုတ်(တိုင်ပေ)မြို့ ဇောဓိစာကြည့်တိုက်ကော်မတီမှ အရှင်ရှိတိသျှုံနှင့် တပည့်ဒါယိကာမများ စုပေါင်း၍ သံဃာတော်အပါး ၅၀၀ ကျော်အား ဆွမ်းဆက်ကပ်လှူဒါန်း·····။ အောင်ကျော်ထွန်း (ပုသိမ်ကြီး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလုံးငွေရင်းခွဲဝေချထား

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရည်ရွယ်ချက်များဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျပ်သိန်းပေါင်း ၆၀၀ ကျော် ခွဲဝေချထားသုံးစွဲခွင့် ပြုခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေကျပ်သန်းတစ်ထောင်မှ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကုက္ကိုကုန်းကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ မှီခိုပညာသင်ယူနေရသော ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် (ကျား/မ) ဘော်ဒါဆောင်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၇၀၊ တောင်တွင်းကြီး- နေပြည်တော် လမ်းပေါ်ရှိ ကင်ပွန်းတောင် ကျေးရွာအုပ်စု ငါးခုံးမ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၈၁ သိန်း၊ တည်တော (၁)ကျေးရွာအုပ်စု၊ စစ်တိုင်းချောင်းပေါ်ရှိ ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၄၈၈၅၀၀၀ စုစုပေါင်းငွေကျပ် ၂၉၉၈၅၀၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြားရန်ပုံငွေ (ဆိုင်ကယ်လိုင်စင်ကြေး)မှ တောင်တွင်းကြီးမြို့နယ် ဟင်ရော်ကျေးရွာအုပ်စု မထီ-စံပြ တွဲဖက်အလယ်တန်းကျောင်း (၃၀×၂၀×၈)ပေအုတ်ခင်း၊ ထရံကာ၊ သွပ်မိုးခြင်းလုပ်ငန်းအတွက် ငွေကျပ် ၅၀ ဒသမ ၇၁ သိန်း၊ ချင်းသပြေပင်ကျေးရွာ မူလတန်းလွန် ကျောင်းဆောင်သစ်ပေ (၆၀×၃၀)၊ ထရံကာ၊ အုတ်ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၀သိန်း၊ ကန်စု-ငွေးတောက်ကုန်း-ဆတ်သွားလမ်းရှိ (၄×၅×၁၆) ပေ အုတ်ရိုးခံကွန်ကရစ်တံတား တည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ကုက္ကိုခွကျေးရွာအုပ်စု ဂျုတ်ကုန်းကျေးရွာ လမ်းပေ ၁၀၀၀ ကျောက်ခင်း၊ မြေနီခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၆၉ သိန်း၊ ကြက်လျှာကျေးရွာအုပ်စု၊ သရက်ကုန်း-ရေပြည့်လမ်းပေါ်ရှိ (၅×၇×၁၆)ပေ အုတ်ခုံတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း၂၀၊ ကန်လှကန်ကျေးရွာအုပ်စု ကန်လှကန်-ညောင်ဝန်းလမ်းပေါ်ရှိ မနော့မိချောင်း ရေပိုလွှဲပြုပြင်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၃၀၊ ပန်းတောငယ်-ကြိတ်ပုတီး ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၆၀၊ အုန်းတော (၂)ရပ်ကွက်၊ အမှတ် (၁၄၀)အခြေခံပညာမူလတန်းကျောင်း သောက်သုံးရေကန်နှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းအတွက် ငွေကျပ် ၁၀ သိန်း၊ ရေထွက်ကြီးကျေးရွာ အဝီစိတွင်းတူးဖော်ခြင်းနှင့် အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းအတွက် ငွေကျပ်သိန်း ၄၀၊ ကုလားမ-ကျောင်းတောင် ကျေးရွာချင်းဆက်လမ်းတွင် တံတားတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ် ၃၁၁၇၁၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အခြားရန်ပုံငွေမှ ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။ တောင်တွင်းကြီးမြို့နယ်အနေဖြင့် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၆၁၁၅၆၀၀၀ ခွဲဝေချထားရရှိခဲ့ပြီး အဆိုပါလုပ်ငန်းများကို ကော်မတီအသီးသီးမှ စနစ်တကျ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး

ဗိုလ်ပြည့်(တောင်တွင်းကြီး)

မကွေးတိုင်းဒေသကြီး

ကုန်းဇောင်းထွက် ဆန်ဈေးကွက်အရောင်းသွက်

မကွေးဆန်ဈေးကွက်တွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှစိုက်ပျိုးသော 'မနော်'နှင့် 'ဧရာပဒေသာ' ဆန်အမျိုးအစားကိုလူကြိုက်များ၍ ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးသော ကျေးရွာများတွင် နယုန်လ၊ ဝါဆိုလများ၌ စပါးစိုက်ပျိုးကြပြီး တန်ဆောင်မုန်းလ ရောက်ရင် ဆန်သစ်ပေါ်၍ ဈေးကွက်တင်လေ့ရှိသည်။

နယုန်လ နွေစပါးအထွက်နှုန်းသည် ရာသီဥတုကောင်းမွန်လာခြင်း၊ ဆည်ရေသောက် အပြည့်အဝရရှိခြင်းတို့ကြောင့် ယခင်နှစ်များကထက် ပို၍ကောင်းလာခဲ့သည်။ ဈေးကွက်တွင် ဆန်အရည်အသွေးကိုလည်း လူကြိုက်များသောကြောင့် အဝယ်လိုက်လျက်ရှိပြီး တစ်ပြည်ကောက်ဈေးနှုန်းမှာ မနော်ဆန် ငွေကျပ် ၁၀၀၀၊ ဧရာပဒေသာ ငွေကျပ် ၁၂၀၀ ဈေးပေါက်ကြောင်း၊ ယခင်နှစ်များထက် ပြည်ကောက်နှုန်း ငွေကျပ် ၁၀၀ ပို၍ ဈေးရလာကြောင်း သိရသည်။ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှ ဒေသခံ ဆန်စက် ပိုင်ရှင်တစ်ဦးက "မနော်ဆန်ထက် ဧရာပဒေသာက ပိုပြီးအချက်ခံတယ်။ ဆန်ရိုးဆန်သားလည်း ပိုကောင်းတယ်။ မကွေး၊ ရေနံချောင်းမြို့တွေဆီကို အဓိကဖြန့်ပါတယ်။ အခုဆိုရင် ဈေးကွက် တောင်းဆိုမှုအရ တခြားဒေသတွေအပြင် ရန်ကုန်(ဘုရင့် နောင်ကုန်စည်ဒိုင် ဧရိယာ)အထိပါ တင်ပို့ရောင်းချနေပါပြီ" ဟု ပြောပြသည်။

ယခုအခါ ကုန်းဇောင်းကျေးရွာ၌ စပါးစိုက်ပျိုးခြင်းကို အဓိကအားထားပြီး နေ့စဉ် စပါးကြိတ်စက်ကြီးငါးလုံးဖြင့် လည်ပတ်လျက် မြန်မာပြည်အနှံ့ ဖြန့်ချိတင်ပို့လျက်ရှိကြောင်း သိရသည်။

ကျော်စွာ(မကွေး)

Date - 29 September
Kick-off - 02:30
Venue - Bernabeu (Madrid)

REAL MADRID Vs ATLETICO MADRID

Team	League	Cup	Spain Super Cup	EuropeanCup	UEFA Cup	Cup Winner's Cup	UEFA Super Cup	Intercontinental Cup	Club World Cup	Total
ရီးရဲမက်ဒရစ်	၃၂	၁၈	၉	၉	၂	-	၁	၃	-	၇၄
အက်သလက်	၉	၁၀	၁	-	၂	၁	၂	၁	-	၂၆

PREDICTED TEAM

အိုဇေးလ်မရှိသော်လည်း အစ္စကို၊ ဒီမာရီယာ၊ ရော်နယ်ဒို၊ဘင်ဇီမာတို့၏ တိုက်စစ်ဇုန်သည် တစ်ပွဲထက်တစ်ပွဲ တည်ငြိမ်မှုရှိလာသလို ဂိုးသွင်းခြေလည်း ပို၍ ကောင်းမွန်မှုရှိလာကာ လာလီဂါ၌ ဒုတိယ ဂိုးသွင်းအကောင်းဆုံးဖြစ်နေသည်။

KEY PLAYER

ရော်နယ်ဒို(တောင်ပံတိုက်စစ်မှူး)

ယခုနှစ်ရာသီလာလီဂါပွဲကစားမှု - ၅ပွဲ
ယခုနှစ်ရာသီလာလီဂါသွင်းဂိုး - ၄ဂိုး
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး - ၃၃၁ဂိုး
လာလီဂါ စုစုပေါင်းသွင်းဂိုး - ၁၅၀ဂိုး
ရီးရဲမက်ဒရစ်အတွက် စုစုပေါင်းပွဲကစားမှု - ၂၀၅ပွဲ
ရီးရဲမက်ဒရစ်အတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး - ၂၀၈ဂိုး

PREDICTED TEAM

ဖယ်ကာအိုကို ဆုံးရှုံးရထားသော်လည်း ဒေးဗစ်ဗီလာ၊ ကော်စတာတို့ခြေစွမ်းပြနေ၍ ဂိုးသွင်းအားကောင်းနေကာ လာလီဂါတွင် ဒုတိယဂိုးသွင်းအား အကောင်းဆုံးအသင်း အဖြစ်ပင် ၁၆ဂိုးနှင့် ရပ်တည်နေနိုင်သည်။

KEY PLAYER

ဒေးဗစ်ဗီလာ(ဗဟိုတိုက်စစ်မှူး)

ယခုနှစ်ရာသီ လာလီဂါပွဲကစားမှု - ၄ပွဲ
ယခုနှစ်ရာသီ လာလီဂါသွင်းဂိုး - ၂ဂိုး
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး - ၂၈၅ဂိုး
လာလီဂါ စုစုပေါင်းသွင်းဂိုး - ၂၁၀ဂိုး
အက်သလက်အတွက် စုစုပေါင်းပွဲကစားမှု - ၄ပွဲ
အက်သလက်အတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး - ၃ဂိုး

Carlo Ancelotti Record Vs Atletico Madrid

၂ပွဲ နိုင်ပွဲ ၁ပွဲ သရေပွဲ ၁ပွဲ ရှုံးပွဲ ၀ပွဲ ရဂိုး ၆ဂိုး ပေးဂိုး ၂ဂိုး

Diego Simeone Record Vs Real Madrid

၈ပွဲ နိုင်ပွဲ ၁ပွဲ သရေပွဲ ၀ပွဲ ရှုံးပွဲ ၇ပွဲ ရဂိုး ၇ဂိုး ပေးဂိုး ၁၉ဂိုး

စပိန်လာလီဂါ ပွဲစဉ်(၇)

Prediction-3-1

ဗယ်လာဒိုလစ်	-	မာလာဂါ	နံနက် ၁း၃၀	(၂၈-၉-၂၀၁၃)
ဗလင်စီယာ	-	ဗယ်လီကာနို	ည ၈း၃၀	(၂၈-၉-၂၀၁၃)
အယ်မာရီယာ	-	ဘာစီလိုနာ	ည ၁၀း၃၀	(၂၈-၉-၂၀၁၃)
ဆိုစီဒက်	-	ဆီဗီလာ	ည၁၀း၃၀	(၂၉-၉-၂၀၁၃)
ရီးရဲ	-	အက်သလက်	နံနက် ၂း၃၀	(၂၉-၉-၂၀၁၃)
အိုဆာစူနာ	-	လီဗန်တေး	ညနေ ၄း၃၀	(၂၉-၉-၂၀၁၃)
ဆယ်တာဗီဂို	-	အယ်လ်ချီ	ည ၉း၃၀	(၂၉-၉-၂၀၁၃)
အက်စ်ပန်ညို	-	ဂီတာဖေး	ည ၁၁း၃၀	(၂၉-၉-၂၀၁၃)
ဘက်တစ်	-	ဗီလာရီးရဲ	နံနက်၁း၃၀	(၃၀-၉-၂၀၁၃)
ဂရန်နာဒါ	-	ဘီလ်ဘာအို	နံနက် ၂း၃၀	(၁-၁၀-၂၀၁၃)

ရီးရဲ ၂-၀ အက်သလက် (၂-၁၂-၁၂)(လာလီဂါ)

ထိုပွဲတွင် အက်သလက်သည် ရီးရဲအား ထိန်းချုပ်နိုင်မှု မရှိပေ။ ၁၆ မိနစ်တွင် ရော်နယ်ဒိုက ရီးရဲအတွက် အဖွင့်ဂိုးသွင်းယူမှုကို ပြန်လည်ချေပနိုင်ခြင်းမရှိသည့်အပြင် ၆၆မိနစ်၌ ရော်နယ်ဒို၏ ပေးပို့မှုမှပင် အိုဇေးလ်က ရီးရဲအတွက် ဒုတိယဂိုးသွင်းယူခဲ့၍ အက်သလက်တို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရီးရဲ ၄-၁ အက်သလက် (၂၇-၁၁-၁၁)(လာလီဂါ)

ထိုပွဲတွင် အက်သလက်သည် ပို၍ပင် မယှဉ်နိုင်ခဲ့ပေ။ ၁၅မိနစ်၌ အက်ဒရီယန်က အဖွင့်ဂိုးရယူပေးသော်လည်း ၂၄၊၄၉၊၆၅၊၈၂မိနစ်တို့တွင် ရော်နယ်ဒို၊ ဟီဂွာအင်၊ ဒီမာရီယာတို့က ရီးရဲအတွက် ဂိုးများသွင်းခဲ့သလို အက်သလက်မှ ကော့တွိုက်စ်နှင့် ဂိုဒင်တို့လည်း အထုတ် ခံခဲ့ရသည်။

ရီးရဲ ၃-၁ အက်သလက် (၁၄-၁-၁၁)(စပိန်ဘုရင့်)

ထိုပွဲတွင်လည်း ဖော်လန်က အဖွင့်ဂိုးသွင်းနိုင်ခဲ့သည့်တိုင် အက်သလက်သည် အနိုင်ဂိုးအား မထိန်းနိုင်ဘဲ ၁၄၊၆၁၊၈၈မိနစ်တို့တွင် ရာမို့စ်၊ရော်နယ်ဒို၊ အိုဇေးလ်တို့က ရီးရဲအတွက် ဂိုးများပြန်လည်သွင်းယူခဲ့၍ အက်သလက်တို့ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရီးရဲ ၂-၀ အက်သလက် (၈-၁၁-၁၀) (လာလီဂါ)

ထိုပွဲတွင်လည်း အက်သလက်သည် ရီးရဲအား မယှဉ်နိုင်ပေ။ ၁၃မိနစ်တွင် ကာဗယ်ဟိုနှင့် ၁၉မိနစ်တွင် အိုဇေးလ်တို့က ရီးရဲအတွက် ဂိုးများသွင်းယူခဲ့ခြင်းကို အက်သလက်တို့ ပွဲပြီးသည်အထိ မချေပနိုင်ဘဲ ထပ်မံ၍ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြန်သည်။

ရီးရဲ ၃-၂ အက်သလက် (၂၉-၃-၁၀)(လာလီဂါ)

၁၀မိနစ်တွင် ရေးယက်စ်က အက်သလက်အတွက် အဖွင့်ဂိုးသွင်းခဲ့သော်လည်း ၄၉၊၅၅၊၆၂ တို့တွင် အလွန်ဆို၊ အဘီလိုအာနှင့် ဟီဂွာအင်တို့က ရီးရဲအတွက် သုံးဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ၆၈ မိနစ်တွင်ပယ်နယ်တီမှ ဖော်လန်က ပြန်ချေခဲ့သော်လည်း ရီးရဲကသာ ၃-၂ဖြင့် နိုင်ခဲ့ပြန်သည်။

ဆီးဂိမ်းအကြိုလှေလှော်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလှေလှော်အဖွဲ့ ပြင်ဆင်

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

ဆီးဂိမ်းပြိုင်ပွဲအကြို အာဆီယံ ဖိတ်ခေါ်လှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်တွင် နေပြည်တော်ရှိ ငလိုက်ဆည်တွင် ကျင်းပသွားမည်ဖြစ်သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေ၊ အနောက်တိုင်းလှေနှင့် ကနူး၊ ကယက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ယခုဆီးဂိမ်းအကြိုပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲတစ်ခုတည်းကိုသာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်း၊ ကမ္ဘောဒီးယားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မီတာ ၁၀၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ အမျိုးသား ၁၀တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး ၅တက်လှော်ပြိုင်ပွဲ၊ အမျိုးသား ၅တက် လှော်ပြိုင်ပွဲ၊ အမျိုးသမီး အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ စုစုပေါင်း ခြောက်မျိုးပါဝင်မည်ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၉၆ ဦးကို ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ရိုးရာလှေအဖွဲ့မှာ မြန်မာလှေလှော်အဖွဲ့တွင် ရွှေတံဆိပ်ရယူနိုင် ရန်အင်အား အကောင်းဆုံးအဖွဲ့ဖြစ်ပြီး အနောက်တိုင်း လှေနှင့်ကနူး၊ ကယက်တို့တွင် အောင်မြင်မှုရရှိရေးအတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့ရိုးရာလှေလှော်အဖွဲ့ လေ့ကျင့်နေစဉ်